www.burmeseclassic.com



www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- **ပြည်ပ**အားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- **နိုင်ငံတော်** တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကိုနှောင့် ယှက်ဖျက်ဆီး **သူများ**အားဆန့်ကျင်ကြ။
- **နိုင်ငံတော်**၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုး တက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com


စာမူခွင့်ပြုချက်အမှတ်
၅၀၀၄၆၈၀၄၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၂၆၉၀၆၁၁

**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ပထမအကြိမ် ၂၀၁၁ ခုနှစ်
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

ယောက်ပျား/ နီကိုရဲ။ -ရန်ကုန်၊ ၈၉၅.၈၃
ကြောင်နှစ်ကောင်စာပေ၊ ၂၀၁၁။
၁၆၁ -စာ (၁)ယောက်ပျား


www.burmeseclassic.com

www.burmeseclassic.com

## အခန်း ➤ တစ်

# မိန္ဒါရှင် တိမ်ပေါ်ထိမတက်နိုင်သူ

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘရာစီယာ တစ်ထည်"

"ဘာရယ်. . . ဘရာစီယာတစ်ထည် ဟုတ်လား"

"လန့်လိုက်တာ မိထက်ရာ၊ ဒါ. . . အော်စရာလားဟ"

"ဩ. . . နင်ပြောတော့ လုံချည်အင်္ကျီတစ်စုံစာ ငါဝယ်ပေးရမှာဆို၊ ဒါဆို ဘရာစီယာရောပါတာပေါ့"

"အကုန်ပါတယ်ဟ၊ အတွင်းခံစကပ်ရော၊ ဒေါက်ဖိနပ်အထိ ခြေဆုံးခေါင်းဆုံးပဲ"

"အေးလေ. . . ထားပါတော့၊ ဘရာစီယာ ဘာအရောင်လဲ"

"ငြိမ်းချမ်းရေး. . . အပြာရောင်"

'ဒေါက်'ကနဲအသံ။ သူ့ဦးခေါင်းထိပ်မှာ ထူပူသွားသည်။ မိထက် လက်သံတော်တော်ပြင်းပါလား။ သူ စိတ်မဆိုးရဲပါ။





"မှတ်ထား. . . ဘရာစီယာဆိုတာ အပြာရောင်မရှိဘူး"

ဩော်. . . ကိုယ်က ယောက်ျားလေးဆိုတော့လည်း ဘယ်သိမှာလဲ။ သူပြောသမျှပေါ့လေ။

"ဒါဆို အဖြူရောင်၊ ဖြူစင်ခြင်းပေါ့ဟာ"

"ဟုတ်ပြီလေ size က. . ."

"ဘာဆိုဒ်လဲဟ၊ ဘာကိုပြောတာလဲ"

"ဒုံးဝေးပါ့ရဲဝေရယ်၊ size ဆိုတာ အရွယ်အစားကိုပြောတာ"

သူ တွေသွားသည်။ ဦးခေါင်းကို တစ်ချက်ကုတ်လိုက်သည်။

"အကြီးဆုံးကိုရွေးဝယ်လို့ မရဘူးလားဟာ၊ ချောင်ရင်လည်း သူ့ဘာသာ အပ်နဲ့သီချုပ်လို့ရတာပေါ့"

'ကျွတ်'ကနဲ စုပ်သပ်ကာ မိထက်ခေါင်းရမ်းသည်။ ပုံစံက တကယ့်ကို စိတ်မရှည်တော့သည့်ပုံစံ. . .။ သူနည်းနည်းလန့်သွားသည်။

"နေဦး မိထက်၊ ခဏလေး. . . ခဏလေး"

သူ မျက်မှောင်ကျုံ့သွားသည်။ သူ့လက်နှစ်ဖက် ရှေ့ထွက်လာသည်။ ပြီးတော့ ဘယ်ဘက်လက်မထိပ်နှင့် ညာဘက်လက်မထိပ်၊ ဘယ်လက် လက်ညှိုးထိပ်နှင့် ညာလက်လက်ညှိုးထိပ်ချင်းထိလိုက်ကာ စက်ဝိုင်းပုံ အရွယ်အစားလုပ်ပြသည်။ အရွယ်အစားခန့်မှန်းပြသည့်ပုံစံက မိထက် မျက်နှာရှေ့မှာ. . .။

"ဒီလောက်လားမသိပါဘူးဟာ၊ အဲဒါကျတော့လေ. . . ဟိုလေဟာ . . ."

'ဒေါက်'ကနဲ အခေါက်ခံလိုက်ရပြန်သည်။ ဒီတစ်ခါ ခေါက်ချက်ပိုပြင်းသည်။ ခေါင်းတစ်ခုလုံး ထူပူထုံကျင်သွားသည်။ နီကိုကမှ သူ့

www.burmeseclassic.com



အသားအရေက ခပ်ပါးပါးရယ်။

"ငါ့မျက်နှာရှေ့မှာ အရှက်မရှိ အဲလိုကြီးလာလုပ်ပြနေရလား ကောင်စုတ်ရဲ့ . . . ဟွန်း . . . နင်ဟာလေ . . ."

ခေါင်းလည်းပူ မျက်နှာလည်းပူသည်။ သူမိထက်ကို ဘာဆက်ပြောရမည်မသိတော့။ ဇီးစေ့မျက်နှာနှင့် သူ့ပုံကိုကြည့်ကာ မိထက်တရုဏာသက်သွားဟန်ရှိသည်။ သူ့ကို မျက်မှောင်ကြုံ့ကြည့်ရင်း သူမ ခေါင်းတဆတ်ဆတ်ရှိနေ၏။

"နင့်ကောင်မလေးက ငါနဲ့သိလား ရဲဝေ"

"ဟာ . . . ငါ့ကောင်မလေး မဟုတ်ပါဘူးဟ"

"ဒါဆို နင်က သူ့ကိုကြိုက်နေတာပေ့ါ"

"မကြိုက်ပါဘူး၊ ငါက ဘာလို့ကြိုက်ရမှာလဲ"

"ရဲဝေနော်"

"မိထက် ဒေါသတကြီးအော်လိုက်သည်။ သူ လန့်သွား၏။ ခါးထောက်လျက် အသက်ပြင်းပြင်းရှူထုတ်သံ၊ ဒေါသယှက်မျက်ဝန်းများ သူ တပြိုင်တည်း ရင်ဆိုင်လိုက်ရသည်။ သူ့အဖြစ်က ရှင်းပြဖို့လည်း ခပ်ခက်ခက်။ တကယ့်ကို အူကြောင်ကြောင်အနေအထား။

"မိထက် စိတ်လျှော့ . . . စိတ်လျှော့ပါ၊ ငါ့ကို နားလည်ပေးပါ၊ နင်သဘောပေါက်အောင် ငါရှင်းမပြတတ်လို့ပါ၊ ဒီလိုပါ ဒီလိုလေ၊ ဟာ . . . အတ္တဟာ . . . အတ္တလေ၊ ဟိုဥစ္စာ . . . အဲ . . . နေဦး . . . ဒီ . . . ဒီလိုဟာ . . ."

"ငါ . . . အဲဒီကောင်မလေးကို မကြိုက်ပါဘူး၊ ပုံစံက ဂျစ်တစ်တစ်နဲ့၊ ငါရယ်မဟုတ်ဘူး၊ သူ့ကို ဘယ်ယောက်ျားလေးမှလည်း မကြိုက်



BURMESE CLASSIC .com



နိုင်ဘူး၊ ငါ့ဆန္ဒက အဲဒီကောင်မလေးကို ငါ မွေးနေ့လက်ဆောင်ပေ[illegible] မလို့၊ အဲဒါ အဖြူရောင်ရင်စေ့ခေါ်မလား၊ လက်ရှည်အကျီလေး၊ နော[illegible] မိန်းမဆန်တဲ့ ချိတ်ထမီလိုလုံချည်မျိုးလေး၊ ခေါင်းမှာ နှင်းဆီပန်းသေး[illegible] သေးလေးပန်လို့၊ အဲလို ဝတ်ထားတာလေး သူ့ကို ငါမြင်ချင်တာ၊ အဲဒါ[illegible] အဲဒီဆန္ဒကြောင့် ငါ သူ့ကို ထမီအကျီတစ်စုံစာ လက်ဆောင်ပေးမလို့[illegible] ငါက ယောက်ျားလေးဆိုတော့ မဝယ်တတ်လို့ နင့်ကိုဝယ်ခိုင်းတာ၊ အဲဒ[illegible] ပဲလေ"

"ဒါဆိုလည်း ထမီနဲ့အကျီပဲပြောပေ့ါ၊ ဘယ်က ဘရာစီယာတွေ[illegible] စကပ်တွေ၊ ဒေါက်ဖိနပ်တွေ ပါလာရတာလဲ"

"သူ့မှာ ဘရာစီယာလည်းမရှိဘူး၊ စကပ်လည်းမရှိဘူး၊ ဒေါက်[illegible] ဖိနပ်လည်းမရှိဘူးဟ၊ သြော် . . . မိထက် . . . နှုတ်ခမ်းနီရော၊ မိတ်တ[illegible] ရော ထည့်ဝယ်ပေးဟာ"

မိထက် ဘာမှမပြော၊ ခေါင်းထဲမှာ calculator ဂဏန်းပေါင်[illegible] စက် တဒေါက်ဒေါက်နှိပ်နေခြင်းပဲဖြစ်လိမ့်မည်။

"နှစ်သောင်းခွဲတော့ အောက်ထစ်ပဲရဲဝေ . . . နင့်မှာရှိရဲ့လား[illegible]"

သူ မျက်လုံးပြူးသွားသည်။ ဘုရား . . . ဘုရား . . . မိန်းကလေ[illegible] တစ်ယောက်ရဲ့ အကျီအသုံးအဆောင်တွေက အဲလောက်ဈေးကြီးသလာ[illegible] ဆတ်ဆော့မိတာမှားပြီလားမသိ။

"ငါ့မှာ နှစ်သောင်းနှစ်ထောင်တော့ရှိတယ်ဟ၊ လိုတာ [illegible] ခဏစိုက်ထားပေးဟာ၊ လကုန်လို့ လခထုတ်ရင် ငါပြန်ဆပ်ပါ့မ[illegible] မိထက်ရာ . . . နော်"



www.burmeseclassic.com

www.burmeseclassic.com



မိထက်၏မျက်စောင်းနှင့်အတူ နှုတ်ခမ်းလေးမဲ့သွားခြင်းပါ ပူးတွဲအဆစ်ရလိုက်သည်။

"နေပါဦး. . . နင်က ဘယ်ကောင်မလေးကိုပေးမှာမို့လို့လဲ"

"သူ. . . အဲ. . . အဲ. . . မိသူ. . . မိုးချိမ့်သူ"

သူ့အဖြေကြောင့် မိထက် မျက်လုံးပြူးသွားသည်။ နှုတ်ခမ်းလေး ဝလုံးလေးလိုဝိုင်းသွားသည်။ လက်ညှိုးထိုးတန့်ရပ်၊ ပါးစပ်အဟောင်းသား မှင်သက်ငေးကြောင်၊ အံ့သြတုန်လှုပ်သွားရာမှ. . .။ နောက် ပြုံးသွားသောနှုတ်ခမ်းဟာဟ။ မိထက်၏ နီစွေးစွေးချိုချဉ်မျက်နှာ. . .။ ဤသည်တို့၏နောက်ဆုံးမှာတော့ မျက်ဝန်းနှစ်ခုပိတ်သွားအောင် ဟက်ဟက် ပက်ပက် ရယ်ချလိုက်သော မိထက်၏. . . မိထက်၏ နှစ်နှစ်ပျော်ပျော် ရယ်သံအောက်မှာ နဂိုကမှ သေးကွေးရသော သူ့ခန္ဓာကိုယ်သည် အဝေးသို့ ပစ်လွှတ်လိုက်သော လောက်စာလုံးတစ်လုံးနှယ် လွင့်သွားပြီထင်၏။

"ဟား. . . ဟား. . . ဟား. . . ဟား. . . ရယ်ရတယ်။ ဒီကနေ့ ကြားရတဲ့ဟာသတွေထဲမှာ ဒီဟာသအရယ်ရဆုံးပဲ ရဲဝေရယ်၊ နင်ကတော့ ဟာသပဲ. . . ဟား. . . ဟား. . . ဟား. . ."

အူကြောင်ကြောင်နှင့်ပင် သူသည် မိထက်အား ခြေကာလက် ကာ ပျာပျာသလဲ ရှင်းပြ ဖြောင့်ချက်ပေးနေဆဲ. . .။

"မဟုတ်ဘူး မိထက်၊ ငါ ဟာသပြောနေတာမဟုတ်ဘူး. . .၊ တကယ် တကယ်ပြောနေတာမိထက်ရဲ့၊ ဒါ ဟာသမဟုတ်ဘူးဟ"

အရယ်က တော်တော်နှင့်အတောမသတ်။ ဖွံ့ထွားမှုနုံနဲ့သော သူ့ရင်ဘတ်ကလေးကိုပင် လက်ကလေးနှင့်ဖိလိုက်သေးသည်။





"ရယ်ရတယ်၊ လူကြားလို့မှမတော်၊ မိန်းမလိုမနေလို့မှ သူတိုယ်သူ ခါးအထက်ပိုင်း ရာဘာကြက်ပေါင်ပြားကြီးပတ်ထားတဲ့ ယောက်ျား လျာကိုမှ မောင်မင်းကြီးသားက ဘရာစီယာနဲ့ဒေါက်ဖိနပ်နဲ့ ဝတ်ဖို့ လက်ဆောင်ဝယ်ပေးမလို့တဲ့၊ ဟား ဟား ဟား ရဲဝေ၊ နင် ဆေးတော့မှန်မှန် သောက်ပါတယ်နော်"

"သောက်ပါတယ်ဟ၊ ဟာ. . . နင်ကလည်း ဟာသမဟုတ်ပါဘူး၊ ငါ တကယ်ပြောတာဟ၊ ဒါဆို နင်ခန့်မှန်းဝယ်လို့ရပြီမဟုတ်လား မိထက်"

မိထက် မျက်နှာတည်သွားသော်လည်း မျက်နှာပိုးမလျှော့။

"ကောင်းပြီလေ. . . ငါဝယ်ပေးမယ်၊ နင့်အတွက် ပတ်တီးရော ဝွမ်းရော လိမ်းဆေးရောပါ ငါထည့်ပေးလိုက်မယ်၊ ဟုတ်ပြီလား"

ယောင်ပြီးခေါင်းညိတ်လိုက်သော သူ့ကိုကြည့်လျက် ထက်ထက်နိုင် မရယ်ဖြစ်တော့။ ရဲဝေက သည်လိုပါပဲ။ အူကြောင်ကြောင်နှင့် မှန်သည်ထင်လျှင် ခေါင်းမာသည့်သူ။ တားလို့လည်းရမည့်သူမဟုတ်။ သည်တော့လည်း သူ့အတွက် သွေးထွက်သံယိုမဖြစ်ပါစေနှင့်ဟုပဲ ဆုတောင်းရုံသာရှိတော့သည်။ သေူဆိုသည့် မိုးချိမ့်သူက သူမတို့လို နုနုနွဲ့နွဲ့ မဟုတ်။ သူ့ကို စိန်ခေါ်လာလို့ကတော့ ဒေါင်းတင်မောင်းတင်ရင်ဆိုင်ပစ်သည့်မိုက်ကန်းကန်းယောက်ျားလျာ။ ဤသို့ ယောက်ျားစိတ်ပေါက်နေသော သေူ့ကိုမှ လက်ဆောင်ဆိုပြီး မိန်းမပစ္စည်းတွေ ပေးမလို့တဲ့လေ။ ရဲဝေနှင့် သေူက ဘယ်လိုပဲ ပခုံးဖက်ပြီးတွဲနေကျဖြစ်ပါစေ၊ သေူ့ကို အဲလို သွားလုပ်လို့ကတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



မြေကြီးကို လက်နှင့်ပုတ်လျှင်သော်မှ လွဲဦးမည်။ သေူ၏ မိုက်ကန်းကန်းလက်သီးတစ်ချက်တော့ ရဲဝေ အထိုးခံရတော့မည်က အသေအချာ။

* * *





'ခွပ်'ကနဲ မြည်သွားသည်လား၊ 'ဒုတ်'ကနဲ မြည်သွားသည်လားမသိ။ နှုတ်ခမ်းတစ်ခုလုံး ထူပူဖျဉ်းစပ်သွားကာ ခန္ဓာကိုယ်က နောက်ဘက်တောင် နည်းနည်းလန်သွားသည့်အဖြစ်။ သူ ထောင်းကနဲဒေါသဖြစ်သွားသည်။ တုန့်ပြန်ဖို့ အလိုလိုပဲ လက်သီးနှစ်ဘက်က ကျစ်လျစ်ဆုပ်လိုက်မိသည်။ ဒါပေမယ့် နီစွေးဒေါသသွေးမျက်နှာနုနု၊ စိန်းဖန့်မျက်ခုံးအစုံ၊ နဂါးမျက်လုံးလေးအစုံ၊ ဒါတွေကိုမြင်တော့ သူ စိတ်ထိန်းလိုက်မိ၏။

"ဘာလဲ ငရဲ၊ မကျေနပ်ဘူးလား၊ ခမ်းမွန်-ဖိုက်တင်း . . . လာလေကွာ၊ လုပ်လိုက်စမ်းပါ၊ ပုဝါမကူရေမရှုကြေး . . . ဟော့ကောင်"

'ကျွတ်'ခနဲ စုပ်သပ်လိုက်ရင်း သူ ခေါင်းတစ်ချက်ယမ်းလိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆုပ်ထားသောလက်ချောင်းတွေ ပြေလျော့ဖြည်ဆန့်သွားသည်။ သူသည် မိုးချိမ့်သူကို သေချာစူးစူးကြည့်နေမိ၏။ မိုးချိမ့်သူကို ကောက်ကြောင်းပျော့ညွတ်တွေနှင့် ယမင်းရုပ်လေးလို အာရုံမှာ ပုံဖော်မြင်ကြည့်သည်။ ကြိုးစားမြင်ကြည့်သော်လည်း ဘယ်လိုမှ အာရုံမရအောင် ရှုသိုးသိုးဂျစ်တစ်တစ် မိုက်ကန်းကန်းပုံက မျက်စိရှေ့မှာ ဆီးကာနေသည်။ စိတ်ကူးနဲ့တောင် မြင်လို့မရအောင် နင့်ပုံစံက သဘာဝကို ကန့်လန့်ကြီး ဖြစ်နေပါလား မိသူရေ. . .။

"ဘာလဲ. . . သွေးကြောင်သွားပြီလား၊ မင်း ယောကျ်ားမဟုတ်ဘူးလား ငရဲ၊ လာလေကွာ၊ တစ်ပွဲတစ်လမ်း လက်သီးချင်းယှဉ်လိုက်ရအောင်. . . ခမ်းမွန်း ငရဲ"

ဘယ်ယောကျ်ားမှ မိန်းကလေးတစ်ယောက်နဲ့ လက်သီးချင်းယှဉ်မထိုးဘူးမိသူ။ သည်စကားကို ရင်ထဲမှာပဲပြောလိုက်သည်။ သူ့အကြည့်က ခပ်လှမ်းလှမ်းမှ သူ့လက်ဆောင် လက်ဆွဲစက္ကူအိတ်ကလေးဆီ တစ်လှည့်ရောက်သွားသည်။

"အဲဒီ ငါ့လက်ဆောင်ကို နင်လက်ခံရမယ် မိသူ"

"ဘာ. . . ဟော့ကောင် ငရဲ၊ အပြောအဆို ချက်ချင်းပြင်စမ်း၊ ငါ့ကို အဲလိုအသုံးအနှုန်းတွေနဲ့ မပြောနဲ့ဟော့ကောင်၊ ငါ့ဒေါသကို လာမဆွနဲ့၊ မင်းပေးတဲ့ပစ္စည်းတွေက ငါအမုန်းဆုံးဟာတွေ၊ ငါနဲ့ ဘာမှမဆိုင်တဲ့ဟာတွေကွ၊ မင်း ဘာအချိုးချိုးတာလဲ ငရဲ"

မိုးချိမ့်သူ တော်တော်ဒေါသထွက်နေသည်။ လက်သီးနှစ်ဖက်ဆုပ်ကာ အံကြိတ်လျက် သူ့ကိုကြည့်နေသည်။ သူနားလည်လိုက်ပါသည်။ သည်အချိန်မှာ သူအတင်းအကြပ်ကိုင်တွယ်လိုက်ပါက ပိုဆိုးသွားမည်။





မိုးချိမ့်သူကိုအချိုသပ်ကာ အနိုင်ယူဖို့ သူတွေးလိုက်မိသည်။ သူ့ခေါင်းထဲမှာ အလင်းသဲ့သဲ့လက်သွားသည်။ သူပြုံးလိုက်မိ၏။

"အေးလေ. . . မင်းလက်မခံတော့လည်း လောလောဆယ် ငါမပေးသေးပါဘူး။ ပြီးတော့မှ မင်းနဲ့ငါ လက်ရုံးချင်းယှဉ်ပြီး ဒီကိစ္စဆုံးဖြတ်တာပေါ့။ ယောကျ်ားဆိုတာ စိန်ခေါ်ရင် တိမ်ပေါ်ထိတက်ရဲရတယ် သေ့ူ"

"ဟား. . . သိပ်ကြိုက်တာပေါ့ ငရဲရာ၊ ငါဆိုတဲ့ကောင်က စိန်ခေါ်ဖို့ ပါးစပ်ဟလိုက်တာနဲ့ တိမ်ပေါ်ကိုခုန်ပြီးသားကောင်ကွ၊ အေး. . . မင်းစိန်ခေါ်တာက ယောကျ်ားတစ်ယောက်လုပ်လို့ရတဲ့ အလုပ်မျိုးပဲဖြစ်ရမယ်၊ မိန်းမလိုမိန်းမရမဖြစ်ရဘူး ငရဲ"

"အေးပါကွာ၊ မင်းစကားကိုမှတ်ထားပါ။ ယောကျ်ားတစ်ယောက်ပဲ လုပ်လို့ရတဲ့အလုပ်မျိုး ငါစိန်ခေါ်မှာပါ"

ပြောပြီးနောက် သူရယ်သည်။ နှုတ်ခမ်းမှာ ဖျဉ်းစပ်နေသည်။ သွားဖုံးထောင့်မှာ ချိုမြင်ကျိုသည့်အရသာကို သတိပြုမိလိုက်သည်။ လက်ခုံနှင့် နှုတ်ခမ်းထောင့်မှ သွေးစီးကြောင်းကို သုတ်ဖယ်ပစ်လိုက်သည်။ အပြုံးမပျက်ကြေးပေါ့ မိုးချိမ့်သူ။

"ယောကျ်ားဆိုတာ မြင့်မြတ်တဲ့စိတ်ထားမျိုးရှိရတယ် သေ့ူ၊ အဲဒီစိတ်ထားမျိုး မင်းမှာရှိတယ်ဆိုရင် မင်း လွှင့်ပစ်လိုက်တဲ့ အဲဒီအိတ် ငါ့ကို ပြန်ကောက်ပေး သေ့ူ၊ ငါပြန်လက်ခံမယ်"

မျက်နှာတည်တည် စကားတည်တည်သူဆိုတော့ မိုးချိမ့် ပခုံးတွန့်သည်။ နှုတ်ခမ်းမဲ့သည်။ ပြီးတော့ သူလွှင့်ပစ်ခဲ့သော စက္ကူလက်ဆွဲအိတ်ကို သွားကောက်ကာ ရဲဝေလက်သို့ အပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအကျီတွေထမီတွေက ငါနဲ့မဆိုင်ဘူး ငရဲ၊ နောက်ကို ဒီလို ပြစ်မှုမျိုးမကျူးလွန်ပါနဲ့၊ မင်းနဲ့ငါက ငယ်ကတည်းကတွဲလာတဲ့ သူငယ်ချင်းမို့ မင်းကို ငါ ဒီတစ်ခါ ခွင့်လွှတ်လိုက်မယ်၊ မင်းနေရာမှာ တခြားသူသာဆို အမှုနဲ့ဖြစ်သွားပြီ၊ နားလည်လား"

သူ ငြိမ်နေလိုက်သည်။ မင်းကို ငါ အချိုသပ်နေတာပါ မိုးချိမ့်၊ ငါကလည်း ခေါင်းမာတဲ့ကောင်ပါ၊ ဒီအချိန်မှာတော့ မင်းပြောသမျှ ငါ သည်းခံနေလိုက်မယ်၊ တွေးရင်းနှင့် သူ့နှုတ်ခမ်းတွေပြုံးသွားသည်။ ပိုပြီး ပြုံးချင်စရာကောင်းသည်မှာ မိုးချိမ့်၏ 'ငှေ'ကနဲ လေကြို့သံကြောင့် ဖြစ်သည်။ လုပ်ကြံလေပြိုသံကြီးက သိသာနေသည်။

"အား. . . ငရဲရေ၊ နေညိုတော့ လေပြိုပြီကွာ၊ ကဲ. . . မင်းနဲ့ငါ ရွှေဘုန်းကို လိမ့်ကြရအောင် ငရဲ"

နှစ်ဦးသား လျှောက်ခဲ့ကြသည်။ ရုံဖန်ရုံခါပင် နေရီညိုယမ့ကာ စီးမြောမှုမှာ နှစ်ဦးသား လက်တွဲညီခဲ့ကြသည်က လေးနှစ်ကျော်ခဲ့ပြီ။ မိုးချိမ့်သည် သည်ပွဲမှာ အနိုင်ပိုင်းခဲ့ပြီဟု ထင်နေပုံရသည်။ ဒါပေမယ့် သူကလည်း ခေါင်းမာသည့်လူစား၊ သူက ဖြစ်နိုင်သည့်အရာဆိုလျှင် သူဖြစ်ချင်တာတစ်ခုကို မဖြစ်မနေလုပ်တတ်သည့်သူ. . .၊ မိုးချိမ့်ကို သူ မည်သို့စိန်ခေါ်ပါမည်နည်း။ သည်လိုနှင့် ရှေ့မှာ သူတို့ ရိဝေစီးမြောနေကျ ရွှေဘုန်း၏စားသောက်ဆိုင်လေးကို လှမ်းမြင်နေရပြီ။

* * *





"နေစမ်းပါဦး ငရဲရာ၊ အဲဒီမိန်းမပစ္စည်းတွေ ငါ့ကို လက်ဆောင်ပေးရမယ်ဆိုတဲ့အတွေးကို မင်းကို ဘယ်အစုတ်ပလုပ်မက မြှောက်ပေးလိုက်လို့လဲ၊ ငဖောင်ရိုးမ မိထက်လား"

"ဘယ်သူ့ပယောဂမှမပါဘူး ငသူ၊ အဲဒါ ငါ့ဆန္ဒသက်သက်ပဲ၊ အဲဒီဆန္ဒ ငါ့မှာရှိတာကြာပြီ၊ ငါ မင်းကို ဒီလို သဘာဝကန့်လန့်ပုံစံကြီးနဲ့ ဘယ်လိုမှကြည့်လို့မရဘူး၊ မင်းကို မိန်းကလေးတစ်ယောက်လို အကျီလက်ရှည်လေးနဲ့ ထမီနဲ့၊ ဒေါက်ဖိနပ်နဲ့ နှင်းဆီပွင့်လေးခေါင်းမှာပန်ပြီး ငြိမ်ငြိမ်လေးထိုင်နေတာလေး ငါမြင်ချင်တာ၊ တစ်ခြား ဘာမှမရည်ရွယ်ဘူး၊ အဲလိုမြင်ချင်တာတစ်ခုပဲ ငသူ"

"ငရဲ"

မိုးချိမ့် ဒေါသတကြီးအော်သည်။ သူမျှော်လင့်ပြီးသားပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းကွာ၊ ဆက်မပြောနဲ့ ငရဲ၊ မင်းကွာ. . . တောက်"

မိုးချိမ့်၏ဒေါသမျက်လုံးတွေသည် သူ့ထိုင်ခုံဘေးမှ စက္ကူအိတ်ကြီးပေါ်သို့ စူးရောက်သွား၏။

"ဟော့ကောင် ငရဲ၊ မင်းရဲ့ အဲဒီအိတ်ကြီးကို ခုချက်ချင်း မြောင်းထဲချပစ်လိုက်၊ ငါပြောနေတယ် ငရဲ"

သူသည် တည်တည်စူးစူးနှင့် မိုးချိမ့်ကိုကြည့်လိုက်သည်။

"ပစ်လို့မဖြစ်သေးဘူး သေူ၊ မင်းနဲ့ငါ ယောက်ျားချင်းယှဉ်ရမယ့်ပွဲ ဒီကအပြန် ကျောက်လမ်းပေါ်မှာလုပ်မယ်၊ မင်းပြောသလို ယောက်ျားတစ်ယောက်ပဲလုပ်လို့ရတဲ့အလုပ်မျိုး ငါစိန်ခေါ်မယ်"

"ဟား. . . သိပ်ကြိုက်တာပေါ့ကွာ၊ မင်းလည်းယောက်ျား၊ ငါလည်းယောက်ျား စွမ်းမယ်ဆိုစိန်လိုက်စမ်း ငရဲ၊ ပြီးမှ သွေးမကြောင်နဲ့"

"နေဦး. . . သေူ၊ အခုစိန်ခေါ်ပွဲက အဲဒီအလုပ်ဟာ ယောက်ျားတွေလုပ်လို့ရတဲ့အလုပ်ဖြစ်တယ်၊ ရှုံးရင်လည်း ဒေါသမဖြစ်ကြေး၊ ငါရှုံးရင် ဟောဒီအိတ်ကြီး မြောင်းထဲကို မင်းရှေ့မှာနှစ်ပစ်မယ်၊ မင်းရှုံးရင် ဟောဒီအိတ်ကြီး မင်းယူသွားရမယ်။ ဘယ်သူ့မှပေးမပစ်ရ၊ မဖျက်ဆီး မပျောက်ပျက်ရဘူး၊ မင်း အမြဲတမ်းသိမ်းထားရမယ်၊ ယောက်ျားဆိုတာ ကတိတည်ရတယ် သေူ"

"စကားရှည်တယ် ငရဲရာ၊ ငါဆိုတဲ့ကောင်က Do (or) Die ပဲ၊ ရှင်းလိုက်တော့ကွာ၊ ပြန်ကြမယ် ငရဲ"

"ယောက်ျားဆိုတာ ဒီလိုမှပေါ့ကွ၊ မင်း သတ္တိကိုတော့ ကြိုက်သွားပြီ သေူ"





"စိန်လိုက်စမ်း ငရဲ၊ သေူတို့က စိန်ခေါ်ရင် တိမ်ပေါ်ကိုခုန်တက်ပြီးသားကွ၊ သွေးမကြောင်ဘူး၊ သွေးရဲတယ်၊ မိုက်တယ်ကွ"

အဲဒါသည် သူအမျှော်လင့်ဆုံးစကား ဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းငွေ့သက်စ သစ္စာလမ်းမကြီးက လူရှင်းနေသည်။ အချိန်က ညဆယ်နာရီ သုံးဆယ့်ငါးမိနစ်ပဲရှိသေးသည်။ နှင်းမှုန်ကျဲကျဲ ရိုက်စ မာကျူရီမီးတိုင်ခြေမှာ သူက စက္ကူလက်ဆွဲအိတ်ကြီးကို ခဏချ ထားလိုက်သည်။ သူသည် ပုဆိုးကိုပြင်ဝတ်လိုက်၏။

"ဆိုင်မှာတုန်းက မင်းကို ရှူးရှူးမပေါက်ဘဲ အောင့်ထားဖို့ ငါ ပြောခဲ့တယ်မဟုတ်လား ငသူ၊ အခု စိန်ခေါ်ပွဲမှာ ရှူးရှူးကအဓိကပဲကွ"

"ဟား ဟား ဟား ဟား နှုတ်လိုက်တာငရဲရာ၊ ဒီမှာ ငသူတို့က အမြဲတမ်းဆီးကောင်းတဲ့ကောင်ကွ၊ ဆီး ဘယ်သူများလဲဆိုတာ ပြိုင်မလို့ မဟုတ်လား ငရဲ"

"မဟုတ်ဘူး ငသူ၊ ယောက်ျားဆိုတာ သတ္တိရှိတယ်၊ မိုက်ရဲတယ်၊





ဟောဒီမီးတိုင်အောက်က ကျောက်လမ်းပေါ်မှာ မင်းနဲ့ငါနဲ့ ဝလုံးရေ လုံးကြီးတင် ဝိဆိုတဲ့စာလုံးကို မတ်တပ်ရပ်ရှူးရှူးပေါက်ပြီး ရှူးရှူးနဲ့ရေးမယ ဘယ်သူ့ဝလုံးက ပိုဝိုင်းလဲဆိုတာပြိုင်မယ် ငသူ"

"ဘာ. . . ဘာပြောတယ်. . . ငရဲ"

မိုးချိမ့် ဆတ်ကနဲတုန်သွားသည်။ သူ မသိဟန်ဆောင်နေလိုက် ၏။

"ဒါ ယောက်ျားတစ်ယောက်လုပ်လို့ရတဲ့အလုပ်ပဲ ငသူ၊ မင်း လည်း ယောက်ျားပဲ၊ လုပ်နိုင်ပါတယ်ကွ၊ ဒီမှာ ငသူ၊ ငါဆိုတဲ့ကောင်တ ဖောင်တိန်ကို လက်နှစ်ဖက်နဲ့ကိုင်ပြီး ဝလုံးရေးတဲ့နေရာမှာ သိပ်တော် တဲ့ကောင်ကွ"

မိုးချိမ့်သည် ဒေါသမျက်လုံးတွေနှင့် စားတော့မတတ် သူ့ကို ကြည့်နေသည်။ မိုးချိမ့် ဒုက္ခရောက်နေပြီ။ သူ့မှာ ဘယ်ဖောင်တိန်တို့မှ လက်နှစ်ဖက်နဲ့ကိုင်ပြီး ဝလုံးမရေးခဲ့ဘူးတာပဲ၊ ကိုယ့်ဆရာစဉ်းစားကြည့် 'ဝ'မရှိပဲ 'ဝိ'လုပ်လို့မှမရတာလေ။

"တောက်၊ ဒါ မင်းညစ်တာပဲ ငရဲ"

မိုးချိမ့် ဒါပဲပြောနိုင်သည်။ ယောက်ျားတစ်ယောက်လုပ်နိုင် သည့် အလုပ်ဆိုသည့်စကားကလည်း ချည်ပြီးတုပ်ပြီးသား၊ မိုးချိမ့် ဘယ် လိုမှလုပ်လို့မရတော့ပါ။ သူ့ကိုကြည့်နေသော မိုးချိမ့်၏ မီးတောက်မျက် လုံးတွေက ချက်ချင်းပဲ လောင်ကျွမ်းပြာကျသွားစေလောက်သည်။ မိုး ချိမ့်၏နှုတ်ခမ်းထက်မှ ယတိပြတ်စကားတို့ ပွင့်ကျလာသည်။

"ငါ အရှုံးပေးတယ်ငရဲ၊ မင်းဘာသာ ဆီးပုံးကွဲအောင်ပေါက်ပြီး သာ နေခဲ့ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



မီးတိုင်ခြေရင်းမှ သူ့လက်ဆောင်စက္ကူအိတ်ကြီးကို မိုးချိမ့် ဆတ်တနဲကောက်ယူလိုက်သည်။ မျက်ဝန်းမှာ ဒေါသမျက်ရည်စတို့ ဝေ့သီနေ၏။

"ယောက်ျားဆိုတာ ဒီလို ကတိတည်မှပေါ့ကွာ၊ လေးစားတယ်သူ"

"ကတိအတိုင်း ဒီပစ္စည်းတွေကို ငါသိမ်းထားပေးမယ်၊ ဒါပေမယ့် ဒါကြီးတွေဝတ်ပြီး မင်းမြင်ချင်တဲ့ပုံစံကိုတော့ ငါ့ကို မင်း ဘယ်တော့မှ မြင်စေရဘူးဆိုတာ မြဲမြဲမှတ်ထား ငရဲ"

ပြောပြီးနောက် စက္ကူအိတ်ကြီးဆွဲလျက် မိုးချိမ့်ထွက်သွားသည်။

မိုးချိမ့်နောက်သို့ သူ အလျင်အမြန်ပြေးလိုက်သွားရသည်။ မိုးချိမ့်အား မိုးချုပ်သည့်ညတိုင်း အိမ်အရောက်ပြန်လိုက်ပို့ပေးရမည်ဟူသောကတိက မိုးချိမ့်မိဘတွေကို ပေးထားခဲ့သည်မဟုတ်လား။

ခြေသံကြောင့် မိုးချိမ့် တုန့်ကနဲရပ်ကာ သူ့ကိုကြည့်သည်။

"မလိုက်ခဲ့နဲ့တော့ ဟေ့ကောင်၊ မင်းမျက်နှာကို ငါမကြည့်ချင်ဘူး၊ မင်းလည်း ငါ့ဆီမလာနဲ့၊ ငါလည်း မင်းဆီမလာတော့ဘူး ငရဲဒါပဲ"

"အိုး. . . စိတ်မကောင်းလိုက်တာကွာ၊ ဟား ဟား ဟား ဟား"

ညဦးယံကို ခွဲချေပစ်လိုက်သော သူ့ရယ်သံကြောင့် အိပ်ပျော်သစ်ရွက်တို့ မျက်လုံးတွေပွင့်လှုပ်ပြူးကျယ်သွားလေသည်။

■





## အခန်း ➤ နှစ်

## မုန့်ပြားကို စက္ကူကပ်ပါလို့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို. . . အမေမြ၊ မိုးချိမ့် မင်္ဂလာဆောင်တော့မလို့ ဟုတ်လား"

"ဟယ်လို. . . ဟယ်လို. . . ဟုတ်တယ် ရဲဝေ၊ ငါလည်း ဒီကိစ္စ ဘယ်လိုမှပြောမရဘူးဖြစ်နေတယ်၊ အဲဒါကြောင့် မင်းကို လှမ်းခေါ်တာ"

ကျားသားမိုးကြိုး၊ မိုးချိမ့် မင်္ဂလာဆောင်တော့မည်ဆိုပါလား။ သူ ဘယ်လိုမှထင်မှတ်မထားသောကိစ္စ၊ မိုးချိမ့်အမေ ဒေါ်မြနှစ်ကိုယ်တိုင် ဖုန်းဆက်ပြောနေ၍သာ ယုံရသည်။ အင်းပေါ့လေ၊ သူ့ဟာလေးနဲ့သူ တင့်တင့်တည်တည်လေးဖြစ်သွားတော့လည်း ကိုယ်တောင် အထိန်းရ သက်သာသေး၊ သည်ကိစ္စသာတကယ်ဆိုပါလျှင် ကိုယ်လည်း ဝန်ထုပ် ဝန်ပိုးတစ်ခုလျော့သွားပြီ၊ ဒါပေမယ့် သူ့ရင်ထဲမှာ တစ်ခုခုလစ်ဟာသွား





သလိုပင်၊ သေချာတော့ သူမပြောတတ်ပါ။

"သူ့ကောင်လေးကရော တည်တည်တံ့တံ့ရှိရဲ့လား၊ ဘယ်က တဲ့လဲ"

"အင်. . . ဟယ်လို. . . ဟယ်လို. . . ဘယ်ကသူ့ကောင်လေး ရ မှာလဲ၊ ကောင်မလေးဟဲ့ ရဲဝေရဲ့၊ ဘုရားလမ်းကတဲ့၊ ဝတ်မှုံတဲ့၊ သူ့ ကောင်မလေးကို မင်းလည်းသိတယ်ဆို"

"ဗျာ"

သူ အမေမြကို ဘာဆက်ပြောရမည်ပင်မသိတော့။ သဘာဝ ကန့်လန့်တို့ကတော့ လုပ်ချလိုက်ပြန်ချေပြီ။

"ဟယ်လို. . . ဟယ်လို. . . အဲဒါ ငါ ဘာဆက်လုပ်ရမှန်းမသိ ဘူး ရဲဝေ၊ သူတို့ ချစ်သူဖြစ်နေတာကြာပြီတဲ့၊ ခဏခဏလည်း ချိန်းတွေ့ မိကြတယ်အမေ. . . တဲ့၊ ချိန်းတွေ့တိုင်းလည်း ရဲဝေပါပါတယ်. . . တဲ့၊ ကန်တော့ပါသားရယ်။ အခု သူ ဝတ်မှုံကို မယူလို့မရတော့ဘူးတဲ့၊ ဝတ်မှုံ မှာ အဲ. . . အဲတော့ ဘယ်လိုပြောရမှန်းတောင်မသိဘူး၊ အဲ ဝတ်မှုံမှာ အခု ကိုယ်ဝန်ရှိနေပြီ. . . တဲ့"

"ဗျာ"

မိုးချိမ့်ကို သူ့နှုတ်မှ တစ်တစ်ခွခွ မဆဲရေးမိစေဘို့ မနည်းချုပ် တည်းလိုက်ရသည်။ ဒေါ်မြနှစ်က ယောကျ်ားနှင့်အကြောင်းပါလို့သာ ရန်ကုန်မှာ ရပ်တည်ရသူ၊ ပင်ကိုယ်စရိုက် ရိုးအ,မှုက ယခုတိုင်မပျောက်။ ဖုန်းပြောသည်ကိုပဲကြည့်၊ သူ့ကို ဖုန်းပြောပုံသင်ပေးသည့်သူက ဖုန်းစ ပြောပြောချင်း၊ ဟယ်လို ဟယ်လိုနှင့် စပြောရသည်ဟုသင်ထားသည့် အတိုင်း ဘာစကားပဲပြောပြော အကြောင်းအရာတိုင်းမှာ ဟယ်လို



www.burmeseclassic.com

www.burmeseclassic.com



ဟယ်လိုနှင့်ပဲ ပြောနေသည်ကိုသာကြည့်။ သည်ကဲ့သို့ ဒေါ်မြနှစ်လို အမေမျိုးကို မိုးချိမ့်တို့က လှည့်ချင်သလိုလှည့်၊ လှိမ့်ချင်သလိုလှိမ့်။

"ဟယ်လို. . . ဟယ်လို. . . ရဲဝေ အဲဒါ ငါ ဘာဆက်လုပ်ရမလဲ ဟင်"

"ဟာဗျာ၊ အမေမြကလည်း ဒါကြီးက ဘယ်လိုလုပ်ဖြစ်နိုင်မှာ လဲဗျာ၊ အဓိပ္ပာယ်မှမရှိတာ၊ အမေမြ အဲလောက်အ,ရသလား"

"ဟယ်လို. . . ဟယ်လို. . . ငါမအ,ပါဘူး ရဲဝေရဲ့၊ ငါပြောတာ ပေါ့၊ မိန်းမချင်းချိန်းတွေ့တာ အဲလို. . . အဲလို ရှိသွားတယ်ဆိုတာ လုံးဝ မဖြစ်နိုင်ဘူးဟဲ့လို့ ငါပြောတာပေါ့၊ မိုးချိမ့်က အမေတို့ရွာမှာလို မှတ်နေ လားတဲ့၊ ခေတ်က သိပ်ကိုတိုးတက်နေပြီဗျတဲ့၊ အမေမသိပါဘူးဗျာတဲ့၊ ရဲဝေသိတယ်ဗျ. . . တဲ့"

"ဗျာ"

လာပြန်ပြီ ရဲဝေသိရပြန်ပြီ။ ဒီကောင် တော်တော်လွန်လာပြီ။ သူ့ဇလောင်းဇလဲ ဇရုတ်သုတ်ခကိစ္စမှာ ငါ့ကို ဘာလို့များ ဆွဲဆွဲထည့်နေ ရသည်မသိ။

"ဟယ်လို. . . ဟယ်လို. . . အဲဒါလေ. . . ငါမအ,ပါဘူး ရဲဝေ ရယ်၊ သားကလည်း ဒီရက်ပိုင်း အိမ်ကိုမလာဘူးဆိုတော့မြနှစ်တို့က မအပါဘူးသားရဲ့၊ သူတို့ချိန်းတွေ့ကြတဲ့အချိန်မှာ သားကများ သူတို့ကြား မှာ ရောက်ရောက်သွားသလားလို့၊ အဲဒါလေ. . . ခေတ်ကြီးက. . ."

"အမေမြ"

သူ ဒေါသနှင့်အော်ပစ်လိုက်သည်။ စိတ်က မထိန်းနိုင်တော့။

"ဟယ်လို. . . ဟယ်လို. . . ဗုဒ္ဓေါ. . . ကလု. . . ကလု. . .





လန့်လိုက်တာသားရယ်၊ ဘာလို့အော်ရတာလဲ၊ သူကတော့ပြောပါတယ်၊ ဒီတရားခံက သူပါပဲတဲ့၊ ရဲဝေနဲ့ ဘာမှမဆိုင်ပါဘူး. . . တဲ့၊ အဲဒါလေ"

"အမေမြ. . . ကျွန်တော် အခုချက်ချင်းလာခဲ့မယ်၊ ဟုတ်ပြီ လား"

"ဟယ်လို. . . ဟယ်လို. . . သာဓုပါတော်၊ ဒါဆို ငါ ဖုန်းကို လွှတ်ခွဲချလိုက်တော့မယ်နော်"

သူ ဒေါသနှင့် ဖုန်းကိုဆောင့်ချလိုက်သည်။ သူ့ကိုကြည့်ကာ ဖုန်းဆိုင်မှကောင်မလေးပင် လန့်သွားသည်။ သူ တော်တော်ဒေါသထွက် နေသည်။

"တောက်"

သူ 'တက်'ခေါက်မိလိုက်သည်။ ပြီးမှ သူ့နံဘေးမှာရှိနေသော ငြိမ်သက်နေသည့် နှလုံးသွေးစီးရွေ့မှုကို သတိပြုမိလိုက်၏။

"ဘာတွေများ ဒေါကန်နေရတာလဲ ရဲဝေရယ်၊ အလန့်တကြား"

ဘယ်အချိန်ကရောက်နေသည်မသိ။ သူ့နံဘေးပလက်ဖောင်း ပေါ်မှာ စက်ဘီးကလေးနှင့်ရပ်နေသော ထက်ထက်နိုင်ကိုတွေ့လိုက်ရ သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



“အဲဒါပဲမိထက်ရေ၊ ကဲ . . . ဘယ်လောက်အဓိပ္ပါယ်တုံးလဲဆိုတာ နင်စဉ်းစားကြည့်၊ မဖြစ်နိုင်တဲ့ ဗလောင်းဗလဲစကားမှာ ငါ့ကို ကြားထဲကဆွဲထည့်တာ၊ ငါဘယ်လောက်ဒေါသဖြစ်တယ်မှတ်လဲ”

မိထက် တစ်ချက်ပြုံးလိုက်ပြီး ရှေ့မှ လက်ဘက်ရည်ခွက်ကို တစ်ငုံစာအာဆွတ်သည်။ သူက မီးသေဆေးပေါ့လိပ်ကိုမီးညှိကာ ဖွာရှိုက်ပစ်လိုက်သည်။ မိထက်က သည်လိုပါပဲ။ နီးနီးနားနားသွားစရာရှိလျှင် အချိန်လင့်မည်ဆိုလျှင် စက်ဘီးနှင့်ရောက်လာပြီး သူ့ကိုချောဆွဲတတ်သည်။ ဤသို့ မိထက်သွားလိုရာမသွားခင်မှာ သူ့အိမ်အနီးက လက်ဘက်ရည်ဆိုင်မှာ သူ့ကို လက်ဘက်ရည်ဒကာခံစမြဲ။ ယခုတော့ ဒေါသဖြစ်နေသော သူ့ကိုကြည့်ကာ ထက်ထက်နိုင်တစ်ယောက် သူမ၏လာရင်း





ကိစ္စကို မဆိုနိုင်သေး။ သူ့ကိုကြည့်ကာ မိထက် ပြုံးသည်။

“စိတ်လျှော့ပါရဲဝေရယ်၊ ဒါမျိုးတွေက ဒီလိုဖြစ်တတ်ပါတယ်၊ ငါတို့က သာမန် ငါတို့လို ယောက်ျားမိန်းမစိတ်မျိုးနဲ့တွေးတာကိုး၊ မိသူကို နားလည်ပေးလိုက်ပါဟာ၊ သူ့မှာ သူ့ကို သည်းညည်းခံပြီးပေါင်းရှာတဲ့ သူငယ်ချင်းက နင်တစ်ယောက်ပဲရှိရှာတာပါဟာ”

“ဟိုဇာတ်လမ်းလိုပေါ့ရဲဝေရယ်၊ ယောက်ျားလျာနဲ့ မိန်းမလျာ ရကြတာလေ၊ ယောက်ျားလျာက ဆိုက်ကားနင်းတယ်၊ မိန်းမလျာက ပန်းရောင်းတယ်၊ အဲ . . ယောက်ျားလျာကခေါင်းမူးမူးနေတော့ ဆေးခန်းသွားပြတာ၊ ဆရာဝန်က မင်းတို့ သားသမီးရှိနေပြီလို့ပြောလိုက်တာလေ၊ အဲဒီမှာ သူတို့ တအားပျော်သွားကြပြီး မိန်းမလျာက ဗိုက်ဖုံးအင်္ကျီတွေ ဘာတွေဝတ်ပြီး ယုယုယယနဲ့ အလေးအပင်တွေမ,မ၊ ယောက်ျားလျာကလည်း ဆိုက်ကားကိုတွန်းနင်း၊ ပိုက်ဆံတွန်းရှာနဲ့၊ အမှန်က ကိုယ်ဝန်ဆောင်ထားရတာကယောက်ျားလျာလေ၊ အဲဒါကို ငါတို့အမြင်ကျကြောင်လှချည့်လား၊ ဒါကြီးကတော့ အိုတာကြီးလို့ နှာခေါင်းရှုံ့မိတာပဲ၊ ဒါပေမယ့် သူတို့ကကျတော့ သူတို့ရဲ့စိတ်ခံစားမှုနဲ့ ရှင်သန်နေကြတာမဟုတ်လား၊ မိန်းမလျာက ယောက်ျားဆိုပေမယ့် သူ့စိတ်ခံစားမှုက သူ့ကိုယ်သူ မိန်းမလို့ပဲသတ်မှတ်ထားတာ၊ ယောက်ျားလျာကလည်း မိန်းမဆိုပေမယ့် သူ့စိတ်ခံစားမှုက သူ့ကိုယ်သူယောက်ျားပဲလေ၊ အဲဒီတော့ မိသူလည်း အဲဒီလိုပဲပေါ့၊ မိသူက သူ့ကိုယ်သူ ဘယ်သူဘာပြောပြော ယောက်ျားလို့ပဲ သတ်မှတ်ထားတာ၊ အဲဒါကြောင့်ပါ ရဲဝေရယ်၊ နင် မိသူကိုနားလည်ပေးလိုက်ပါ”

သူ ငြိမ်သွားသည်။ သူ့မျက်စိထဲတွင် သူ့ရှေ့မှာ ဇွတ်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



"ငါယောက်ျားကွ" လုပ်ပြနေသော မိုးချိမ့်ရုပ်သွင်ကို မြင်ယောင်လာသည်။ ပြီးတော့ မိုးချိမ့်ရည်းစား ဝတ်မှုံ၏မျက်နှာကို မြင်ယောင်မိလိုက်သည်။ သူ့ရင်ထဲမှာ တုန်လှုပ်သွားသည်။

"ဒါဆို ဝတ်မှုံရဲ့ကိုယ်ဝန်ကိစ္စက အူကြောင်ကြောင်ကြီး၊ အဲဒါ ဘယ့်နှယ့်လုပ်မလဲ"

သူ့မျက်နှာကိုကြည့်ကာ မိထက်ရယ်သည်။

"ရဲဝေရယ်. . . အဲဒါက မိသူရဲ့ စိတ်ကူးလုပ်ဇာတ်ကြီးနေမှာပါ၊ ငါထင်တာပြောတာနော်၊ ဒါပေမယ့် မလွဲနိုင်ပါဘူးဟာ၊ နင် မိသူနဲ့ ရန်ဖြစ်ပြီး မိသူဆီမသွားတာ ငါးရက်ရှိပြီမဟုတ်လား၊ အမေမြကညနေဆို မိသူကို နင်ကလွှဲပြီး ဘယ်သူနဲ့မှ ထွက်ခွင့်ပေးတာမဟုတ်ဘူး၊ အဲဒီတော့ မိသူက ညနေပိုင်းထွက်လို့ရတာမဟုတ်တော့ဘူး၊ ဒါ့ကြောင့် နင့်ကို သူ့ဆီလာအောင် တစ်ဘက်လှည့်နဲ့ သူ့အမေကြီးကို အသုံးချလိုက်တာပဲဖြစ်မှာပါ၊ နင် ဒါလောက်မှမမြင်မိဘူးလား"

ဟုတ်သလိုလိုတော့အရှိသား၊ ဒါပေမယ့် သူ့ပုံစံက လက်ခံချင်သေးပုံမရ. . .။

"ဒါဆို. . . ဝတ်မှုံရဲ့ကိုယ်ဝန်ကိစ္စက တကယ်ဖြစ်နေရင်ကော"

သူ့စကားကြောင့် ငါးဖောင်ရိုးမ အီကြာကွေးအစာနှုတ်မကပန်းတစ်ချက်တွန့်ကာ ရယ်ပြန်သည်။

"ဒါဆိုရင်လည်း အမေမြပြောသလို မိသူနဲ့ဝတ်မှုံ ချိန်းတွေ့ကြတဲ့အခါမှာ နင်က သူတို့ကြားရောက်သွားလို့နေမှာပေါ့ ရဲဝေရယ်"

"အား. . . မလုပ်ပါနဲ့မိထက်ရာ၊ သူတို့ချိန်းတွေ့တယ်ဆိုတာကလည်း အအေးဆိုင်ထိုင်တာဟ၊ တစ်ခါလားပဲ ပန်းခြံမှာ သစ်ပင်





အောက်ထိုင်စကားပြောတာ၊ ပခုံးဖက်တာလောက်ပဲရှိတာ၊ အဲလောက်နဲ့တော့ ဝတ်မှုံမှာ ကိုယ်ဝန်မရှိလောက်. . . အာ နင်ပြောတာနဲ့ ငါပါ သေ့ကို ယောက်ျားလို့ထင်သွားမိပြန်ပြီ၊ ဟုတ်တယ်၊ နင်ပြောသလိုဖြစ်မယ် မိထက်၊ ဒီကောင် ငါ့ကို သက်သက်ဒုက္ခပေးတာ၊ နင်ပြောတဲ့မိန်းမလျှာ ယောက်ျားလျှာဇာတ်လမ်း ငါသဘောပေါက်တယ်၊ သေ့ကို ငါ Lesson ပေးဖို့ အကြံရသွားပြီ၊ ဗုံရှည်မဟုတ် ပတ်မဟုတ်ကောင်တော့ တွေ့သေးတာပေါ့။ မျောက်အမြီးနဲ့မျောက်ပြန်ချည်ရမယ်. . . ဟား. . . ဟား. . . ဟား. . . "

နှစ်ဦးသား၏ရယ်သံသည် ဆည်းဆာရိပ်ချည်စီးမြောနေသောလက်ဖက်ရည်ခင်းလေးကို ပြေးဖြတ်ကာ သွေးလေးရေတမာရွက်တွေကို ပုတ်ခတ်လှုပ်နှိုးသွားလေသည်။

"ဒါနဲ့. . . နင့်လာရင်းကိစ္စက ဘာလဲ၊ နင် ငါ့ကို ဘယ်ချောဆွဲမလို့လဲ"

"(၆)ရပ်ကွက်သွားမလို့ဟ၊ လဲ့လဲ့တို့အိမ်"

လဲ့လဲ့တို့အိမ်ဆိုတော့ သူ မျက်လုံးပြူးသွားသည်။

"နင့်အကျင့်က ဒီလိုချည့်ပဲ မိထက်၊ နင်က ငါ့ဆိုရင် အပိုင်ကြီးကိုလုပ်ချလာတာချည့်ပဲ၊ လဲ့လဲ့တို့အိမ် ငါလိုက်လို့မဖြစ်ဘူးဟ၊ လဲ့လဲ့အဖေကြီးက ငါ့ဆီက ဆရာကြီးရွှေဥဒေါင်းရဲ့ တစ်သက်တာမှတ်တမ်းစာအုပ်ကြီးကိုငှားနေတာ။ ငါငှါးရမှာနှမြောလို့ပါဟာ"

"မသိဘူးဟာ၊ အဲဒါနင့်ကိစ္စ၊ နင့်ဘာသာ ဟိုကျမှကြည့်ပြောလိုက်၊ ကဲ. . . သွားကြစို့"

မိထက်က အဲလိုပါပဲ၊ သူ့အပေါ်မှာဆို အမြဲနိုင်နေကျ၊ ငယ်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ဆိုတော့လည်း သူ မလွန်ဆန်နိုင်ပြန်၊ မိထက်ကို စက်ဘီးနောက်ထိုင်ခုံပေါ်တင်ကာ သူနင်းထွက်ခဲ့သည်။

"လွဲလွဲတို့အိမ်ကအပြန်ကျရင်တော့ အမေမြဆီ ခဏဝင်ပြောလိုက်ဦးမယ်၊ ဟို ဗုံရှည်မဟုတ်ပတ်မဟုတ်ကောင်ကို ငါ သင်ခန်းစာပေးလိုက်ဦးမယ်"

"ကောင်းသားပဲ၊ ငါလည်း အမေမြနဲ့ မတွေ့တာကြာပြီ၊ ဟဲ့ . . ရဲဝေ နင် ဘီးနင်းနေတာကလည်း ရမ်းတန်းရမ်းတန်းနဲ့၊ ရှေ့ကြည့်နင်းဦး၊ တော်ကြာ ဟို တစ်ခါကလို ဗရာကြော်ကုလားကိုဝင်တိုက်လို့လျော်နေရဦးမယ်"

"စိတ်ချပါဟာ၊ ရဲဝေတို့က တစ်ခါပဲအမှားခံမှာပါ၊ ငါ့ဘဝမှာမှားပြီး တစ်သက်လုံးမှားသွားတာ တစ်ခုပဲရှိခဲ့ပါတယ်"

"ဘာလဲဟင် ရဲဝေ"

"နင်ရယ် . . . သူရယ်နဲ့ ငယ်သူငယ်ချင်းဖြစ်ခဲ့တာလေ"

"ကောင်စုတ်"

မေတ္တာပို့သံနှင့်အတူ လက်သီးဆုပ်က သူ့ကျောပေါ် တဆက်တည်းပြုဆင်းကျသည်။ အင့်ကနဲပါပဲ။ သူ လက်ပြင်တော်တော်နာသွားသည်၊ ဒါပေမယ့် သူရယ်နေပါသည်။ သည်အချိန်ထိ သူနှင့်မိထက်တို့သည် အဖြူရောင်ထုကြီးထဲမှာ ပြေးဖြတ်နေကြဆဲဖြစ်ပါသည်။

* * *





ဝင်းပေါက်ဝအဝင်စမှာပင် ဦးဆုံးမိတ်ဆက်တွေ့ရသူမှာ မိုးချိမ့်ဖြစ်သည်။ ရေမိုးချိုးပြီးစ မီးခိုးရင့်ဘောင်းဘီ၊ ဇွဲ့ရှားတား '99 ဆိုသည့်အင်္ဂလိပ်စာလုံးကြီးအပြည့်ဒီဇိုင်းနှင့် တီရှပ်ပွပွ အနက်ရောင် ADDA ဖိနပ်အသစ်ကြီးနှင့် မိုးချိမ့်က လန်းနေသည်။ သူ့ကိုမြင်တော့ မိုးချိမ့်မျက်နှာမှာ မိုးရိပ်တွေ ရုတ်ခြည်း မှုံပြပြိုဆင်းသွားသည်။

"မင်း တော်တော်အရှက်မရှိတဲ့ကောင်ပဲ၊ ငါ့ဆီမလာနဲ့ မင်းကို ငါ့စာရင်းထဲက ဖျောက်ပစ်လိုက်ပြီလို့ ပြောထားတယ်လေ"

သူ ဘာမှမပြော။ ပခုံးချင်းတိုက်ကာ အိမ်ရှိရာလှမ်းခဲ့သည်။ မိထက်ကို မိုးချိမ့်နှင့်ချန်ထားခဲ့သည်။

"နင်တို့နှစ်ယောက်လည်း ငါမပြောချင်ဘူး၊ တည့်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com



လည်ပင်းဖက်လို့ ခုလည်း စကားများထားကြပြန်ပြီလား သေူ"

"နင်တို့မိန်းမတွေ မသိပါဘူး မိထက်ရာ၊ ဒါ ငါတို့ယောကျ်ားချင်းကိစ္စပါ၊ ဒီကောင် အခု အမေ့ဆီလာတာမဟုတ်လား၊ ငါသိတာပေါ့၊ တဲ. . . ငါ့သူငယ်ချင်းမ ဖြူဖြူဖွေးဖွေး ပိန်တာရိုးလေး ဘာစားမလဲ အချစ်လေး၊ အချစ်လေးစားချင်တာလိုက်ကျွေးမယ်၊ ဟိုအဆင့်မရှိတဲ့ကောင်တော့ အမေနဲ့စကားပြောနေလိမ့်မယ်၊ မခေါ်ခဲ့နဲ့"

"ဒီအချိန် နင့်ကို နင့်အမေက အပြင်ထွက်လို့ရလို့လား သေူ"

"ဒီလမ်းထဲကဆိုင်လောက်တော့ ထွက်ခွင့်ရပါတယ်ဟ၊ အမေ့ကို နင်သွားပြောလိုက်၊ ဒီလမ်းထိပ်ကအအေးဆိုင်တင်လို့၊ ငါ ဟိုကောင့်မျက်နှာ မကြည့်ချင်လို့"

လူက ကျောခိုင်းထားပေမယ့် အသံက ကျောခိုင်းလို့မရ၊ နားထဲတိုးဝင်လာသည်။ သူလှည့်ကြည့်လိုက်၏။ မိထက်ကို ခုတုံးလုပ်တော့မှာ သူသိတာပေါ့။

"အဲဒီအအေးဆိုင်နဲ့ကပ်လျက်က တရုတ်ဆိုင်မှာ ငါခဏလေးဆိုပြီး နှစ်ပက်လောက်ဝင်မကစ်ဘူးဆိုရင် နင်လိုက်သွားမိထက်"

"ဟေ့ကောင်"

မိုးချိမ့်က ဒေါ်သနှင့် သူ့ကိုလှမ်းအအော်မှာ ဒေါ်မြနှစ် အိမ်ထဲမှထွက်လာသည်။

"ဟဲ့. . . ဟဲ့. . . မိုးချိမ့်. . . ဒါဘယ်လဲ"

ဒေါ်မြနှစ်ကိုမြင်တော့ မိုးချိမ့်မျက်နှာ ချက်ချင်းပြောင်းသွားသည်။ ပြုံးထေ့ထေ့မျက်နှာနှင့် သူ့ကိုကြည့်သည်။

"ဟေ့ကောင် ငရဲ၊ အမေ့ကို မင်းကြည့်ပြောလိုက်တော့၊ လာ. .





သွားစို့ မိထက်"

မိထက်၏လက်ကိုဆွဲကာထွက်သွားသော မိုးချိမ့်ကိုကြည့်ရင်း ဒေါ်မြနှစ် သက်ပြင်းချသည်။ ဥမမြည်စာမကွဲ သည်နှစ်ပိုင်းတစ်ပိုင်း မိုးချိမ့်အတွက် သည်အမေ့မှာ သည်လိုရင်နှင့်ရင်းခဲ့ရသော သက်မတွေ မည်မျှရှိခဲ့လေမည်မသိ။

အမေမြနှင့်အတူ အိမ်ရှေ့ခန်းစားပွဲမှာထိုင်မိတော့ မိုးချိမ့်၏ တူလေး ရိန်းက ထမင်းစားနေသည်။

"ဟာ. . . ဦးရဲ. . . ထမင်းစားဦးလေ"

"စားပါဗျာ၊ ရိန်းကတော့အသွက်ပဲဟေ့"

ဒေါ်မြနှစ်သည် မြေးဖြစ်သူကိုကြည့်ကာ ပီတိမဖြစ်အား၊ မိုးချိမ့်၏မင်္ဂလာကိစ္စကြီး ရင်ထဲမှာဆီးခံနေခြင်းက ခုချိန်မှာ အဓိကဖြစ်နေသည်။

"သူကတော့ပြောပါတယ် ရဲဝေရယ်၊ မင်္ဂလာဆွမ်းကျွေးလောက်ပဲလုပ်ပေးပါတဲ့၊ အိမ်မှာပဲ ဘုန်းကြီးငါးပါးလောက်နဲ့ပေါ့တဲ့၊ အမေတို့ဘာ လူကြီးစုံရှာနဲ့သာ ခုရက်ပိုင်း လိုက်ပြီးတောင်းရမ်းပေးပါတဲ့၊ ဒီကိစ္စ ရဲဝေကိုခေါ်ပြီးတိုင်ပင်ပါတဲ့၊လုပ်စရာရှိတာဆက်လုပ်ပါတဲ့၊ အဲဒါကြောင့်ပါသားရယ်. . . အင်း. . . မိုးချိမ့်. . . မိုးချိမ့်. . ."

"နေပါဦးအမေမြရယ်၊ သူကိုယ်၌ကပြောတာဟုတ်ရဲ့လား၊ ရဲဝေကိုခေါ်ပြီး တိုင်ပင်ပါဆိုတာ သူကိုယ်တိုင်ပြောတာလား"

"ငုပ်တုပ်ပျောက်ရပါစေ ရဲဝေရယ်၊ သူကိုယ်တိုင်ပြောတာပါ၊ သူ့နှုတ်ကန်ပြောရရင်သားရယ် ရဲဝေနဲ့တိုင်ပင်လို့ ရဲဝေက မယူနဲ့ဆို သူယူပါဘူးတဲ့၊ ကောင်မလေးကိုယ်ဝန်ကိစ္စက ဘာဖြစ်နေနေတဲ့၊ သူရှင်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်တယ်တဲ့၊ ရဲဝေ. . . သူများသားသမီးကို အတွာပြုပြီးမှ အဲလို အတွာပြုလို့ကောင်းပါ့မလားဟင်၊ ဒါတော့ ငါလက်မခံဘူး၊ ဘယ်နှယ့်တော်. . . အဝှါပြုပြီးရင်တော့ အဝှါပြုရမှာပေ့ါ"

"နေဦး အမေမြ၊ ကျွန်တော် ခု တွေးကြည့်တော့ ရှင်းသွားပြီ၊ ဒါ ငသူ ကျွန်တော့်ကို အိမ်လာအောင် သက်သက်ခေါ်ကျပ်တာဗျ၊ တွေ့မယ်. . . ဒီကောင်တော့လား"

သူ အမေမြကို ဘာပြောရမည်မသိဖြစ်နေသည်။ မိုးချိမ့်ကို ပြန်ပြီး နှိပ်ကွပ်ဖို့ အမေမြကို သူမပြောရက်ဖြစ်နေ၏။

"စဉ်းစားပေးပါဦး ရဲဝေရယ်၊ ဒီကိစ္စက နင့်အဆုံးအဖြတ်ပါ၊ ကောင်မလေးမှာလည်း အဝှါပြုလို့ အဝှါဖြစ်နေပြီဆိုတော့ ခေတ်ကြီးကလည်း တိုးတက်နေတာဆိုတော့ အင်း ငါတော့ ဘာလုပ်ရမှန်းကိုမသိတော့ပါဘူး၊ ရဲဝေ နင် ဘာစဉ်းစားနေတာလဲဟင်"

"အမေမြကို ဖွင့်ပြောသင့်မပြောသင့် စဉ်းစားနေတာဗျ"

ပြောအပြီးမှာ သူခေါင်းကြီးငိုက်ကျသွားသည်။ မင်းသားမင်းသမီး မှမဟုတ်တာ၊ မှင်သေသေနှင့်ပြောဖို့ သူ မျက်နှာပိုးမသေသပ်နိုင်ပါ။

"အဲဒီဝတ်မှုံဆိုတာ မိန်းမလျာဗျ၊ ကြည့်လိုက်ရင်တော့ တကယ့်မိန်းကလေးအတိုင်းပဲ၊ လှလည်းလှတယ်၊ မသိတဲ့သူကတော့ မိန်းမပဲ အမေမြ"

"အမလေး. . . ဗုဒ္ဓေါ. . . ဘုရား. . . ဘုရား. . . ဘုရား. . . ကယ်ပါ"

ရင်ထဲမှာစိတ်မကောင်းပါ၊ ဒေါ်မြနှစ်သည် ရင်ဘတ်ကို လက်နှင့်ဖိကာ ဘုရားတလိုက်မိသည်။





"ဒါ. . . ဒါ. . . ဒါဆို. . . မိုးချိမ့်ကမိန်းမ၊ ဝတ်မှုံကယောကျ်ား ဒါ. . . ဒါ. . . ဒါဆို. . . ကိုယ်. . . ကိုယ်ဝန်က. . . အဝှါပြုလို့. . . အဝှါပြုတာက. . ."

"အဲဒါကြီးက မသေချာတာကြီးပါဗျာ၊ ဒီမှာ အမေမြ အကောင်းဆုံးကတော့ မိုးချိမ့်ကို ဆီးစစ်ကြည့်ခိုင်းလိုက်၊ တိုးတိုးတိတ်တိတ်လုပ်နော်၊ အဲဒါပြီးလို့ သူ့မှာ ဘာမှမရှိဘူးဆိုရင် ကျွန်တော် ဒီကောင့်ကို ဝတ်မှုံနဲ့ဖြတ်ခိုင်းမယ်။ အမေမြသမီးကို အမေမြပိုင်ပါတယ်"

မှင်သေသေနှင့် သူဆက်မထိမ်းနိုင်တော့။ သူ နှစ်နှစ်ခြိုက်ခြိုက်ကြီးရယ်ချပစ်လိုက်သည်။ ရယ်မောနေသောသူ့ကို ဒေါ်မြနှစ်သည် ရင်ဘတ်လေးဖိကာ တအံ့တဩကြည့်နေလေသည်။

"ရဲဝေရယ်. . . နင်ရယ်နိုင်သေးတယ်နော်. . . ဩော်. . . ခေတ်ကြီးကလည်း လွတ်ကိုတိုးတက်နေတာပါပဲလား. . . ဒုက္ခ. . . ဒုက္ခ"

* * *



www.burmeseclassic.com

www.burmeseclassic.com



မိထက်က ဒေါ်မြနှစ်နှင့် စကားဖောင်ဖွဲ့ပြောနေဆဲ၊ ဒေါ်မြနှစ်သည် မိထက်နှင့် စကားသာပြောနေသော်လည်း အကြည့်က မိုးချိမ့်၏ ဝမ်းဗိုက်ကို မကြာခဏ ငေ့ငေ့စူးစူးကြည့်နေတော့ သူ့ဝမ်းထဲမှာ ရယ်ချင်စိတ်က လှိုင်းလုံးတွေလိုလိမ့်တက်လာသည်။ မြွေတစ်ကောင်၏ဒေါသကို ဆွခဲ့ပြီးဖြစ်၍ သူအသာလစ်ထွက်လာကာ အပြင်မှာ စက်ဘီးနှင့်စောင့်နေလိုက်သည်။ စနက်တန်မီးရှို့ပြီးသားဗျောက်အိုးကို မိုးချိမ့်တူကလေး ရိန်း၏လက်ထဲမှာ သူထည့်ခဲ့ပြီးသည်မဟုတ်လား. . .။

"ဦးလေးမိုးချိမ့်. . . သားကို ဦးရဲက ဂျာအေးအသစ်သင်ပေးသွားတယ်ဗျ၊ ဦးလေးမိုးချိမ့်ပြောသလိုပဲ ဦးရဲက စာရေးဆရာဖြစ်မှာဆိုတော့ မိုက်တယ်ဗျ၊ သူ့ဂျာအေးသူ့အမေရိုက်က ဂျာအေးမဟုတ်ဘူး၊





ဂျာဝွါးတဲ့၊ ကျားသစ်လေ၊ မုန့်လုံးမဟုတ်ဘူး၊ မုန့်ပြားတဲ့၊ မုန့်ပြားဆိုတာ မင်းဦးလေးသေသူ သိတယ်တဲ့၊ ဒီမှာ. . . သားဆိုပြမယ်၊ မုန့်ဝယ်ကျွေးနော် ဦးလေးမိုးချိမ့်"

ပထမတော့ တူတော်မောင်အာသွက်လျှာသွက် ဥာဏ်ထက်လေးကို သဘောကျကာ မိုးချိမ့်နှုတ်ခမ်းတွေပြုံးနေသည်။ ဒါပေမယ့် ကလေးဆိုသည့်ကဗျာက မုန့်လုံးစက္ကူကပ်မဟုတ်ဘဲ မုန့်ပြားစက္ကူကပ်ဆိုတော့. . .။

"မုန့်ပြား. . . မုန့်ပြားကိုစက္ကူကပ်လို့ ကြာကလပ်နဲ့နတ်ကိုတင် ပလ္လင်ပေါ်ကမျောက်မသား ဆင်းတက်လို့သွား၊ ဂျာဝွါး. . .၊ ဂျာဝွါးကို သူ့အမေရိုက်လို့ မှောင်မိုက်မှာငို. . .၊ ကိုလူပျိုထရံပေါက်က ခြေထောက်ကိုကား. . . ကားယား၊ ကားယားရေနေပါလား၊ မိုးတောင်ကထွား မုန့်ပြား၊ မုန့်ပြားကိုစက္ကူကပ်လို့ ကြာကလပ်နဲ့နတ်ကိုတင် ပလ္လင်ပေါ်ကမျောက်မသား၊ ဆင်းတက်လို့သွား. . . ဂျာဝွါး၊ ဂျာဝွါးကိုသူ့အမေရိုက်လို့ မှောင်မိုက်မှာငို၊ ကိုလူပျိုထရံပေါက်က ခြေထောက်ကိုကားကားယား. . . ကားယားရေနေပါလား မိုးတောင်ကထွား. . . မုန့်ပြား၊ မုန့်ပြားကို စက္ကူကပ်လို့. . ."

"ရိန်း. . . တော်စမ်း"

မိုးချိမ့် သူ့တူကို ဒေါသတကြီးအော်လိုက်သည်။ ပြီးတော့ ဒေါသမျက်လုံးတွေနှင့် သူရှိရာလှမ်းကြည့်သည်။ ကျေနပ်စွာသူရယ်ပြလိုက်၏၊ မိုးချိမ့်က အိမ်ပေါ်မှဝုန်းကနဲခုန်ဆင်းလိုက်ကာ ခဲတစ်လုံးကိုကောက်ကိုင်လိုက်သည်။

"မိုးချိမ့်. . . ဒါဘာလုပ်တာလဲ. . . ခုလာခဲ့စမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြနှစ် မိုးချိမ့်ကို အချိန်မီတားလိုက်နိုင်၍ သူခေါင်းမပေါက်ခြင်းသာဖြစ်သည်။ မိထက်လည်း နှုတ်ဆက်ကာထွက်လာပြီ. . .။

"လာစမ်း. . . မိုးချိမ့်၊ ကိုယ့်မှာ မပေါ့မပါးကြီးနဲ့ အဲလို ခုန်ဆင်းရလား"

"ဗျာ"

"အ. . . အမေ. . . ဘာပြောလိုက်တာလဲ"

"ဟွန်း. . . အခုမှ ငါ့လာမေးမနေနဲ့၊ ငါမအဘူးတော်ရေ. . .၊ လာခဲ့ နင့်ကိုမေးစရာရှိတယ်၊ တကတည်းတော် ကိုယ့်ကိုယ်ကို မုန့်လုံးမှန်းမသိ၊ မုန့်ပြားမှန်းမသိ. . . အံ့ပါ့. . . အံ့ပါ့. . ."

"အမေ. . . ဘာတွေပြောနေတာလဲ"

ဒေါ်မြနှစ်သည် ဘာမှမပြောဘဲ မိုးချိမ့်၏ဝမ်းဗိုက်ကိုသာ စေ့စေ့စူးစူးကြီးကြည့်နေလေသည်။

သူ တစ်ချက်ရယ်လိုက်ကာ မိထက်ကို ဘီးပေါ်တင်၍နင်းထွက်ခဲ့၏။ ပျော်လိုက်တာ. . .။ နှစ်ပျော်ဖွယ်ညတစ်ညကို ကျေနပ်စွာ ဖြတ်သန်းလိုက်ဦးမည်။ ခံပြင်းဒေါသညထဲမှာ နင်ကတော့ နေရစ်ခဲ့တော့ မိုးချိမ့်ရေ. . .။

■





အခန်း > သုံး

# တစ်ရစ်လား နှစ်ရစ်လား



www.burmeseclassic.com

www.burmeseclassic.com



အရာအားလုံး နံနက်ရည်ဝနေချိန်မှ သူနိုးထဖြစ်သည်။ မျက်နှာသစ်ရင်း တစ်ခါတည်း ရေချိုးပစ်လိုက်သည်။ အမေပင် ဈေးဆိုင်သွားဖွင့်နေပြီ။ အစ်ကိုတို့လင်မယားလည်း အလုပ်သွားကြပြီ။ သူကတော့ သည်ကနေ့ ရုံးပိတ်ရက်ဖြစ်သည်။ အမေကြော်ထားသော ထမင်းကြော်နှင့် နံနက်စာဖြည့်နေခိုက်မှာပင် အရိပ်တစ်ခု အိမ်ထဲရောက်လာသည်။ ကြည့်လိုက်တော့ ဒေါ်မြနှစ်။ လက်ထဲမှာ ရေသန့်ဘူး 1 litre ဘူးကြီး ကိုင်လာသည်။ ဘူးထဲမှာ ချက်အရည်တွေများထည့်လာလေသလား မသိ။ lipo power လို အရောင်မျိုးမှာ အနီနည်းနည်းကဲသည်။ ဒေါ်မြနှစ်က သည်ဘူးကြီးကို စားပွဲပေါ်တင်လိုက်သည်။

"တော်သေးတာပေါ့၊ ငါက နင် ရုံးသွားပြီမှတ်နေတာ ရဲဝေရဲ့"





"သည်ကနေ့ ကျွန်တော်ကရုံးပိတ်ရက် အမေမြ"

"ရုံးပိတ်ရက်ဆိုတော့ ပိုကောင်းတာပေါ့၊ ဒီကိစ္စ အေးအေးဆေးဆေး သားလုပ်ဖို့ အချိန်ရပေါ့တော်"

ဒေါ်မြနှစ်က ဘူးကြီးကို မေးဆတ်ပြရင်းပြောသည်။

"အာ. . . အဲဒါမျိုးတွေ ကျွန်တော်မသောက်တတ်ဘူး အမေမြ"

သူ့စကားကြောင့် ဒေါ်မြနှစ်ရင်ဖိ၏။

"အဲလောက်အများကြီးလည်း ကျွန်တော်မသောက်နိုင်ပါဘူး။ နည်းနည်းလေးပဲ၊ အဲဒါရဲ့လေးပုံတစ်ပုံလောက်ပဲသောက်တာ၊ ညနေကျမှပါ၊ တစ်ခါတစ်လေပါ အမေမြရယ်"

သူ့စကားကြောင့် ဒေါ်မြနှစ် ပိုပြီးရင်ဖိကာ မျက်လုံးပြူးသွားသည်။

"ရဲ. . . ရဲဝေ. . . နင်က ဒါကိုသောက်မလို့ဟုတ်လား၊ ဒါ မိုးချိမ့်ပေါက်ထည့်ပေးလိုက်တဲ့ ရှုရှူးတွေလေ"

"ဗျာ. . . ဒီလောက်အများကြီး ဘယ်လိုများပေါက်လာတာလဲ"

"သူက ဆီးကောင်းတယ်တဲ့၊ ဒါကို ရဲဝေသိပါတယ်တဲ့"

သိရပြန်ပြီ။ သဘာဝကနှ့်လန့်တို့က လုပ်ချလိုက်ပြန်ပြီ၊ သူနှာခေါင်းရှုံ့လိုက်မိသည်။

"အမေမြ. . . ဒါကြီးကို စားပွဲပေါ်မတင်ပါနဲ့ဗျာ၊ ဒုက္ခပါပဲ"

သည်တော့မှ ဒေါ်မြနှစ်က ဆီးဘူးကြီးကို စားပွဲပေါ်ကချလိုက်သည်။ ပြီးတော့ သူ့ပိုက်ဆံအိတ်ထဲမှ အထုပ်လေးငါးခုထုတ်လိုက်သည်။

"မင်းအကြံပေးတဲ့အတိုင်း ငါ မနေ့ညက မိုးချိမ့်ကို ဆီးစစ်ရ



www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ပြောတယ်၊ ပထမတော့ အမိပ္ပါယ်မရှိဘူး လက်မခံဘူးအမေတဲ့၊ ငါကလည်း မြန့်စ်ပဲ အ,မလားဟဲ့၊ မင်းပြောတာတွေအကုန်ပြော ခွဲချလိုက်တာပေါ့၊ ဒီတော့ ဒေါသတအားဖြစ်သွားတယ်၊ အနာပေါ်တုတ်ကျတာလေ၊ မြန့်စ်ပဲ အ,မလားဟဲ့၊ ပြီးတော့မှငြိမ်သွားတယ်၊ အမေလည်း မစစ်တတ်ဘူး၊ ကျွန်တော်လည်း မစစ်တတ်ဘူး၊ ဒါမျိုးက စစ်နေကျလူမှစစ်တတ်တာတဲ့၊ ရဲဝေက စစ်နေကျတဲ့၊ (၃၈)ဂိတ်ဘက်က ညပိုင်းတျက်စားတဲ့ဟာမတွေဆို ရဲဝေကစစ်ပေးနေကျတဲ့၊ ရဲဝေကိုယ်တိုင် စစ်ပေးမယ်ဆိုရင် သူပေါက်ပေးမယ်တဲ့၊ အဲဒါနဲ့ ငါလည်း ဒါလေးတွေ ငါးခုမြဇော်ဆေးဆိုင်ကသွားဝယ်လာတာ၊ မြန့်စ်ပဲ အ,မလားဟဲ့၊ 'လကျော်ရင်မြဇော်ဆီသွား' တဲ့၊ အပျိုမတွေပြောနေတာကြားသား ရဲဝေရဲ့"

အခုမှ သူ့ခေါင်းကြီး ပုတ်လောက်ဖြစ်သွားသည်။ သူပစ်လိုက်သည့်ခါးက သူ့ရင်ဝကိုပြန်စိုက်ပြီ။ မိုးချိမ့်၏ပြန်လည်ပညာပြမှုမှာ သူမရှုမလှခံလိုက်ရပြီ။ ရုန်းထွက်မရသည့်ထောင်ချောက်ထဲမှာ သူ ရောက်သွားပြီ။

"ဒုက္ခပါပဲ အမေမြရာ၊ အမေမြ သူပြောတာကို ဘာလို့ ယုံနေတာလဲ၊ ဒီကိုယ်ဝန်ရှိမရှိဆီးစစ်တဲ့ကိစ္စ ကျွန်တော် ဘယ်လိုလုပ်သိမှာလဲ၊ ဒါ ကျွန်တော့်ကို သူချွန်လွှတ်လိုက်တာဗျ"

"ဒါပေမယ့် မင်းကိုယ်တိုင်စစ်ပေးလိုက်ပါ ရဲဝေရယ်၊ သူ့ဘက်ကတော့ တာဝန်အကျေသားဟဲ့၊ ကြည့်ဦး. . . ဒါလောက်ကြီး ပေါက်ခွဲထည့်ပေးလိုက်တာလေ"

"ဘုရားစူးရပါစေ့အမေမြရယ်၊ ဒီဆီးစစ်တဲ့ကိစ္စ ဘယ်လိုလုပ်ရလဲဆိုတာ ကျွန်တော် တကယ့်ကိုမသိတာပါဗျာ"





"အမလေး. . . အံ့ရောသြရောဟေ့၊ အဲလို မကျိန်ပါနဲ့ရဲဝေရယ်၊ မိုးချိမ့်ကပြောလိုက်ပြီးသားပါ၊ ရဲဝေစစ်ပေးတာ သူမြင်ဖူးတယ်တဲ့၊ ဟောဒီအိတ်ထဲကတုတ်ချောင်းလို အပြားလေးကို ထိပ်ပိုင်းလေး ဆီးထဲနှစ်လိုက်တာတဲ့၊ အဲဒီမှာ အရောင်ကလေးတက်လာတာအမေရဲ့တဲ့၊ အရစ်လေးတစ်ရစ်ဆိုမရှိဘူး။ နှစ်ရစ်ထိတက်လာရင်ရှိတယ်တဲ့၊ ခေတ်ကြီးက အမေတို့ရွာမှာလိုမဟုတ်တော့ဘူး၊ လွတ်တိုးတက်နေတာတဲ့၊ ရဲဝေစစ်ပေးတာ ကျွန်တော်ကြည့်ဖူးလို့သိတာတဲ့၊ ပြောလိုက်ပြီးသား သားရဲ့"

သူ တကယ့်ကို အကျဉ်းအကြပ်ထဲမှာရောက်သွားပြီ၊ ရင်ထဲမှာတစ်ခုတွေးမိကာထိတ်သွား၏။ ခုနေများ အဖေ လက်ဘက်ရည်ဆိုင်မှာတော်ကီလွှတ်ရာမှပြန်လာပါလျှင် သည်အဖွားကြီး၏ တုတ်ထိုးအိုးပေါက်ပြောချက်နှင့်ငြိသွားပါက သူတို့ အပြောင်အပျက်ကိစ္စ ရှင်းမရနိုင်ရတော့ပြီ။ ဘာတတ်နိုင်တော့မှာလဲ။ မျက်စိမှိတ်လုပ်ရုံပဲရှိတော့သည်။ သူ အတည်ပေါက်နှင့် အထုပ် လေးငါးခုကိုဖောက်ကာ အပြားချောင်းလေးတွေကို ထုတ်ယူလိုက်၏။

"အဲ. . . မိုးချိမ့်ပြောလိုက်တာနဲ့ ကွက်တိပဲ၊ အမှန်က တစ်ချောင်းပဲစမ်းရတာတဲ့၊ ရဲဝေကတော့ ငါးချောင်းလုံးဖောက်ပြီး တစ်ချောင်းပြီးတစ်ချောင်း စိတ်ရှည်လက်ရှည်စမ်းတာအမေရဲ့တဲ့၊ ကွက်တိပဲ၊ မိုးချိမ့်ပြောလိုက်တဲ့အတိုင်းပဲဟေ့"

"ဗျာ. . ."

သူ့ကံကိုက ဆိုးချင်တော့လည်း အဲလိုပါပဲ၊ မြန်မြန်ပြီးပြီးရှောင်သဘောနှင့် သူက ဆီးဘူးကြီးကို ခုံပေါ်မှယူကာ အိမ်ရှေ့နှေရောင်အောက်ရွှေ့သည်။ မအီမသာမျက်နှာနှင့် ဆီးဘူးကို အဖုံးဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြင်းလိုက်သည့်အနံ့။ ထောင်းကနဲနှာဝကိုရိုက်ခတ်သည်။ သူတစ်ချက်ဖျံ့ကာ မျက်ရည်တွေဝိုင်းသွားသည်။

"ပြင်းလိုက်တဲ့အနံ့ကြီးဗျာ၊ ဆိုးလိုက်တာ၊ လူပေါက်တာမှဟုတ်ရဲ့လား၊ ဒီမှာလည်းကြည့်ဦး၊ ကောက်ရိုးစတွေနဲ့"

"ကောက်ရိုးပုံထဲသွားပေါက်လို့နေမှာပေါ့ဟဲ့၊ မြနှစ်ပဲ၊ အ,မလား၊ မနက်က အစောကြီး ဒီဘူးခွံယူပြီး စက်ဘီးနဲ့ထွက်သွားတာလေ"

ခေတ်လူငယ်ဆိုတော့ သရုပ်ပြပုံလေးတွေကြည့်ပြီး သဘောပေါက်သည်။ အပြားချောင်း၏အဖျားပိုင်းကို သတ်မှတ်အတိုင်းအတာထိ ဆီးထဲအနှစ်. . .

"အဲ. . . အဲ. . . ရဲ. . . ရဲဝေ. . ."

ဒေါ်မြနှစ် အထိတ်တလန့်အော်လိုက်၍ အပြားချောင်းလေးက သူ့လက်ထဲမှလွတ်ကာ ဆီးထဲကျသွားသည်။ သူ အလျင်အမြန်ဖမ်းကိုင်လိုက်၏။ တော်သေးသည်။ လက်ညှိုးထိပ်နှင့်လက်မထိပ်က အရင်းပိုင်းလေးကို မိသည်ဆိုရုံလေးဖမ်းမိလိုက်သည်။ တစ်ချောင်းလုံးနီးနီး ဆီးထဲနှစ်သွားသည်။

"အမေမြကလည်းဗျာ. . . အလန့်တကြား ဘာလို့အော်ရတာလဲ"

"ရဲ. . . ရဲဝေ. . . နင်. . . နမ်းရဦးမယ်လေ"

"ဗျာ. . . ဘာကိုနမ်းရမှာလဲ"

"အဲဒီ ရှူရှူးကိုလေ. . . မိုးချိမ့်ကမှာလိုက်တယ်။ ရဲဝေက သိပ်ဗိုင်တာတဲ့၊ စမ်းကာနီးဆို ရှူရှူးကို အရင်နမ်းကြည့်တာတဲ့၊ လတ်ဆတ်မှုရှိမရှိပေါ့၊ အဲလိုနမ်းကြည့်ပြီး မနက်ခင်းပေါက်တဲ့ ရှူရှူးမှ. . . မှ. . ."





"အမေမြ"

သူ ဒေါသနှင့်အော်မိလိုက်သည်။ အဖွားကြီးက တကယ့်ကို အရိုးခံမျက်နှာ၊ မျက်လုံးလေးပေကလပ်ပေကလပ်နှင့် သူ့ကိုကြည့်နေသည်။ စိတ်ရင်းကြောင့် ဒေါ်မြနှစ်ကို သနားသွားသည်။

"အော်လိုက်တာဟယ်. . . ကလု. . . ကလု. . . လူ့ကို လန့်သွားတာပဲ၊ နင်ကလည်း ဈေးကိုင်လိုက်တာ"

"အမေမြကလည်းဗျာ. . . လတ်မလတ် ကြည့်ရုံနဲ့သိတယ်ဗျ"

သူက ခပ်တည်တည်နှင့် အပြားချောင်းလေးကိုဆွဲထုတ်ကာ ဒေါ်မြနှစ် မျက်နှာရှေ့မှာ ထောင်ပြလိုက်သည်။ မိုးချိမ့်အား အမုန်းကြိတ်ပစ်ချင်သည့်စိတ်က ရင်ထဲမှာ လိမ့်တက်နေသည်။

"ဟား. . . ဟား. . . ဟား. . . တွေ့လား. . . ကိုယ်ဝန်ကလကို အတော်ရင့်နေပြီ၊ ဒီမှာ ဆီးက အရင်းပိုင်းထိကိုတက်လာတာတွေ့လား၊ ဒီမှာ နှစ်ရစ်ကိုတစ်ယောက်၊ တွက်ကြည့် ဒီအပေါ်ပိုင်းထိတက်တာဆိုတော့ သုံးယောက်စာ၊ ဟား. . . ဟား. . . ဟား. . . သုံးမွှာပူးပဲ အမေမြ"

"အမလေး. . . ဗုဒ္ဓေါ. . . ဘုရား. . . ဘုရားကယ်ပါ. . . သုံး. . . သုံးမွှာပူးကြီးရှိနေပြီဟုတ်လား ရဲဝေ"

ဒေါ်မြနှစ်ရင်ဝကို လက်နှင့် ဘတ်ကနဲဖိရင်း ဘုရားတ,လိုက်မိသည်။ ဤသည်ကို သူက ပြုံးပြုံးကြီးကြည့်နေသည်။

"နောက်. . . နောက်အချောင်းပြားလေးတွေရော စမ်းကြည့်ပါဦးသားရယ်"

"တစ်ချောင်းကိုသုံးယောက်ဆိုတော့ ငါးချောင်းစာမှာဆယ့်



www.burmeseclassic.com

www.burmeseclassic.com



ငါးယောက်ဖြစ်နေရင် ဘယ်နှယ့်လုပ်မလဲ အမေမြ"

"မ. . . မ. . . မဆယ့်ငါးပါနဲ့. . . ဒါ. . . ဒါဆို. . . မ. . . မ . . . မစမ်းပါနဲ့ ရဲဝေ. . . အမလေး. . . ဒုက္ခ. . ဒုက္ခ. . . ငါ. . . ငါ. . ဘယ်လိုရမလဲ ရဲဝေ. . ."

"ဟေ့ကောင်. . . ဘာပေါက်ကရပြောနေတာလဲ၊ ငါခံလာတဲ့ ရှူရှူးက နွားထီးကြီးကွ၊ ဘယ်လိုမှမဖြစ်နိုင်ဘူး ရဲဝေ"

အော်သံကြောင့် သူလှမ်းကြည့်လိုက်သည်။ ဘယ်အချိန်က ရောက်လာမှန်းမသိသော မိုးချိမ့်က သူတို့ရှေ့ရောက်လာ၏။

"မိုးချိမ့်. . . ဘာရယ်. . . ဒီကိုယ်ဝန်က နွားထီးကြီးနဲ့ ဟုတ်လား"

"ဟာဗျာ အမေကလည်းတစ်မှောင့်. . . ဒီရှူရှူးကိုပြောတာ ဗျ. . .၊ ဒါ နွားခြံကနွားထီးကြီးရဲ့ ရှူရှူးကိုခံလာတာလို့ပြောတာ. . . အမေနဲ့တော့ ဒုက္ခပါပဲဗျာ. . ."

'ဖျောင်း'ကနဲအသံ. . .၊ နံနက်ပိုင်းမှာ ကြယ်တွေလတွေမြင် လိုက်ရသည်။ မိုးချိမ့်သည် သူ့ကိုနားရင်းတစ်ချက်ရိုက်ပစ်လိုက်ခြင်းဖြစ် ၏။

"ဘယ့်နှယ့်လဲ ငရဲ. . . ငါပေးလိုက်တဲ့ Lesson လေးလှတယ် မဟုတ်လား သူငယ်ချင်း ဟား. . . ဟား. . . ဟား. . .၊ ကဲ. . . မင်းရှုံး သွားပြီ၊ ခုချိန်ကစပြီး မင်းနဲ့ငါ သူငယ်ချင်းပြန်ဖြစ်သွားပြီ ဟား. . . ဟား. . . ဟား"

ဘာမှလည်းမဆိုင်ပါလား. . .၊ သူ ဘာပြန်ပြောရမည်ပင်မသိ တော့. . .၊ သူ့မျက်နှာက ငိုရမလို ရယ်ရမလိုမျက်နှာ. . .၊ သူတို့





နှစ်ယောက်ကိုကြည့်ကာ ဒေါ်မြနှစ် အူချာပေါက်လျက် ခေါင်းကိုရမ်းခါ နေ၏။

သည်မှာပဲ မိုးချိမ့်သည် သူနှင့်ပြန်တွဲဖြစ်သွားလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို. . . ဟယ်လို ရဲဝေလား. . . ဒီမှာ ငါ ဘာလုပ်ရမှန်း မသိဘူးဖြစ်နေတယ်. . .၊ မိုးချိမ့်ဆီးစစ်တဲ့ကိစ္စ ပြဿနာတက်နေလို့"

"ဟာဗျာ. . . အမေမြကလည်း. . .၊ အခုဆို ဘာမှမဟုတ်ဘူး ဆိုတာ အမေမြရှင်းရှင်းသိရပြီပဲ. . .၊ မပြီးနိုင်သေးဘူးလား"

"ဟယ်လို. . . ဟယ်လို နင်နဲ့မိုးချိမ့်နဲ့ ကိုယ်ဝန်ကိစ္စက ငါရှင်းပါတယ်ဟဲ့"

"ဟာ ဖွ. . . ဖွ. . . ဘယ့်နှယ့်ကျွန်တော့်ကိုယ်ဝန်ကိစ္စရမှာလဲ"

"ဟယ်လို. . . ဟယ်လို. . .၊ အခုဟာက တစ်အိမ်ကျော်က ကောင်မလေးရဲ့ အမေက ငါ့ကိုတရားစွဲမလို့တဲ့. . . အရပ်ထဲမှာပြောနေတာ. . . ငါ. . . ငါ ဘယ်လိုရှင်းရမှာလဲ ရဲဝေ"





"နေပါဦး အမေမြရဲ့ သူကဘာလို့တရားစွဲမှာတဲ့လဲ"

"ဟယ်လို. . . ဟယ်လို. . . ဒီလိုဟဲ့ ငါက မြဇော်ဆီမှာ 'လကျော်ရင်မြဇော်ဆီသွား'ဆိုတဲ့အတိုင်း အဲဒီကောင်မလေးဝယ်တဲ့ ဆီးစစ်တဲ့ ဟာလေးတွေပေးပါဆိုပြီးဝယ်ခဲ့တာလေ. . . ကလေးမ ကလည်း ငါ့အိမ်မှာ လူမသိအောင်လာလာစမ်းနေကျလေ. . .၊ အဲဒါ သူ့သမီးအပျိုမကို ဒီလိုနာမည်သုံးရလားဆိုပြီး သူ့အမေကြီးက ငါ့ကို တရားစွဲခွဲမလို့တဲ့. . . ငါ. . . ငါ ဘယ်လိုရှင်းရမလဲဟင်"

သူဆက်ဆော့ခဲ့သော မိုးချိမ့်၏ ဆီးစစ်ဇာတ်လမ်းက မပြီးနိုင် သေးပါလား၊ တစ်ခါတစ်ရံကျတော့လည်း သူ့ခေါင်းက အကြံအထွက်မြန် သည်။

"ဟာဗျာ. . . အမေမြကလည်း အဲဒီအပျိုမ လကျော်ရင် သောက်နေကျသွေးဆေးလို့ပြောတာလို့ ရှင်းလိုက်ပေါ့ဗျာ. . . မြဇော်က ဘာကြီးပေးလိုက်မှန်းမသိဘူးလို့ပြောပြလိုက်ပေါ့. . . ဒါများဗျာ. . ."

"ဟယ်လို. . . ဟယ်လို. . . . အမယ်လေး ကောင်းလိုက်တဲ့ အကြံ. . . ငါ အဲလိုရှင်းပြလိုက်မယ်. . . အဲ. . . အဲ သွေးဆေးနာမည် ဘယ်လိုပြောရမလဲ"

"တစ်ရစ်လား နှစ်ရစ်လား သွေးဆေးလို့ ပြောလိုက်ပေါ့"

"ဟယ်လို. . . ဟယ်လို. . . အဲလိုပြောလိုက်မယ် သားကယ်ပေ လို့သာပဲ. . . အဲဒီသွေးဆေးက လကျော်တိုင်းမင်းသောက်နေကျ. . . မင်းအတွက်လို့ ပြောလိုက်မယ်နော်"

"ဗျာ. . . အ. . . အသေသာသတ်လိုက်ပါတော့ အမေမြရယ်"

■



www.burmeseclassic.com

www.burmeseclassic.com



အခန်း ➤ လေး

# မီးပျိုးမိုး





ပြန်လည်သင့်မြတ်သည်မှ တစ်ရက်တစ်မွန်းတည့်နှင့် တစ်နေ စောင်းပဲရှိသေးသည်။ မိုးချိမ့်သည် ပြဿနာကိုမျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် ကျည်ဆန်ရထားလို သယ်ချလိုက်ပြီဖြစ်၏။ အစက ဘယ်လိုဖြစ်သွားမှန်း သူပင်မသိလိုက်၊ ရန်ဖြစ်လို့ ထစ်ကနဲဆိုမိုးချိမ့်ပဲဆိုသည့် လက်ယဉ်နေသည့်သန္ဓေဆိုးကို ရက်ကွက်အဆင့် ပထမနေရာမှာ ယခုထက်တိုင် ယှဉ်ဘက်ကင်းနေရာယူထားဆဲ၊ စင်စစ်သည် မီးတောက်၏မီးစသည် မိထက်ပယောဂနှင့်လည်းမကင်းဟု သူ့စိတ် ဖော့တွေးလိုက်မိသည်။ သူနှင့်သူသာ စိတ်လက်လန်းကာ ရိဝေဝေညနေလှိုင်းမှာ ပျော်ပျော်မြူးပါနေပါက သူ သည်လိုဖြစ်မည်မဟုတ်၊ ယခုတော့ မီးတက်ကောက်ရိုးပွေ့လိုက်၍ သူမရှိခိုက်ခဏမှာ သူ စိတ်မထိန်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခြင်းသာဖြစ်သည်။ ရပ်ကွက်ရုံးမှာ ရင်ဘတ်ဖိနေသောအမေမြ၊ စီးကျမျက်ရည်စတွေနှင့် မိထက်၊ သုန်မှုန်ရှုတင်းနေသည့် ငသူ၊ သွေးစွန်းအကျီထက်မှ ပတ်တီးခေါင်းပေါင်းသစ်နှင့် အောင်ကြီး၊ အစဉ်အလာမပျက်ဖြေရှင်းရန် တွန့်ဆုတ်နေကြဆဲ လူကြီးများ၊ အားလုံးကို မှင်သက်ငေးကြောင်ကြည့်နေမိသော သူ့အာရုံတွင် ဖြစ်ခဲ့သည့်ဖြစ်စဉ်တွေကအနေးပြရိုက်ချက်တွေလို အဖြူအမည်းပြကွက်တွေ မြင်နေမိလေသည်။

"လောကမှာ ထုံသလောက် အူလည်လည်ဖြစ်သလောက် သဘောကောင်းတဲ့ သူဟာ ငါ့အမေပဲဆိုတာ မင်းလက်ခံသွားပြီမဟုတ်လား ငရဲ"

လက်ထဲမှ အမေမြ၏ပါမစ်ရ တစ်ထောင်တန်ခုနစ်ရွက်ကို ထောင်ပြရင်း မိုးချိမ့်ပြောသည်။ ခေါင်းလည်းမညိတ် ခေါင်းလည်းမခါဘဲ ဆက်လျှောက်နေသော သူ့ပုံစံကို မိုးချိမ့် အစာကြေပုံတော့မရ။ စိတ်ကလန်းနေတော့လည်း သည်လောက်ကို စာဖွဲ့နေမည်မဟုတ်ဆိုသည်ကို သူသိပါသည်။ ပေါင်းလာတာကကြာခဲ့ပြီလေ. . .။

"အမှန်ဆို မင်းတိုက်ရမှာ ရဲဝေ၊ မင်းဝတ္ထုတစ်ပုဒ် မဂ္ဂဇင်းမှာပါလာတယ်ဆို ဇာတ်ကောင်က မင်းလိုပဲ အူကြောင်ကြောင်နဲ့၊ ဟောကောင် အဲဒီကောင်မလေးက အပြင်မှာတကယ်မရှိဘူးမဟုတ်လား၊ မင်းဝါသနာကြီးကလည်း ငါနဲ့တော့Keyကီးအလွဲကြီးပါကွာ၊ ဒါပေမယ့်ဆက်ချပါ၊ ယောက်ျားဆိုတာ ဇွဲရှိရတယ်ကွ"

စိတ်ကောင်းဝင်နေပုံရသည်။ ဘယ်တုန်းကမှ ဩဘာမပေးခဲ့ဖူးသော သူ စာရေးသည့်ဝါသနာကို အားပေးနေသည်။ သည်လိုစိတ်ကလေးမှန်နေသည့်အခါဆိုလျှင်တော့ သူ မိုးချိမ့်ကို သံယောဇဉ်ရှိပါ





သည်။ နောက်ဘက်ဆီမှ စက်ဘီးဘဲလ်မြည်သံကြောင့် နှစ်ဦးသားဘေးကပ်ပေးလိုက်သည်။ စက်ဘီးက သူတို့ဘေးမှာရပ်သွားသည်။ ကြည့် လိုက်တော့ မိထက်ဖြစ်နေ၏။

"အိုး. . . မိထက်. . . အချစ်လေး ဘယ်သွားမလို့လဲ"

"နင်တို့ နောက်ကိုလိုက်လာတာပေါ့ဟ"

"အိုး. . . ဘယ်လိုက်လို့ရမလဲ မိထက်ရာ၊ ငါတို့သွားတဲ့နေရာက မိန်းကလေးလိုက်လို့မသင့်ဘူး၊ ငါတို့ယောကျ်ားလေးတွေပဲသွားတဲ့နေရာ သိတယ်မဟုတ်လား၊ ရွှေဘုန်းကိုသွားသောက်မလို့ အချစ်လေးရဲ့"

"ငါကလည်း ရွှေဘုန်းကို လိုက်လာတာမဟုတ်ဘူး ငသူ၊ ငါ ရဲဝေနဲ့ ကိစ္စရှိလို့ နင်တို့နောက်လိုက်လာတာ. . . ဟွန်း"

စကားထဲမှာ သူ့နာမည်ပါလာတော့ သူမိထက်ကို မေးဆတ်ပြလိုက်ရင်း မေးလိုက်မိသည်။

"ဘာကိစ္စရှိလို့လဲ မိထက်၊ ငါ့ကို ချောဆွဲမလို့လား"

"မဟုတ်ပါဘူး ရဲဝေရာ၊ ငါ နင့်ဆီက ဟိုစာအုပ်ကြီးလာငှားတာ၊ တစ်သက်တာမှတ်တမ်းလေ၊ ငါ့ကို အခု နင့်အိမ်ပြန်ပြီး အဲဒီစာအုပ်ကြီး သွားယူပေးစမ်းပါ"

"မိထက်ရာ လုပ်ချလိုက်ပြန်ပြီ၊ အဲဒါကြီး ငါ့ဆီမှာမရှိဘူးဟ၊ နင် ကောက်ရိုးပွေ့လို့ မနေ့ကပဲ ငါ လဲ့လဲ့အဖေကြီးဆီ သွားပို့လိုက်ရပြီလေဟာ၊ တစ်ပတ်လောက်နေမှ ငါပြန်ယူပေးမယ်လေ"

မိထက်မျက်နှာ ချက်ချင်းသုန်မှုန်သွားသည်။ သူ နည်းနည်းလန့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး ရဲဝေ၊ ငါက အဖေ့ကို ရဲဝေဆီ ခုသွားယူပေးမယ်လို့ ပြောပြီးထွက်လာတာ"

"နင်ကလည်းဟာ နင့်အဖေကို အကျိုးအကြောင်းပြောပြလိုက်ပေါ့၊ ငါ မနေ့ကမှ လဲ့လဲ့အဖေကြီးကို ငှားလိုက်လို့လို့ပြောလိုက်လေ"

"နင်ပဲ . . . ဟိုနေ့ညနေကပြောတော့ လဲ့လဲ့အဖေကြီးကို မငှားချင်လို့လို့ပြောတာလေ၊ ခုကျ ဘာလို့ငှားလိုက်လဲ၊ နင် မငှားချင်လို့ဆိုလို့ ငါက အဖေ့ကို လောကွတ်လုပ်လိုက်တာလေ၊ နင်ပဲ လဲ့လဲ့အဖေကို မငှားဘူးဆိုပြီး ငှားလိုက်လဲ၊ နင်ယောကျ်ားလား . . . မိန်းမလား . . . ပြော"

"အဲဒီကောင်က မိန်းမ၊ ငါက ယောကျ်ားလေ မိထက် . . . ဟား . . . ဟား . . . ဟား . . ."

ရန်တွေ့နေသောမိထက်ကို မိုးချိမ့်က ကြားဝင်ပြောသည်။ မိထက်က အဲလိုချည့်ပဲဖြစ်သည်။ သူနှင့်ပတ်သက်လျှင် အပိုင်ကြီးချည်ကာ လုပ်ချလာစမြဲ . . .။ မိထက်သည် သူ့ကို ငယ်နိုင်လို့ပဲသဘောထားသည်။

"မသိဘူးဟာ . . . ဘာမှမပြောနဲ့တော့၊ ရေဘူးမရှိဘူး၊ မပြောနဲ့ ရေပါတာပဲလိုချင်တယ်၊ နင့်ဟာနင် ဘယ်လိုနည်းနဲ့ပြောပြော အဲဒီစာအုပ်ကြီး ငါအခုရချင်တယ် . . . ဒါပဲ . . . ရဲဝေ"

"ဟုတ်သားပဲ ငရဲရာ၊ သွားယူပေးလိုက်ပါ၊ မိထက်က ငါတို့ရဲ့ ငယ်သူငယ်ချင်း၊ သူ့အဖေအန်ကယ်လ် ဦးလင်းနိုင်ဆိုတာလည်း ငါတို့မျက်စိရှေ့မှာကြီးလာတာ၊ သူတို့ကိုပဲဦးစားပေးရမယ် ငရဲ"

မိုးချိမ့်ကပါ ဘေးဆိုင်းဝင်တီးပေးနေတော့ သူရုန်းမရတော့။





တစ်ဘက်သားအပေါ် အားနာစိတ်နှင့် သူ အကျဉ်းအကြပ်ဖြစ်နေပုံကို မိထက် စိတ်ရှည်ပုံမရ . . .။ စက်ဘီးအား သူ့ဆီထိုးပေးလိုက်သည်။

"ရော့ . . . စက်ဘီးနဲ့သွားယူလိုက်၊ ငါနဲ့သူ ရှေ့ကအအေးဆိုင်ကစောင့်နေမယ်၊ သွားလိုက်တော့ ရဲဝေ"

နှစ်ယောက်လုံးကို မကျေမနပ်ကြည့် မကျေမနပ်ပြောရုံမှလွဲ၍ သူ ဘာမှမတတ်နိုင်ပါ။

"ဖြစ်လေရာ ဘဝတိုင်းမှာ နင်တို့လို သူငယ်ချင်းမျိုးတွေနဲ့ မဆုံပါရစေနဲ့လို့ ငါဆုတောင်းလိုက်ပါတယ်၊ နင်တို့ တစ်နေ့သိမယ် . . . ဟွန်း"

ဒေါကန်သွားသောသူ့ကိုကြည့်ကာ မိထက်နှင့် မိုးချိမ့် နှစ်နှစ်ပျော်ပျော်ရယ်သည်။ ရယ်သံကို နောက်မှာထားခဲ့ပြီး သူစက်ဘီးကို နင်းထွက်လာခဲ့သည်။ သူတို့နှစ်ဦးကို အအေးဆိုင်မှာ ဤသို့ထားရစ်ခဲ့ခြင်းကပင် သူမရှိခိုက်မှာ မိုးချိမ့်အတွက် မီးတောက်ရန်စတစ်ခု ဖြစ်သွားခဲ့သည်မဟုတ်ပါလား။

* * *



www.burmeseclassic.com

www.burmeseclassic.com



"မိထက်. . . နင် ငရဲကို ဘယ်လိုသဘောရလဲ"

"ဟာ. . . ဘာကိုပြောတာလဲ သူ"

"နင် သူ့ကို သဘောကျလား၊ နင် ငရဲကိုယူလိုက်ပါလား"

"ဟယ်. . . သူ. . . နင်. . . နင်. . ."

ထိပ်ပြာတုန်လှုပ်သွားသော မိထက်ကိုကြည့်ကာ မိုးချိမ့်ရယ်သည်။

"ဟုတ်တယ်၊ စိတ်ကူးမလွဲနဲ့၊ နင်နဲ့ဆို ဒီကောင့်ကို ငါ သဘောတူတယ်"

"တော်ပါတော့ သူရယ်"

မိထက် ခေါင်းငုံ့သွားသည်။ ကြည့်ရသည်မှာ တော်တော့်ကို





တုန်လှုပ်သွားသည့်ဟန်၊ စားပွဲပေါ်မှ သံဘူးရည်ဖန်ခွက်ကို တစ်ချက်ငုံလိုက်သည်။ ကာလများစွာပြောဆိုမနာ ပွင့်လင်းခဲ့ကြသည့် သူငယ်ချင်းမ၏ မိန်းမပျိုလေးလိုရှက်ရွံ့သွားဟန်ကိုကြည့်ကာ မိုးချိမ့်၏ရင်ထဲမှာ မိထက်ကို ချစ်သွားလေသည်။ ဖြူဖြူပါးပါးကောင်မလေးအား မိုးချိမ့်ထပြီး ဖက်နမ်းချင်စိတ်ပင်ပေါက်သွား၏။ ငါက ယောကျ်ားလေအားနွဲ့တဲ့မိန်းကလေးတစ်ယောက်ကို စိတ်လိုက်မာန်ပါမလုပ်သင့်ဘူး၊ အသိနှင့် စိတ်ကို ချိုးပစ်လိုက်သည်။

"နောက်ကို အဲလိုစကားမျိုး နင့်ပါးစပ်ကမထွက်ပါနဲ့ သူ၊ ရဲဝေအပေါ်မှာ ငါ့စိတ်က ဘယ်လိုမှမရှိသလို. . . သူကလည်း ငါ့အပေါ် မှာ ဘယ်လိုစိတ်မျိုးမှမရှိပါဘူး၊ ရဲဝေရော နင်ရော ငါရောဟာ သုံးယောက်လုံး အဖြူထည်ချည့်ပါပဲဟာ၊ နောက်ပြီး နင်မသိသေးလို့ပါ၊ ရဲဝေကတော့ သိပြီးသား ငါက မကြာခင် အိမ်ထောင်ပြုတော့မှာဟ"

မိုးချိမ့်ကိုယ်လေးဆတ်ကနဲတောင့်သွားသည်၊ ပါးစပ်အဟောင်းသားနှင့် မိထက်ကိုကြည့်နေမိသည်။ ရင်သည် တဒုတ်ဒုတ်ခုန်လှုပ်လာ၏၊

"မိထက်. . . နင် ဘယ်တုန်းက ရည်းစားထားလိုက်တာလဲ"

"ရည်းစားမဟုတ်ဘူး၊ အဖေတို့ သဘောတူတာပါ၊ ငါကလည်း ခေါင်းညိတ်ပြီးသား၊ အေးဆေးပါ၊ ဘာပြဿနာမှမရှိပါဘူး"

မိုးချိမ့်ပုံစံက လက်ခံချင်ပုံမရ၊ ဦးခေါင်းကိုရမ်းခါနေသည်၊

"မဟုတ်သေးဘူး. . . မဟုတ်သေးဘူးမိထက်၊ နင်တို့မိန်းမတွေဟာ ဒီလိုပဲ ပျော့ညံ့တယ်၊ ငါတို့ယောကျ်ားတွေလို သတ္တိမရှိဘူး"

"နင်ကရော အဲဒီကောင့်ကိုချစ်လား"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတလေတော့ရင်ခုန်တယ်၊ ရင်ခုန်ရင်အချစ်ဆိုရင်တော့ ကိုတင်မြင့်ကျော်ကို ငါ တစ်ခါတလေတော့ ချစ်တယ်ပေါ့ဟာ"

မိုးချိမ့်ခေါင်းကို ရမ်းခါပြန်သည်။ မိုးချိမ့်စိတ်အိုက်နေပြီ. . .။

"ဒါဆို နင် ငရဲကိုရော ရင်ခုန်ဖူးလား"

မိထက် ရယ်သည်။ လှောင်ရယ်ဖြစ်သည်။

"ဝေးပါသေးရဲ့၊ တစ်ခါမှရင်မခုန်ဖူးဘူး၊ ရင်ခုန်ဖို့နေနေသာ သာ ရဲဝေကိုမြင်ရင် ငါက ခေါင်းပဲခေါက်ပစ်ချင်နေတာ ဟား ဟား"

မိုးချိမ့်မျက်နှာတည်သွားသည်။ မိထက်ကို စူးစူးကြည့်သည်။

"ငါ့ကိုရော. . .နင် ရင်ခုန်လား"

မိထက် မျက်လုံးပြူးသွားသည်။ ပြီးတော့ နှုတ်ခမ်းတွေပြုံးသွားသည်။

"နင့်ကို. . .ဟုတ်လား. . .ပိုတောင်ဆိုးသေးတယ်၊ နင့်ဆို ငါက ကန့်လန့်ကြီးမြင်နေတာ သေချာ"

"တော်စမ်း. . .မိထက်"

မိုးချိမ့် ဒေါသတကြီးအော်လိုက်သည်။ မိထက်လန့်သွား၏။

"နင်တို့ မိန်းမတွေဟာအလကားပဲ၊ ဦးနှောက်မရှိတဲ့ဟာတွေ တောက်"

မိုးချိမ့် ထလိုက်ပြီး ချာကနဲ ကျောခိုင်းထွက်သွားသည်။

"သေချာ. . .သေချာ. . .ဘယ်လဲ. . .နင်ဘယ်သွားမလို့လဲ၊ ငါ. . . ငါ့ကို ထားခဲ့မလို့လား"

မိုးချိမ့်ခြေလှမ်းတွေ တုန့်ကနဲ ဘရိတ်ဝင်သွားသည်။ မိထက် ကို လှည့်ကြည့်လိုက်သည်။ နှုတ်ခမ်းကမဲ့မဲ့. . .။





"နင့်လို မိန်းကလေးတစ်ယောက်ကို ငါ့လိုယောက်ျားတစ်ယောက် က ထားခဲ့ပါ့မလား မိထက်၊ ခဏလေးပါ၊ ဟိုဘက်ကတရုတ်ရဲ့ဆိုင် ခဏလေးပဲ၊ နင့်ကြောင့် ငါ့ရင်ထဲမှာ ဝုန်းကနဲထသွားတဲ့မီးတောက်တွေ ကို နှစ်ပက်လောက်ထည့်ပြီး ငြိမ်းပစ်မလို့"

လောကကြီးတွင် မိုးချိမ့်အမုန်းဆုံးစကားမှာ တစ်စုံတစ်ယောက် က သူ့ကို ကန့်လန့်ကြီးမြင်သည်ဟု ပြောခံရခြင်းဖြစ်သည်။ ဟိုကောင် ငရဲကလည်း သူ့ကို သဘာဝကန့်လန့်ဟု တစ်ခါတလေ သမုတ်တတ် သည်။ ငါ ဘာမှမဖြစ်ဘူး၊ လူတွေကပဲ အမှားတွေလုပ်နေကြတာပါ။

သုန်မှုန်မျက်နှာနှင့် ကောင်တာရှေ့ရပ်ကာ လက်နှစ်ချောင်း ထောင်ပြလိုက်သည်။ တရုတ်ကြီးက ပျာပျာသလဲနှင့် ဖန်ခွက်ထဲမှာ နှစ်ပက်ခန့်သာသာပိုပိုထည့်ပေးသည်။ အပိုးချိုးပြီးသားဆိုတော့ ခေါက် ရိုးကြေနေပြီ။ ရေသန့်ရေခဲသုံးတုံး ညှပ်နှင့်ထည့်သည်။ ကလပ်ဆိုဒါတစ် ပုလင်းအဖုံးဖွင့်လျက် အသင့်ရှေ့တိုးပေးလိုက်သည်။ ကောင်တာရှေ့မှာ ပဲ တက်ဆက်က ကောင်းဘွိုင်လိုမော့ချလိုက်မည်ကြံကာမှ. . .

"မိုးချိမ့်. . .လာလေကွာသူငယ်ချင်း"

လျှာဒရွတ်ဆွဲ ဖိတ်မန္တကပြုသံကြောင့် လှည့်ကြည့်လိုက်သည်။ တစ်ရပ်ကွက်တည်းသား ဟိုဘက်လမ်းထဲက အောင်ကြီးဖြစ်နေ၏။ ဆိုဒါဆူကြွဖန်ခွက်ကိုကိုင်လျက် အောင်ကြီး၏စားပွဲမှာ မိုးချိမ့်ညစ်ညစ် နှင့် ထိုင်လိုက်သည်။ ဖန်ခွက်တစ်ဝက်မျှ စီးမြောမြိုချပစ်လိုက်သည်။ ဝန်းကန်ထဲက ကြက်ခြောက်ကြော်တစ်တုံးကောက်ဝါးပစ်လိုက်၏။

"မှည့်တယ်ကွာ. . .ပိန်တာက အားဆေးထိုးပေးလို့ရတယ်၊ ငါတာ အဲလိုဖြူဖြူဝင်းဝင်းလေးဆို သိပ်သဘောကျတယ်၊ မိုးချိမ့် မင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



တွဲဝင်သွားတဲ့ မင်းသူငယ်ချင်း အဲဒီကောင်မလေးကို ငါလိုချင်တယ်ကွာ၊ အဲဒါ မင်းရဲ့ရည်းစားမဟုတ်ဘူးမဟုတ်လား မိုးချိမ့်"

မိုးချိမ့် မျက်မှောင်ကျုံ့သည်။ အောင်ကြီးကိုကြည့်သည်။ အကြည့်စူးတော့ အောင်ကြီးခန္ဓာကိုယ် ဆတ်ကနဲဖြစ်သွားသည်။

"ပါးစပ်ပိတ်ထား အောင်ကြီး၊ တန်ရာတန်ရာပြော"

ဖန်ခွက်ကို ကောက်မပြီးပြန်အချမှာ လက်ကျန်တဝက်ရှင်းပြီး ဖြစ်သွားသည်။ မိုးချိမ့် တိုင်ရာမှထလိုက်သည်။ မိထက်ကို အကြာကြီး ပစ်ထားခဲ့လို့မရ. . .။

"မြန် လှချည့်လား၊ ငါ တကယ်ပြောတာပါ မိုးချိမ့်ရာ၊ အဲဒီကောင်မလေး ငါ့ကိုပေးကွာ၊ မင်းလည်း ဘာမှလုပ်ရှုးလို့ရတာမဟုတ်ဘဲနဲ့၊ ဟဲ. . . ဟဲ. . . ဟဲ. . ."

မိုးချိမ့် အောင်ကြီးမျက်နှာကို စူးရဲကြည့်လျက် လက်ညှိုးထိုးလိုက်ကာ သတိပေးစကားပြော်လိုက်သည်။

"ငါ့လက်ကိုသိတယ်နော် အောင်ကြီး၊ မင်းကို ပါးစပ်ပိတ်လို့ ငါသတိပေးထားတယ် ဟော့ကောင်"

အောင်ကြီးစားပွဲမှ မိုးချိမ့်ကျောပေးအထွက်လိုက်မှာပင် ဘယ်ညာခြေနှစ်လှမ်းပဲ လှမ်းရသေး၏။ အရစ်မပြေသေး။ အောင်ကြီး၏ အမူးစကားက မိုးချိမ့်ရင်ထဲက အုံကြွဒေါသကို ထိုးကော်ဆွလိုက်သည့်နှယ်. . .။

"တကယ်တန်းကျ မင်းက ပိုမိတယ်မိုးချိမ့်၊ မျက်နှာလေးရောဘော်ဒီရော ဘာမှပြောစရာမလိုဘူးကွ"

"ဟာကွာ. . . ဒီကောင်"





မိုးချိမ့် အံကြိတ်ကြိမ်းဝါးလိုက်ရင်း အနီးရှိစားပွဲပေါ်မှပုလင်းကို ကောက်ကိုင်လိုက်သည်။ ခန္ဓာကိုယ်သည် ရုတ်ချည်း နောက်သို့လှည့်သွား၏။ တစ်ဆက်တည်းပင် ပုလင်းကိုင်ညာလက်က မြောက်တက်သွားသည်။ 'ခွမ်း'ကနဲအသံ။ ပုလင်းကွဲတွေ လွင့်စင်ဖွာကျသွားသည်။ အောင်ကြီး၏အထိတ်တလန့်အော်လိုက်သံ။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မျှသောအချိန်. .။ ပါးစပ်အဟောင်းသား မျက်လုံးပြူးကျယ် မှင်သက်ငေးကြောင်နေသော အောင်ကြီး၏ဦးခေါင်းနားသယ်စောင်းထိပ်မှ သွေးတွေ စီးဖြာကျလာသည်. . .။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားချင်းပဲကွာ. . . ဒွဲပေါ့၊ လက်လက်ချင်း တုတ်တုတ်ချင်း ဓားဓားချင်း ဒွဲဖိုက်ပစ်ရမယ့်ကိစ္စ၊ ခုကျတော့ လူကြီးတွေ အားအားလျားလျား၊ အလုပ်ရှုပ်ကုန်ပြီ အောင်ကြီး၊ မင်း ဘယ်လောက်မိုက်လို့လဲ"

ရပ်ကွက်ရုံးကလူကြီးတွေရှေ့မှာပင် မိုးချိမ့်က အောင်ကြီးကို ထပ်ပြီးစိန်ခေါ်နေပြန်သည်။ အောင်ကြီးက ခွန်းတုံ့မပြန်။ အောင်ကြီး မိခင်ကြီးကတော့ ကက်ကက်လန်ရန်တွေ့သည်။

"အံမယ် ရာရာစစ. . လူကြီးတွေရှေ့မှာတောင် မိုက်ရိုင်းတဲ့ ကာလနာ၊ ပုံမဟုတ်ပတ်မဟုတ်ကမျာား၊ ဟွန်း. . . အရှိုင်းအစိုင်း အုတ်ကြားမြက်ပေါက်ရဲ့၊ နင် လူကမွေးတာမှဟုတ်ရဲ့လား၊ မျိုးရိုးကိုက





ဘယ်ဥ ကပေါက်လို့ ဘာကောင်မှန်းမသိတဲ့ဟာ. . . ဟွန်း"

မိုးချိမ့်ကိုထိတော့ ဒေါ်မြနှစ်လည်း ဆွေ့ဆွေ့ခုန်သွားသည်။

"နင်က ဘာကောင်မမို့ ငါ့သားသမီးကိုပြောရတာလဲ မိသိန်းရီရဲ့၊ ဒီမှာ ငါတို့က မျိုးရိုးသန့်ပြီးသား၊ နင်က အောင်ကြီးတစ်နှစ်သားက လင်ကြီးငုတ်တုတ်ရှိလျက်နဲ့ လင်ငယ်နောက်လိုက်ပြေးဖူးတဲ့ဟာမ၊ လှေကြီးပေါ်လှေငယ်တင်တဲ့မျောက်မ. . . ဟွန်း၊ နင်ကရော ဘာကောင်မမို့လို့လဲ. . . ပြောစမ်း"

"အံမယ်. . . အဲဒီတုန်းက ငါသဘောနဲ့ငါ လင်ငယ်နောက်လိုက်တာမဟုတ်ဘူး မြနှစ်၊ ငါ့ကို မြူဆွယ်တဲ့သူရှိလို့ ငါစိတ်ပါသွားတာ၊ ဒီမှာ ရပ်ကွက်ဥက္ကဋ္ဌကိုဖိုးလုံး သက်သေရှိတယ်"

ဦးဖိုးလုံး မျက်လုံးပြူးသွားသည်။ ဘုန်းကြီးအမှုရှာပတ်ပြီထင့်။

"ဘာဆိုင်လို့လဲ. . . ကျုပ် ဘာမှမသိဘူး ဒေါ်သိန်းရီ"

"ဟုတ်တယ် ကိုဖိုးလုံးကတော့မသိဘူး၊ ကိုဖိုးလုံးအမေ ဒေါ်ရွှေတင့်သိတယ်၊ ဒေါ်ရွှေတင့် မသေသေးဘူး၊ ခေါ်မေးလို့ရတယ်၊ သူ မြှူဆွယ်လို့ ငါစိတ်ပါသွားတာ၊ သိန်းရီမ လင်ငယ်နေစမ်းပါတဲ့၊ ငါဆို လင်ငယ်ကို သုံးယောက်ရှိသွားပြီတဲ့၊ ဖိုးလုံးတောင် ဘယ်သူနဲ့ရတာမှန်းမသိ. . . သိ. . . သိ. . ."

'ဗုန်း'ကနဲအသံ။ ဦးဖိုးလုံး ဝုန်းကနဲထကာ စားပွဲကို လက်နှင့်ဒေါသတကြီးပုတ်ပစ်လိုက်သည်။

"ခင်. . . ခင်ဗျားတို့. . . ရပ်. . . ရပ်ကြစမ်း၊ မရပ်လို့ကတော့ နှစ်ယောက်လုံးကို ခြမ်းပစ်မယ်"

"အို. . . ဘယ်လို. . . ကိုဖိုးလုံး. . . ခြမ်းပစ်မယ်. . . ရှင်



www.burmeseclassic.com

www.burmeseclassic.com



. . . ရှင် . . .”

ဒေါ်သကြောင့် ဦးဖိုးလုံး စကားမှားသွားသည်။ ဖမ်းချုပ်ပစ်မယ်ဆိုသည်ကို ပြောင်းပြန်ပြောမိသွားသည်။ ဒါပေမယ့် ဘာအဓိပ္ပါယ်နှင့် ကြောက်ကြသည်မသိ။ ဒေါ်သိန်းရီရော ဒေါ်မြနှစ်ရော မလှုပ်ရဲတော့။ ငြိမ်လို့ . . . ကုတ်လို့ . . .။

“ခင်ဗျားတို့ဗျာ . . . ကလေးတွေကိစ္စ ဖြေရှင်းဖို့မစဉ်းစားဘဲ နင်ပဲငဆစကားများနေရတယ်လို့ ကဲ . . ဒီကိစ္စ ဘယ်လိုရှင်းမလဲ၊ ဘာဖြစ်ချင်ကြလဲ ပြောကြ”

သူသည် အောင်ကြီးနှင့်ယှဉ်ကပ်လျက် ထိုင်နေခြင်းဖြစ်သည်။ သူက အောင်ကြီး၏လက်နှစ်ဘက်ကို နွေးထွေးစွာဆုပ်ကိုင်လိုက်သည်။

“အောင်ကြီး . . . သေ့အစား မင်းကို ငါ အနူးအညွတ်တောင်းပန်ပါတယ်ကွာ၊ ငါတို့တွေက မနက်လင်းတာနဲ့ လက်ဘက်ရည်ဆိုင်မှာ တစ်ယောက်မျက်နှာတစ်ယောက် မြင်နေကြတဲ့သူတွေပါ၊ ရပ်ကွက်သားချင်းပဲ၊ သေ့ကိုနားလည်ပေးပါ၊ ခုကိစ္စကို ဒီမှာပဲ ကျေအေးလိုက်ရအောင် သူငယ်ချင်းရာ . . . နော့”

ဒေါ်မြနှစ်သည် မိုးချိမ့်လက်ကို ဆုပ်ထားကာ မျက်နှာထားနှင့် သတိပေးရှုတင်းနေ၍လားမသိ။ မိုးချိမ့် တစ်ခွန်းမှ စောဒကမတက်ဘဲ သုန်မှုန်နေသည်။

“သာရေးနာရေးမှန်သမျှလည်း မင်းတို့ငါတို့တတွေပဲ စည်းစည်းလုံးလုံး လုပ်နေကြတာလေကွာ၊ ဒီစည်းလုံးမှုလေးကိုလည်း ဒီကိစ္စကြောင့် မပြိုပျက်သွားစေချင်ဘူး၊ ငါမင်းကို တောင်းပန်ပါတယ်အောင်ကြီးရာ၊ ငါတို့ ဒီမှာပဲ ကျေအေးလိုက်ကြရအောင်ပါ”





နှုတ်ခမ်းကိုမဲ့လျက် အောင်ကြီးပြုံးသည်။ ပြီးတော့ သက်ပြင်းချသည်။

“ရပါတယ်ကွာ၊ မင်းပြောသလိုပဲ ရဲဝေ၊ ရပ်ကွက်သားချင်းလူငယ်တွေပဲ၊ သေ့ကို ငါနားလည်ပါတယ်၊ ငါ့ဘက်ကလည်း သူမခံချင်အောင်ပြောမိတာ လွန်သွားတယ်၊ အရှည်ကိုတွေးကြည့်ပြီး ငါကျေအေးလိုက်ပါတယ် ရဲဝေ”

ပြောပြီးနောက် အောင်ကြီးသည် မိုးချိမ့်ကိုကြည့်လိုက်သည်။ သူသည် အောင်ကြီး၏မျက်လုံးတွေကို ကြိုးစားကာဖမ်းကြည့်သည်။ သူ့ ရင်သည် တဆတ်ဆတ်လှုပ်ခါလာ၏။ အောင်ကြီး၏မျက်ဝန်းအကြည့်တွေကို သူမကြိုက်ပါ။ မျက်ဝန်းထဲမှာ ခွင့်လွှတ်နားလည်ရိုးချည်တွေကို မတွေ့ရ။ အငြိုးအတေးတွေ ရစ်ဖွဲ့ဖုန်းဖိထားသည်ဟု သူခံစားမိလိုက်သည်။ ဘာ့ကြောင့်ရယ်မသိ။ တစ်နေ့တွင် အောင်ကြီးသည် မိုးချိမ့်အား ဘဝဖျက်တော့မည်ဟု သူတွေးထင်မိလိုက်သည်။

မိုးချိမ့်သည် မီးကိုပျိုးခဲ့ပြီ . . .။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

## ငယ်စာရင်းပျောက်တဲ့ တရားခံ





"မိထက်ရေ. . . မိထက်"

ပျာယီးပျာယာ ဖိုသီဖတ်သီလှမ်းဝင်လာသော သူ့ခြေလှမ်းတွေ မိထက်တို့ဧည့်ခန်းဝမှာ တုန့်ကနဲဖြစ်သွားသည်။ ဧည့်ခန်းထဲမှာ မိထက်နှင့်အတူထိုင်နေသော ဧည့်သည်တစ်ယောက်ရှိနေသည့်အတွက် ဖြစ်သည်။ လူက လူရည်သန့်. . .။ ရုပ်ရည်လည်းရှင်းသည်။ ဂုဏ်တင့်သူလည်းဖြစ်လိမ့်မည်။ သူ့ထက်တော့ ငါးနှစ်လောက်ကြီးမည်ထင်၏။ ယောင်တိယောင်မှားနှင့် ရုတ်တရက် နောက်လှည့်ကြည့်မိလိုက်သည်။ အိမ်ရှေ့မှာရပ်ထားသော တိုရိုတာဆလွန်းကားအဖြူလေးကို ယခုမှ သူ သတိပြုမိလိုက်သည်။ သူ့စိတ်ထဲမှာ ဧည့်သည်ကို တော်တော်လေး အား နာသွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"sorry ဟာ၊ ညော့သည်ရှိနေတာ ငါမသိလိုက်ပါဘူး၊ ဟို. . . တိုလေဟာ အမေသက်ရှိလား"

"အမေ မီးဖိုထဲမှာရှိတယ်၊ အဖေကတော့ ရုံးမှာ၊ နှင် အမေ နဲ့တွေ့ချင်ရင် အထဲကိုကြွ"

မိထက်၏အငေါ်တူးစကားကို ရယ်ကျဲကျဲမျက်နှာနှင့် တုန့်ပြန်ရင်း ညော့သည်ကို ဦးညွတ်ပြလိုက်မိသည်။ သူက သူစိမ်းတစ်ရုံဆံနှင့်တွေ့လျှင် သည်လိုပဲ အူကြောင်ကြောင်ဖြစ်တတ်သည်။

"ခွင့်ပြုပါဦးခင်ဗျာ၊ ကျွန်တော် အထဲကိုကြွလိုက်ပါဦးမယ်"

မိထက်၏ ခွိကနဲရယ်သံကြားလိုက်ရသည်။ ညော့သည်ကလည်း ယောင်မှားမှားနှင့်ခေါင်းညိတ်ပြသည်။ သူ အတွင်းခန်းဘက်သုတ်ခြေတင်သည်။ ညော့ခန်းထဲမှ မိထက်၏ကောင်းချီးထောပနာပြုသံက ကျောဘက်ထပ်ချပ်ကပ်ပါလာ၏။

"အဲဒီကောင်က အဲလိုပဲ ကိုတင်မြင့်ကျော်၊ သူက အူကြောင်ကြောင်ရယ်"

သူ့ခြေလှမ်းတွေ တုန့်ကနဲဖြစ်သွားသည်။ မီးဖိုခန်းဘက်သို့ဆက်မရွေ့ဖြစ်တော့။ သူ့ကိုဒီလိုပြောသော မိထက်ကို စိတ်ထဲမှ ကျိန်ဆဲမေတ္တာပို့လိုက်သည်။ နံရံကိုကျောမှီလျက် ခြေထောက်တွေက အလိုလိုသည်နေရာမှာပဲ ကျောက်ချသွားသည်။ မိထက် သူ့အကြောင်း ဘာဆက်ပြောမည်ကို နားစွင့်မိခြင်းဖြစ်ပါသည်။

"သူ့နာမည်က ရဲဝေလေ၊ ထက်နဲ့ငယ်သူငယ်ချင်းတွေ၊ အရမ်းနိုးတယ်၊ မြင်တဲ့အတိုင်းပဲ အူကြောင်ကြောင်လေ၊ ထက်ကတော့ ခိုင်းစရာရှိရင် သူ့ပဲခိုင်းရတာပဲ၊ ခိုင်းလို့ တလွဲလုပ်လာရင် ထက်က သူ့ခေါင်း





ကိုခေါက်ပစ်တာပဲ၊ သူက ထက်ကိုကြောက်တယ်၊ သနားဖို့တော့ကောင်းပါတယ်ကွား ဘယ်လိုပြောရမလဲ၊ ဒီလိုကွာ. . . သူက ချို့တဲ့တယ်၊ အခုလည်း ဒီကောင် ထက်ဆီ ပိုက်ဆံလာဆွဲတာနေမှာ၊ ဘယ်တော့မှလည်း ပြန်ဆပ်နိုင်တာမဟုတ်ဘူးရယ်၊ ထက်ကလည်း ဒီကောင့်ကို ပိုက်ဆံချေးရင် အဆုံးလို့ပဲသဘောထားပြီး ပေးလိုက်တာပါ"

"သြော်. . . အားနာစရာကွာ၊ သူ့ကိုခေါ်ပြီး ကိုယ့်ဆီကယူပေးလိုက်ပါလား"

"နေပါစေ. . . ဒီကောင်က အများကြီးလည်းချေးတာမဟုတ်ဘူးရယ်၊ စိတ်ထဲမထားပါနဲ့ ကိုတင်မြင့်ကျော်"

စကားသံတွေက သူ့နားထဲမှာ ချော်ရည်ပူတွေလိုစီးဝင်သည်။ ရှက်ရွံ့ခံပြင်းစိတ်က သူ့ရင်ကို ဖိစီးတိုးဆောင့်လာသည်။ ရှက်လိုက်တာ၊ ငါဟာ အဲလိုလူတစ်ယောက်ဖြစ်နေပြီလား၊ သူ အံကြိတ်ထားမိသည်။ ရင်သည် နာကျင်နင့်သက်နေ၏။ မည်သည်ကို ဒေါသထွက်နေမှန်း သူ့ကိုယ်သူမသိပါ. . .။

"ထက်တို့က သူငယ်ချင်းသုံးယောက်ရှိတာ၊ တကယ့်ငယ်ပေါင်းတစ်ယောက်ရှိသေးတယ်၊ မိုးချိမ့်သူတဲ့၊ သူကလည်း စိတ္တဇလို့ပဲပြောရမှာပဲ၊ မိန်းမလိုနေရင်အတော်လှမှာ၊ ဒါပေမယ့် ယောက်ျားစိတ်ပေါက်နေတဲ့ စိတ္တဇလေ"

"ဟင်. . . ထက်သူငယ်ချင်းတွေကလည်း မမိုက်ပါလား၊ ဖြစ်ရလေ၊ တစ်ယောက်ကလည်းစိတ္တဇ၊ တစ်ယောက်ကလည်း အူကြောင်ကြောင်. . . ဟား. . . ဟား. . . ဟား. . ."

"ဟုတ်တယ်. . . အဲလိုပဲ၊ ဒါပေမယ့် နှစ်ယောက်လုံး တကယ့်



www.burmeseclassic.com

www.burmeseclassic.com



ကို ရိုးသားကြတယ်၊ အဲလိုပေါ့နော် ဟင်း. . . ဟင်း. . . ဟင်း"

ရှက်စိတ်နှင့်ကြေကွဲခြင်းသည် သူ့နှလုံးအိမ်အား ပင်လယ်လှိုင်းလုံးတွေလို ရိုက်ဆောင့်နေသည်။ ထိခိုက်ခံရခက်ခြင်းကြောင့် မျက်ဝန်းမှာ မျက်ရည်ပူတို့ဝေ့သီလာသည်။ မျက်လုံးစုံပိတ်ကာ အံကြိတ်လျက်သူ မှိုရပ်နေမိသည်။

"ဟဲ့. . . ရဲဝေ. . . ဘာလို့ ဒီမှာရပ်နေတာလဲ၊ အိမ်ရှေ့သွားထိုင်လေသားရဲ့"

ဒေါ်သက်သက်၏အသံ၊ ကဆုန်စိုင်းမြောလွင့်စိတ်သည် တုန့်ကနဲချွန်းအုပ်ဇက်တုန့်သွား၏။ လက်ဘက်သုပ်ပန်းကန် ရေနွေးအိုးလင်ဗန်းကိုင်လျက် သူ့ကို တွေတွေကြီးရပ်ကြည့်နေသော အမေသက်ကြောင့် သူ သတိဝင်သွားသည်။ ရင်၌ သန္တေစွဲတည်နေသော အားနာစိတ်သည် အရောင်မပြောင်းဘဲ ခေါင်းထောင်ကပ်ပါနေမြဲအတိုင်း. . ။

"ကျ. . . ကျွန်တော် ဘာမှမဖြစ်ဘူး အမေသက်၊ ဟို. . . ဟိုလေဗျာ. . . ရှေ့မှာထိုင်ရမှာအားနာလို့၊ ပေး. . . ပေး. . . အမေသက်၊ အဲဒါ ကျွန်တော် သွားချပေးလိုက်မယ်"

"ရတယ်သား. . . အမေပဲချပေးလိုက်မယ်၊ လာ. . . သားလည်း လက်ဘက်သုပ် စားရင်း မိတ်ဆက်ပေးမလို့၊ အဲဒါ မင်းသူငယ်ချင်းနဲ့ လက်ထပ်မယ့်သူလေ"

"ဟား. . . ကျွန်တော်သိပြီ၊ မိထက်ပြောဖူးတယ်၊ ကိုတင်မြင့်ကျော်ဆိုတာ. . . ဟုတ်တယ်မဟုတ်လား အမေသက်"

ဒေါ်သက်သက် ဝံ့ဝံ့စားစားပြုံးသည်။

"လာပါသားရယ်၊ နောက်လည်း ရင်းနှီးသွားအောင်လို့ပါ"





"တော်ပါပြီ အမေသက်ရာ၊ ကျွန်တော်သွားတော့မယ်"

"ဟဲ့. . . ရဲဝေ. . . နေဦးလေ. . . သြော်. . . ဒီကလေး နှယ်"

သူ ချာကနဲလှည့်ထွက်ခဲ့သည်။ ဧည့်ခန်းကအဖြတ်မှာ သူ့ခြေတစ်လှမ်းတုန့်သွားကာ မိထက်တို့ဘက် ငဲ့ကြည့်လိုက်သည်။

"ငါသွားတော့မယ် မိထက်၊ ကျွန်တော့်ကိုခွင့်ပြုပါဦး အစ်ကို"

သူ့အပြုအမူကြောင့် မိထက်ရော ကိုတင်မြင့်ကျော်ပါ ပါးစပ်အဟောင်းသား မှင်သက်နေခိုက်မှာပင် သူလှည့်ထွက်သွားသည်။ သုံးထစ်သောလှေကားထစ်မှ အဆင်းမှာ မိထက်အသံကို ကြားလိုက်ရသည်။

"ရဲဝေ. . . နေ. . . နေဦးလေ. . . ဟဲ့. . . သြော်. . . အူကြောင်ကြောင်နဲ့လုပ်ပြန်ပြီ"

ခြေလှမ်းတွေကို သုတ်သုတ်လှမ်းထွက်ခဲ့၏။ လမ်း၏သယ်ဆောင်ခြင်းတလျှောက်၌ အာရုံမှာ အထင်သေးခံပြောစကားတွေသာ ပွဲတင်ကြီးစိုးနေသည်။ နှင့်နှင့်မောမောရင်သည် ယောက်ျားတစ်ယောက်၏မာနကို မောင်းတင်မီးထိုးမြင်မိလိုက်စေ၏။ နင်မမှားပါဘူးမိထက်ရယ်၊ ကိုယ့်ကိုယ်ကို မသိမြင်ခဲ့တဲ့ငါကသာ မှားယွင်းနေတာပါ၊ ငါ့ဘဝမှာ ဘယ်အရာပဲဖြစ်ဖြစ် တစ်ခါပဲမှားစေရမယ်။

အခုကစလို့ စိတ်ဓါတ်ကို မီးဖုတ်ပစ်လိုက်ပြီသူငယ်ချင်း။

* * *



www.burmeseclassic.com

www.burmeseclassic.com



“နားစမ်းပါကွာ၊ စာဖွဲ့မနေစမ်းပါနဲ့၊ အစာမကြေနိုင်တဲ့ဟာကို မြုံ့ချမနေနဲ့၊ ထွေးထုတ်ပစ်လိုက်ငရဲ”

ပြောပြီးနောက် တစ်ငုံစာစီးမြော့မြုံ့ချကာ အာလူးချောင်းကြော်တစ်ခုကောက်ဝါးလျက် မိုးချိမ့်က လက်ဝါးမှောက်ကန့်လန့်ဖြတ်ဟန်လုပ်ပြသည်။ အဓိပ္ပါယ်က သံယောဇဉ်ကို အပြတ်ဖြတ်ပစ်၊ လည်ဖြတ်ပစ်ဟူသည့်သဘော. . .။ သူက ခေါင်းကိုတစ်ချက်ရမ်းလိုက်ရင်း မီးသေသွားသောဆေးပေါ့လိပ်ကို မီးညှိဖွာရှိုက်ပစ်လိုက်၏။

“တကယ်ဆို မိထက်မမှားပါဘူး၊ ငါက မှားခဲ့တာပါကွာ၊ အမှန်လည်း အဲဒီနေ့က ငါ ပိုက်ဆံသွားဆွဲတာပဲ၊ လွယ်လွယ်ပဲလေ၊ ဒီလိုပြောခံရမယ်မှန်းမှမသိခဲ့တာ၊ တစ်လျှောက်လုံးမှားခဲ့တာကြီးကို အဲဒီနေ့





ကမှငါသိလိုက်တာ ငသူ၊ ဒါပေမယ့် ဒီကရှေ့မှာ သူ ငါ့ကို ဘာလာနိုင်းနိုင်း ငါလုပ်ပေးမှာပဲ၊ ငါကတော့ သူ့ဆီက ဘာတစ်ခုမှအကူအညီမယူတော့ ဘူး ငသူ”

“မိန်းမတွေဟာ ငါတို့ယောကျ်ားတွေလိုမဟုတ်ဘူး ငရဲ၊ ဒါ့ကြောင့် ငါ မိန်းမတွေကို ကြည့်မရတာပေါ့ကွာ”

ငါယောကျ်ားကွလို့ ဖွတ်ကြီးလုပ်ပြကြွေးကြော်နေပေမယ့် အသံ က ညာလို့မရ။ သည်တော့ တစ်ဘက်ဝိုင်းမှ ကျောပေးထိုင်နေသူက မိုးချိမ့်ကိုလှည့်ကြည့်သည်။ မိုးချိမ့်မျက်နှာ ချက်ချင်းတင်းသွားသည်။

“ဘာကြည့်တာလဲ ဟေ့ကောင်၊ မင်းဘာဖြစ်ချင်လဲ”

ဘုကြည့်ကြည့် မိုက်သွေးကြွ စိန်ခေါ်သည့်သဘောနှင့် မိုးချိမ့်၏နှုတ်ခွန်းဆက်မှုကြောင့် တစ်ဘက်လူ မျက်ခုံးပင့်သွားသည်၊ ဒါပေမယ့် သည်လူက နပ်သည်။

“ဟာ. . . ကိုမိုးကလည်းဗျာ၊ ကျွန်တော်က မိုးမိုးအသံနဲ့တူလို့ နှုတ်ဆက်မလို့ လှည့်ကြည့်တာပါဗျာ”

“အေး. . . အဲဒါဆိုလည်းပြီးရော၊ နောက်ဆို ဆင်ဆင်ခြင်ခြင်နေ၊ မိုးချိမ့်တို့က မြွေပွေးကွနားလည်လား၊ ထိတာနဲ့ပေါက်ပြီးသားပျောင်းဆိုဝင်သွားမယ်၊ တစ်ချက် ‘ဗျင်း’လိုက်တာနဲ့ တစ်သက်စာဟက်တက်ပဲ”

တစ်ဘက်လူက နောက်ကျောမလုံဟုယူဆသည်ထင့်၊ သူ့ဖန်ခွက်လေးကိုင်ကာ မိုးချိမ့်ကိုကျောပေးထားရာထိုင်ခုံမှ မျက်စောင်းထိုးထိုင်ခုံသို့ ရွှေ့ထိုင်လိုက်သည်။ ပြီးတော့. . . မိုးချိမ့်ကိုပြုံးပြသည်။

“ကိုမိုး အတော်နောက်တဲ့လူဗျာ၊ ကျွန်တော့်ကို ပျော့ချမ်း



www.burmeseclassic.com

www.burmeseclassic.com



အောင်လုပ်တယ်. . . ဟား. . . ဟား. . . ဟား. . ."

တကယ်ပဲကြောက်၍လား၊ ယောကျ်ားစိတ်ပေါက်နေသော မိန်းမနှင့် တုယှဉ်ရန်မဖြစ်လို၍ ပါးနပ်စွာရှောင်ထွက်သွားခြင်းလား မသိ၊ မိုးချိမ့်ကတော့ သည်လိုဖြစ်သွားသည်ကို အကျေနပ်ကြီးကျေနပ် နေသည့်ဟန်။ မိုးချိမ့်ကိုကြည့်ကာ သူ သက်ပြင်းချသည်။ ရင်၌မပျော်ပါ။

"မင်းဘဝကြီးလည်း ဒီလိုပုံစံကြီးနဲ့ ဘယ်အချိန်ထိရှိနေဦးမှာလဲ သူ"

"တစ်သက်လုံးပဲ ငရဲ၊ မင်းဆက်မပြောနဲ့တော့၊ မင်း ဘာဆက်ပြီး ရှေ့သို့ချီတော့မယ်ဆိုတာ ငါသိတယ်ဟ့ကောင်၊ တော်တော့"

မိုးချိမ့်က 'ကမ်ပိတ်' ဟုအော်ရန် ဖန်ခွက်ကို အမြောက်မှာ ဆိုင်ထဲဝင်လာသူကို မြင်လိုက်ရသည့်အတွက် ပါးစပ်မပိတ်ဘဲ စူးစူး ကြည့်လိုက်သည်။ ဖန်ခွက်ကိုချလိုက်ကာ ညာလက်က ဂျာကင်အင်္ကျီ အိတ်ထဲ ရုတ်ချည်းထည့်လိုက်သည်။ သည်လက်အင်္ကျီအိတ်ထဲက မထွက် လာပါစေနှင့်။ ထွက်လာလျှင်လည်း လက်ထဲမှာ သံအစွပ်လက်သီး သို့မဟုတ် ဓါးမြှောင်တစ်လက်ပါမလာပါစေနှင့်ဟု သူ စိုးထိတ်စွာ ဆုတောင်းလိုက်မိသည်။ သူ့ရင်၌မောလျနေဆဲမှာပင် ဆိုင်ထဲဝင်လာ သော အောင်ကြီးသည် သူတို့ဝိုင်းရှေ့သို့ရောက်လာ၏။

"ဘာဖြစ်ချင်လို့လဲ အောင်ကြီး၊ ဟိုတလောကကိစ္စ အစာ မကြေလို့လား၊ ယောကျ်ားချင်းပဲကွာ၊ ဝမ်းဘိုင်ဝမ်းပဲ၊ မိုးချိမ့်တို့သွေးက ရဲတယ်၊ အချိန်မရွေးဘူး၊ လူမရွေးဘူး ဟ့ကောင်"

"မင်းကလည်းကွာ. . . အလံဖြူပြပြီး ငြိမ်းချမ်းရေးလာယူတဲ့သူ





ကို ဒီလိုပဲဆက်ဆံရသလား သူငယ်ချင်းရာ. . ."

အောင်ကြီးပုံစံက အစွယ်ချိုးထားသော မြွေတစ်ကောင်နှယ်၊ အလံဖြူပြသည်ဆိုတော့လည်း ရန်သူကိုတောင်ခွင့်လွှတ်ရစမြဲ။ ခုဟာက တစ်ရပ်ကွက်တည်းသားချင်းပဲလေ။

"ဒါဆိုလည်း ထိုင် အောင်ကြီး၊ ငါနဲ့သာ ပြေပြေလည်လည်နေ၊ မင်း. . . မဲ့တစ်ပေါက်မစွန်းစေရဘူး၊ မင်းရဲ့ရန်သူတွေကို ငါရှင်းပေး မယ်၊ ကတိပေးတယ်၊ ယောကျ်ားစကားကွ အောင်ကြီး"

အောင်ကြီးသည် သူတို့ဝိုင်းမှာဝင်ထိုင်လိုက်၏။ ပြီးတော့ ရှိုကျိုးစွာဖွင့်ဟသည်။

"ငါ့မှာ ခုမှပဲ ရင်ထဲကအလုံးကြီးကျသွားတော့တယ် မိုးချိမ့်ရာ၊ အမှန်အတိုင်းပြောရရင် မင်းများ ဘယ်အချိန် ငါ့ကို နောက်ကနေ အသေရိုက်လိုက်မလဲဆိုပြီး စိတ်တထင့်ထင့်နဲ့ သွားလာနေရတာကွ၊ သွားရလာရတာ နောက်ကျောမလုံဘူးကွာ၊ ဒါ့ကြောင့် မင်းနဲ့ ငြိမ်းချမ်း ရေးယူမယ်ဆိုပြီး မင်းတို့ရှိတဲ့ဒီဆိုင်ကို လိုက်လာတာပဲသူငယ်ချင်း"

မိုးချိမ့်သည် အောင်ကြီးအား ခေါင်းကို ခတ်ဆတ်ဆတ်လေး ညိတ်ပစ်လိုက်၏။

"ဖြစ်ရလေအောင်ကြီးရာ၊ မင်းလိုကောင်မျိုးက ပုရွက်ဆိတ် လေးကွ၊ အဆိပ်က အယားပြေရုံလေးရယ်။ ဒီမှာ လက်ထဲတင် ဒီလို ချေပစ်လိုက်လို့ရတယ်၊ ကိုယ်လုပ်ရင်ခံရမယ့်သူတွေအပေါ်မှာ ငါ အဲလောက်ရက်စက်ပါ့မလား၊ မင်းနှယ်ကွာ. . . ငါယောကျ်ားပါကွ ဟား ဟား ဟား. . ."

အကျေနပ်ကြီးကျေနပ်ကာ ဟက်ဟက်ပက်ပက်ကြီးရယ်နေ



www.burmeseclassic.com

www.burmeseclassic.com



သော မိုးချိမ့်အား အောင်ကြီးသည် စူးထွေထွေကြည့်နေ၏။ မကြိုက်ပါ။ အောင်ကြီး၏မျက်လုံးတွေကို သူမကြိုက်ပါ။ သည်မျက်လုံးတွေထဲမှာ မြေခွေးတစ်ကောင်၏နှလုံးသားကို သူမြင်နေမိလေသည်။

❋ ❋ ❋





မိုးချိမ့်ကိုလိုက်ပို့ပြီး အိမ်ကိုပြန်ရောက်တော့ ညဆယ်နာရီနှစ်ဆယ်မိနစ်ရှိနေပြီ. . .။ အမေက ဘုရားဝတ်ပြုအပြီးမှာ သူ့အခန်းသို့ ရောက်လာသည်။ အမေ့လက်ထဲမှာ စာအိတ်လေးတစ်အိတ်ကိုင်ထားသည်။ အမေက စာအိတ်လေးကို သူ့ကိုပေးသည်။

"ညနေက ထက်ထက်လာသွားတယ်၊ မိုးတောင်ချုပ်နေပြီ၊ ဒါ သားကိုပေးလိုက်ပါတဲ့၊ အထဲမှာ စာလည်းပါတယ်တဲ့"

သူ ဘာမှမပြောဘဲ လှမ်းယူလိုက်သည်။ သူနှုတ်ခမ်းဟလိုက်လျှင် သူ့ပါးစပ်မှအနံ့ကို အမေသိသွားမှာကြောက်ပါသည်။ သည့်အတွက် အမေ့ကို ကျောပေးလိုက်ဟော စားပွဲပေါ်မှ စာအုပ်ပုံကိုလှန်နေမိ၏။

"ထက်ထက်လည်း နောက်လထဲမှ စေ့စပ်မယ်လို့ပြောတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေရဲ့တပည့်လို့ပြောတာပဲ၊ အသက်တော့ ငါးနှစ်ကွာတယ်၊ စီးပွားရေးလည်းကောင်းတယ်တဲ့၊ ဒါပေမယ့် ကောင်လေးက အိမ်ထောင်ပျက်တဲ့သားရဲ့၊ သားသမီးတော့မရခဲ့ဘူးတဲ့၊ တော်သေးတာပေါ့ကွယ်၊ ကဲ. . . အမေအိပ်တော့မယ်. . . သား ထမင်းမစားသေးဘူးလား"

"ခဏနေမှ ထစားတော့မယ်အမေ၊ ကျွန်တော် စာလေး နည်းနည်းဖတ်စရာရှိလို့"

အမေထွက်သွားတော့ မိထက်၏စာအိတ်ကို ဖွင့်လိုက်သည်။ တစ်ထောင်တန်ငွေစက္ကူဆယ်ရွက်နှင့်အတူ စာလေးတစ်စောင်ကို တွေ့ရသည်။ သူ ဖတ်ကြည့်လိုက်၏။

*ငရဲ . . .*

*ကောင်စုတ် . . . ငါ့ဆီလည်းမလာဘူး . . . ဟိုနေ့က နင် ငါ့ဆီလာတာ ပိုက်ဆံချေးမလို့မဟုတ်လား. . . ငါ တစ်သောင်းထည့်ပေးလိုက်တယ် . . . နက်ဖြန်ညနေမှ ငါလာခဲ့ဦးမယ် . . . နင့်ကို ချောဆွဲစရာရှိလို့ . . .*

*မိထက်*

ငွေကို စာအိတ်ထဲပြန်ထည့်လိုက်သည်။ နက်ဖြန် မိထက်လာမှ ပြန်ပေးလိုက်မည်။ သည်လိုပဲပြီးသွားမည်ဟု အလေးအနက်မထားဘဲ ဘာသိဘာသာစဉ်းစားမိလိုက်သည်။ မိထက်နှင့်ပတ်သက်၍ လေးပင်စွာ မခံစားမိတော့. . .။

သူ့ရင်သည် ဆယ်ကျော်သက်တစ်ယောက်လို ပေါ့ပေါ့လေးလန်းနေလေသည်။ မိထက်အပေါ် နာကျင်ခြင်းလည်းမဖြစ်၊ ကြည်နူးခြင်းလည်းမဖြစ်မိတော့ပါ။

■





## အခန်း (၆)

## မသက်ဆိုင်သော သက်ဆိုင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



မိထက်ရောက်လာသောအချိန်၌ သူသည် ရေမိုးချိုးလျက် အသင့်အနေအထားမှာရှိနေပြီ။

"ကျွန်တော်မျိုးကြီး ငယ်ကျွန်တော်မောင်ငရဲ ဘယ်ကိုများ ပို့ ဆောင်ပေးရပါမလဲ သခင်မ ဒေါ်ထက်ထက်နိုင်"

အငေါ့စွက် အရွှန်းစကားကြောင့် မိထက်ရယ်သည်။

"ကောင်စုတ်. . . ဒါ ငါ့ကို ရိတာပေါ့လေ၊ ငါ ခြောက်ရပ်ကွက် ထဲသွားမလို့ဟ"

"အာ. . . နင်ကတော့လုပ်ချလိုက်ပြန်ပြီ။ လဲ့လဲ့တို့အိမ်ဆိုရင် တော့ ငါမလိုက်ပါရစေနဲ့ဟာ၊ စာအုပ်လေးဒီနေ့ငှား နောက်နေ့လာပြန် တောင်းတယ်ဆိုပြီး အဖိုးကြီးက ငါ့ကို မကြည်လင်ဘူးဟ၊ ငါ့ကို





အနောက်ဝင်နေတာလေဟာ"

"နင့်ကို ဘယ်သူက လဲ့လဲ့အိမ်လို့ပြောလို့လဲ၊ အခုသွားမှာက လဲ့လဲ့တို့နဲ့ တစ်လမ်းကျော်ကအိမ်ကိုသွားမှာ"

မိထက်အမေ ဒေါ်သက်သက်က ဟိုနည်းနည်းသည်နည်းနည်း ငွေတိုးချထားသည်။ ပေးရန်နှစ်ရက်သုံးရက်ကျော်ပြီဆိုလျှင် မိထက်ကို လွှတ်တတ်စမြဲ။

"အဲဒီကိုမသွားခင် ထုံးစံအတိုင်း လက်ဘက်ရည်ဆိုင် ထိုင်ရ အောင်လေ၊ ငါတိုက်မှာပါ ရဲဝေရာ"

"လက်ဖက်ရည်ဖိုးလောက်ကတော့ ငါ့မှာရှိပါတယ်ဟာ၊ လက် ဘက်ရည်ဖိုး ငါရှင်းရမယ်ဆိုရင်တော့ ထိုင်မယ်မိထက်၊ နင်ဖွတ်ရှင်းရင် တော့ ငါမထိုင်ဘူး၊ ဗဲဒါကိုသဘောတူရင်ထိုင်မယ်"

ကွက်ကနဲ မိထက်မျက်နှာပျက်သွားသည်ကို သူ သတိပြုမိလိုက် သည်။ မျက်နှာရိပ်ကို ချက်ချင်းပြန်ဆယ်လိုက်သည်ကိုလည်း သူသိ လိုက်သည်။

"ကောင်စုတ်. . . တစ်သက်လုံးက ငါတိုက်လာပြီး ကျားသား မိုးကြိုး၊ အခုမှ ဘာအချိုးပြောင်းရတာလဲ. . . ဟွန်း. . ."

"ဘာမှအချိုးမပြောင်းဘူး၊ ငါ့မှာရှိတုန်းမို့ ငါရှင်းမယ်ပြော တာ"

"အေးပေါ့လေ၊ ဒါဆိုလည်းနင့်သဘောပါ၊ အရှုံးစိတ်ချမ်းသာ ရင် ကမ္ဘာကြီးငြိမ်းချမ်းတယ်တဲ့၊ နင်စိတ်ချမ်းသာရင်ပြီးတာပဲ"

လက်ဘက်ရည်ဆိုင်မှာထိုင်မိတော့ သူက ခါးမှာထိုးထည့်လာ သော မနေ့က စာအိတ်လေးကို မိထက်အားပြန်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါကိုပြန်ယူထားလိုက်မိထက်၊ ငါ အသုံးမလိုသေးဘူးဟာ"

"လုပ်ပြန်ပြီ၊ ဘာအချိုးချိုးရပြန်တာလဲ"

"ငါ တကယ့်ကို အသုံးမလိုလို့ပါ၊ လိုတဲ့အခါ ငါလာဆွဲပါ့မယ်"

"မသိဘူးဟာ၊ အသုံးလိုလိုမလိုလို ငါယူဆိုယူထားလိုက်"

"ခက်ပါလားမိထက်ရာ၊ ငါမှအသုံးမလိုတာကြီးကို အဲလို ဇွတ်ကြီးမလုပ်ပါနဲ့၊ ငါ့ဘက်ကိုလည်းကြည့်ပါဦး၊ ငါ့နေရာကိုလဲည်း နင်ဝင်ကြည့်ပါဦး မိထက်ရာ"

သတိထားပြောသည့်ကြားမှ သူ့အသံက နည်းနည်းလေး တုန်ယင်တင်းမာသွားသည်။ မျက်ရည်သီဝေ့ မျက်ဝန်းအစုံနှင့် မိထက်သူ့ကို ကြည့်နေသည်။ ခေါင်းမာတတ်သောသူ့အကျင့်ကို မိထက်သိပြီးဖြစ်ပါသည်။ ခါတိုင်းလို ဇွတ်ကြီးရှေ့မတိုး။ အံတင်းလျက် ခေါင်းတဆတ်ဆတ်ညိတ်ကာ စာအိတ်ကို သူမ၏လက်ကိုင်အိတ်ထဲသို့ ထည့်လိုက်၏။

"နင် ငါ့အပေါ် ဒီလိုမျိုးကြီး တစ်သက်လုံးနေသွားတော့မှာလား ရဲဝေ"

"ပြဿနာပဲ. . . ငါဘာဖြစ်နေလို့လဲ မိထက်ရ"

အမဲစွက်အပြုံးယဲ့ယဲ့ကို မိထက် နှုတ်ခမ်းထက်မှာတွေ့ရသည်။ ရီလဲ့မျက်ဝန်းတွေက ဝေ့ဝေ့သီသီ. . . ကြေကွဲရိပ်ခြည်အပြည့်. . .။

"မညာပါနဲ့ဟာ၊ ငယ်ပေါင်းတွေပါရဲဝေ၊ ငါ အကုန်သိပြီးပါပြီ၊ မနက်က မိုးချိမ့် ငါ့ဆီလာပြောလို့ ငါသိရပြီးပြီ၊ အဲဒီနေ့က အမေကလည်းပြောတယ်၊ ငါပြောတာတွေ နင်ရပ်နားထောင်နေပြီး နင်ခံပြင်းနေတယ်၊ ငါ့ကို စိတ်နာနေတယ်ဆိုတာလေ"





မိထက်ကို သူမကြည့်။ အကြည့်ကို လမ်းမဘက်လွှဲထားသည်။ တဒင်္ဂ၌ မိထက်အတွက် ဖြေသိမ့်စကားက စဉ်းစားလို့မရ။ ရင်နှင့်မပါသောစကားတွေကိုလည်း အများကြီး သူမပြောတတ်ပါ။

"သက်တူရွယ်တူယောက်ျားလေးက ငါ့နာမည်ကိုအော်ပြီး အိမ်ထဲဝင်လာတယ်၊ အမေ့ကိုလည်း အမေသက်လို့ခေါ်တယ်၊ အမေကလည်း သားလို့ခေါ်တယ်၊ အဲဒါတွေကိုကြည့်ပြီး ကိုတင်မြင့်ကျော်က တလွဲမြင်သွားမှာစိုးလို့ ငါက နင့်ကို ပေါ့ပေါ့ပဲ ဖောရှောပြောလိုက်တာပါ၊ သူ့စိတ်ထဲမှာ နင်နဲ့ငါဟာ ဘာလိုလိုညာလိုလိုထင်သွားမှာစိုးလို့ ငါက နင့်ကိုနင်းပြီး အရေးမပါသလို ပြောလိုက်တာပါ၊ အရင်တုန်းကလည်း နင့်ကို နင်ပဲငဆောင်ပြောနေကျပဲလေ၊ ခုဟာက သူစိမ်းကိုပြောမိတာဖြစ်သွားတယ်၊ ငါ နင့်ကိုတောင်းပန်ပါတယ် ရဲဝေ၊ ငါ့ကို စိတ်မဆိုးပါနဲ့၊ နင်ကမှ ငါ့အတွက် တကယ့်ကို ရင်ထဲကသူငယ်ချင်းပါ၊ ငါ့အပေါ် သဘောထားမပြောင်းပါနဲ့ ရဲဝေရယ်"

သူသည် မိထက်ကိုကြည့်လိုက်၏။ မိထက်မျက်နှာလေးက နွမ်းနေသည်။ သူမရယ်ချင်ပဲ ရယ်ပစ်လိုက်သည်။

"သောက်ပေါမ. . . ငါက ဘာဖြစ်နေလို့ အိုဟာတွေဖြစ်နေရတာလဲ၊ နင့်အပေါ် ငါ စိတ်ဆိုးတယ်ဆိုရင် ဒီလိုတောင် ရေမိုးချိုးပြီး စောင့်နေပါ့မလား၊ စဉ်းစားကြည့်ဦး၊ လူကဖြင့် ဒီနေ့မနက်ဖြန်ယောက်ျားယူတော့မယ့်မိန်းမ၊ ကလေးတွေ တပြွတ်ပြွတ်မွေးဦးမှာ၊ ငါက နင့်ကလေး တစ်ဒါဇင်လောက်ကို ဆက်ထိန်းပေးဦးမှာ. . . နားလည်လား"

"အယ်. . . ရဲဝေနော်. . . အယ်. . ."

ရှက်သွေးစွေးစွေးနှင့် မိထက်မျက်နှာလေးရဲသွားသည်။ တဒင်္ဂ



www.burmeseclassic.com

www.burmeseclassic.com



တော့ စကားအာရုံလွှဲနိုင်ပါလိမ့်မည်။ ရှေ့ဆက်မည့်ခရီးရှည်မှာတော့ ဖာထေးဖုံးကာ၍ ရနိုင်မည်မဟုတ်မှန်းသူသိပါသည်။ သူ့အာရုံတွင် အက်ကြောင်းတွေထနေသော အဆောက်အဦးထုကြီးကို မြင်နေမိလေသည်။

"ငါမသိလို့မေးတာနော် မိထက်၊ နင် သူ့ကိုချစ်လား"

"အယ်. . ကောင်စုတ်. . . ဘာမှန်းလည်းမသိဘူး၊ အဲဒါ ငါ မသိဘူးဟ၊ ဘယ်လိုကြီးမှန်းတော့မသိပါဘူးဟာ၊ တစ်မျိုးတော့ တစ်မျိုးကြီးပဲ၊ ငါမပြောတတ်ဘူး ရဲဝေ"

"ဒီလိုလေဟာ. . . ငါသိချင်တာက. . . ဘယ်လိုလဲဆိုတော့ . . . ဆိုပါတော့ဟာ. . . နင်နဲ့ငါနဲ့ဆိုပါတော့. . .၊ ငါကလည်း နင့်ကို မချစ်ဘူး၊ နင်ကလည်း ငါ့ကိုမချစ်ဘူး၊ နင်နဲ့ငါနဲ့ အခု လက်ဘက်ရည်ဆိုင်ထိုင်တယ်၊ အတူသွားတယ်၊ နင်လည်း စိတ်ထဲမှာဘာမှမဖြစ်ဘူး၊ ငါလည်း စိတ်ထဲမှာဘာမှမဖြစ်ဘူး၊ ပလိန်းပဲ. . . ရှင်းတယ်။ ငါ့အတွက် နင်က သာမန်လူတွေလိုပဲ၊ နင်ကလည်း ငါ့ကို တခြားလူတွေလိုပဲ မြင်တယ်၊ ကိုတင်မြင့်ကျော်နဲ့တွေ့တဲ့အခါကျ ဘယ်လိုခံစားရလဲ၊ နင့် စိတ်ထဲမှာ ဘယ်လိုထူးခြားမှုရှိလဲ၊ အဲဒါပေါ့ဟာ. . . ဘယ်လိုမျိုးဖြစ်လဲ ငါသိချင်တာ"

ရှက်ရွံ့ခြင်း၊ စိတ်ရှုပ်ထွေးခြင်း ရောစွက်စွာ မိထက် ခေါင်းကုတ်သည်။

"မသိပါဘူးဟာ. . . ပြောတတ်ပါဘူး၊ နည်းနည်းတော့ထူးခြားတယ်ထင်တာပဲ၊ တစ်ခါတလေ သူနဲ့ငါ လက်ချင်း မတော်တဆထိမိသွားရင်တော့ ငါ ရင်တွေဘာတွေခုန်သွားတာပေါ့၊ အဲလောက်ပါပဲ





ဟာ"

အားမလိုအားမရနှင့် သူ သက်ပြင်းချသည်။ မိထက်အား အာရုံလွှဲစကားဆိုသော်လည်း သူသိလိုရာသို့ ရောက်မလာပါ။ သူသည် အချစ်နှင့် ဒုန်းဝေးလွန်းပါသည်။

"အေးလေ. . . နင်ကတော့ ကိုတင်မြင့်ကျော်နဲ့ရသွားရော. . သူငယ်ချင်းသုံးယောက်ထဲက တစ်ယောက်ပဲ့သွား၊ ငါနဲ့သူနဲ့ ကျန်ရော၊ သူကတော့ ကြည့်ရတာ ဒီလို ဖားမဟုတ်ငါးမမည်ကြီးပဲနေမှာပဲ၊ ငါလည်း ဘယ်သူနဲ့ရမလဲမသိဘူးနော်"

'ဒေါက်'ကနဲအသံ. . .။ လက်ဖက်ရည်ဆိုင်လူတွေကြားမှာ သူ အခေါက်ခံလိုက်ရသည်။ သူ့ကို ခေါင်းခေါက်ဖို့ဆိုလျှင် မိထက်လက်က သွက်မှသွက်. . .။ ခေါင်းကိုအုပ်ကိုင်ရင်း မျက်မှောင်ကြုံ့ကြည့်နေသော သူ့ကို မိထက်က ရယ်သွမ်းသွေးလျက်ပြေသည်။

"နင်ကလေ ဘယ်သူနဲ့ရမှာတုန်းသိလား. . .၊ နောက်ဆုံးကျ နင်က မိုးချိမ့်သူနဲ့ရမှာ. . ."

သူ၏ဦးခေါင်းရမ်းခါမှုသည် မိထက်၏ရယ်သံအောက်မှာ အရာမထင်တော့ပြီ. . .။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ငါပြောတာ မယုံရင်တော့စောင့်ကြည့်လိုက်၊ နောက်ဆုံးကျ နင်က မိုးချိမ့်နဲ့ပဲရမှာ ရဲဝေ ဟက်ဟက်ဟက်"

စက်ဘီးနောက်မှာ ငြိမ်ငြိမ်ထိုင်မလိုက်၊ မိထက် အူပွနေသည်။ သိမ့်သိမ့်ရယ်တော့ စက်ဘီးနင်းရတာ နည်းနည်းရမ်းသည်။ သူက လူကောင်သေးတော့ စက်ဘီးခြေနင်းကမီသာရုံ။ ကိုရီးယားဇာတ်လမ်းတွဲတွေထဲမှာတော့ ကောင်လေးနှင့် ကောင်မလေးစက်ဘီးတစ်စီးထဲစီးလာလျှင် ကြည့်မွေ့ဖွယ်ကြည့်လို့ကောင်းသည်။ သူ့စက်ဘီးနင်းနေပုံကတော့ ဆပ်ကပ်ထဲကစက်ဘီးစီးပြသည့် မျောက်လိမ္မာနှင့်တူနေသည်ဟု မိထက်တွေးမိလိုက်သည်။ ဟုတ်ပါတယ်. . . ငါပြောသလိုပဲ ရဲဝေ. . .။ နင်ဟာ နောက်ဆုံးတော့ မိုးချိမ့်နဲ့ပဲရမှာပါ၊ အတွေးနှင့်မိထက်ရယ်မိပြန်





သည်။ မိုးချိမ့်ဟုဆိုမှ မနက်က မိုးချိမ့်ပြောခဲ့သောစကားကို သတိရလိုက်သည်။

"အဲဒီတစ်သောင်း ဒီကောင် နင့်ကိုပြန်ပေးလိမ့်မယ် ကြည့်နေ၊ ဒီကောင့်ကို နင်ပြန်ပေးကြည့်၊ လုံးဝလက်မခံဘူး၊ နင်သေအောင် လူးလိမ့်ပြီး ပုလဲတွေခဲပြလည်း သူ ဘယ်လိုမှ လက်ခံမှာမဟုတ်ဘူး၊ ဒီကောင်ကယောကျ်ား. . . ဖြတ်ပြီဆို တကယ်ပြတ်တဲ့ကောင်၊ ငါက ယောကျ်ားချင်းဆိုတော့သိတယ်". . . တဲ့၊ မိုးချိမ့်၏ ခပ်ထေ့ထေ့စကားကို ပြန်ကြားယောင်မိလိုက်သည်။ အဲလိုဖြစ်မတဲ့လား. . .။ ရဲဝေဟာ ငါ့ရဲ့ငယ်နိုင်လေ. . .။ ငါပြောသလို ဒီကောင်ဖြစ်ရမှာပေါ့၊ နင်ပြောသလို မဖြစ်နိုင်ပါဘူးမိုးချိမ့်ရယ်၊ ကြည့်လိုက်လေ. . .။

"ရဲဝေ. . . ရှေ့နားကျ စက်ဘီးခဏရပ်လိုက်ဦး"

"အရစ်ပဲ. . . မုတ်ကိုင်ပါရင်ကြိုပြောမှပေါ့ ဖွားသီလရှင်ရယ်"

ရယ်ကျဲကျဲပြောရင်း သူ စက်ဘီးရပ်ပေးသည်။ မိထက်က ဘီးပေါ်မှခုန်ဆင်းကာ သူ့နားမှာရပ်သည်။

ပြီးတော့ လက်ကိုင်အိတ်ထဲမှ စာအိတ်လေးကိုထုတ်ကာ သူ့ကိုပေးသည်။ သူသည် စက်ဘီးကို ဒေါက်ထောက်လိုက်ပြီးနောက် မိထက်ကို ငေးကြောင်ကြည့်နေမိလေသည်။

"ဘာလုပ်တာလဲ. . . ဘာဖြစ်ရပြန်တာလဲ မိထက်"

"နင် ဘာမှစကားမရှည်နဲ့၊ ငါက ဒါဆိုဒါပဲလုပ်. . . ရော့. . . ဒါကိုပြန်ယူ"

အမိန့်သံနှယ်ဆူးကျသည်။ သူ နောက်ကို ခြေတစ်လှမ်း ယောင်ရမ်းဆုတ်လိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိထက်. . . အဲလိုမလုပ်ပါနဲ့ဟာ၊ ငါအသုံးမလိုလို့ပါဟ"

"မရဘူး. . . လိုလိုမလိုလို ငါက ပြန်ယူဆိုပြန်ယူ"

မိထက် ဇွတ်လုပ်တော့မည်ကိုသူသိသည်။ လူတွေက သွားလာရင်း စောင်းငဲ့ကြည့်သွားသည်။ သူ အကျဉ်းအကြပ်ထဲမှာ ရောက်နေပြီ။ သူက ဟက်ကနဲရယ်လိုက်ပြီး လက်လှမ်းလိုက်သည်။

"ဒါဆိုလည်း ပေးလေ၊ နင့်လက်ကိုင်အိတ်ပါပေး"

မိထက် မျက်နှာပြုံးသွားသည်။ စာအိတ်ရော လက်ကိုင်အိတ်ပါပေးလိုက်သည်။ သူက လက်ထဲရောက်လာသော မိထက်၏လက်ကိုင်အိတ်ထဲသို့ စာအိတ်ကိုထည့်လိုက်ပြီး မိထက်ကို ပြန်ပေးလိုက်သည်။

"နင်လည်း မကြာခင် အိမ့် ထောင်ရှင်ဖြစ်တော့မှာ၊ ကိုယ့်တစ်ဘက်တည်းကိုပဲမကြည့်နဲ့၊ သူများဘက်ကိုလည်း ကိုယ်ချင်းစာကြည့်ဦး၊ အသုံးလိုလို့မှ ငါ နင့်ဆီလာမဆွဲဘူးဆိုရင် ကြိုက်သလိုပြော"

သူ့စိတ်ကို မိထက်သိပါသည်။ ဘာမှမပြောဘဲ မိထက်အိတ်ကို ပြန်ယူလိုက်သည်။ သူသည် ဘယ်တော့မှ အသုံးလိုသည်ဟုပြောမည် မဟုတ်တော့သည်ကို မိထက် သဘောပေါက်လိုက်သည်။ သူကသာ မိထက်ကို အမြဲကူညီသွားမည်. . . မိထက်ဆီမှ အကူအညီကို သူ လုံးဝ မယူတော့ဆိုသည့်အကြောင်းကို မိုးချိမ့်ထံမှသိခဲ့ရ၍ သူမ ရဲဝေကို နားလည်လိုက်ခြင်းဖြစ်သည်။

ရဲဝေနင်းသော စက်ဘီး၏နောက်မှာ သူမ အသာထိုင်လိုက်ခဲ့သည်။ သူမ၏ရင်ထဲတွင် အစားထိုး၍မရသော သူငယ်ချင်း၏ခံယူချက်ကို ဆုံးရှုံးလိုက်ရပြီဟု လက်ခံမိလိုက်သည်။ ငယ်ကတည်းက တွဲလာတဲ့ သူငယ်ချင်းတွေပါ ရဲဝေ၊ ခုချိန်ထိ နင်နဲ့ငါဟာ ဖြူစင်တဲ့မေတ္တာထုကြီး





ထဲမှာ ပျော်ပျော်ပြေးဖြတ်နေကြဆဲပါပဲ၊ နောက်မှပေါ်လာတဲ့ ရွှေကြာပင်အိမ်ထောင်ဘက်အတွက် ပေါ့ပေါ့တန်တန် ငါ့နှုတ်ကထွက်လိုက်တဲ့ စကားကြောင့် ငါတို့ရဲ့ ဖြူစင်တဲ့သူငယ်ချင်းစိတ်ဟာ ညစ်နွမ်းမှိန်ဖျော့ရတော့မှာလား. . .။ ငါတောင်းပန်ပါတယ်၊ နင့်ရင်ထဲက အဲဒီခံယူချက်ကြီးကို ဆွဲနှုတ်ပေးပါ။ ငါ့အပေါ် အရင်လိုပဲဆက်ရှိနေပေးပါ၊ ဒါပေမယ့် နင်ဟာ ခေါင်းမာတဲ့ကောင်. . .၊ ငါ ဘယ်လိုလုပ်ရမလဲ ရဲဝေရယ်။

တွေးရင်းနှင့် နွမ်းယဲ့စွာ သူ့ကျော်ထက်မှာ ခေါင်းမှီနွဲ့ကျသွားသည်။ မျက်ရည်စတို့က သူ့ကျောပြင်ကို စွန်းထင်သွားသည်။ သူ့ခန္ဓာကိုယ်ကြီး ဆတ်ကနဲဖြစ်သွား၏။

"သောက်ပေါမ. . . ဒါ ငိုစရာမဟုတ်ဘူး၊ ငါဆိုတဲ့ကောင်က ပိုက်ဆံနဲ့မတည့်ဘူး၊ ရှိတုန်းခဏရယ်၊ ဘာမှမကြာဘူး၊ နင့်ဆီလာဆွဲမှာ စိတ်ချ မိထက်"

အညာစကားဆိုသည်ကို သူမသိပါသည်။ သူ့ကိုယ်သူလည်း သိလိမ့်မည်။ သူရော သူမရောမသိသည့်အချက်မှာ တင်မြင့်ကျော်သည် ကားကိုမောင်းလျက် သူတို့နောက်ခပ်လှမ်းလှမ်းမှ လိုက်ကြည့်နေခြင်းဖြစ်ပါသည်။

မြင်ကွင်းကိုကြည့်လျက် တင်မြင့်ကျော်၏ရင်ထဲတွင် ဆုံးဖြတ်ချက်တစ်ခု ချလိုက်မိ၏။ စေ့စပ်ခြင်းနှင့်မင်္ဂလာကိစ္စကို အမြန်ဆုံး ရွှေ့တိုးပစ်လိုက်မည်ဟု တင်မြင့်ကျော် ဆုံးဖြတ်လိုက်လေသည်။

သြော်. . . ဖြစ်နေလိုက်တာ. . . ရဲဝေနှင့် ထက်ထက်နိုင်ကမြင့် ဘာမှလည်းဖြစ်တာ မဟုတ်ပါပဲနှင့်မလေ. . .။

* * *



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက်ပိုင်းမှာ သူသည် မိထက်အိမ်သို့ သုံးလေးရက်နေမှ တစ်ခါသာ ရောက်ဖြစ်တော့သည်။ သူသွားသည့်အချိန်ကလည်း ညနေပိုင်းဆိုတော့ မိထက်အိမ်မှာ ကိုတင်မြင့်ကျော်ကိုလည်း တွေ့ရတတ်သည်။ မိထက်နှင့် သူ၏ဆက်ဆံရေးကလည်း အရင်လိုအူလှိုက်သည်းလှိုက်မရှိဖြစ်တော့. . .။ မိထက်ကလည်း သူ့ဆီမလာတော့ပေ. . .။ မိုးချိမ့်ကပိုဆိုးသည်။ သူ့ဆီသာအမြဲမပြတ်လာသည်။ မိထက်ဆီသို့ ခြေဦးမလှည့်တော့ပြီ. . .။ ပြီးခဲ့သည့်လကုန်က သူလည်းအလုပ်ထွက်လိုက်သည်။ စာရေးဖို့အချိန်တွေ အများကြီးရသည်။ သူတို့သုံးဦး၏ဘဝတွေသည် မျဉ်းဖြောင့်သုံးကြောင်းလို သည်လိုပဲ ဖြောင့်ဖြောင့်ဆက်သွားလိမ့်မည်ဟုသူထင်သည်။ သူ၏ထင်မြင်မှုသည် မမှန်ကန်နိုင်ကြောင်း၊ လောကကြီးသည် သူ၏ကကွက်တွေကို မထင်မှတ်စွာ ပြောင်းပြန်လှန်ပစ်တတ်ကြောင်းကို သူ နဖူးတွေ့ဒူးတွေ့ကြုံလိုက်ရပြီဖြစ်သည်။

သည်နေ့ကို သူ့ဘဝတစ်လျှောက်လုံး အမှတ်ရနေသည်။

သည်နေ့သည် နိုဝင်ဘာလ (၁၂)ရက်နေ့ဖြစ်ပါသည်။

■





အခန်း (၇)

## ချွေးမြီးကောက် သန္တေ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရပ်ကွက်ကထိန်က နှစ်တိုင်းလိုပဲစောသည်။ ကထိန်ရေစက်ချလှူဒါန်းမည့်ကျောင်းတိုက်သည် ဒေးစွန်ပါမှာဖြစ်သည်။ မနေ့ညနေပိုင်းက သူတို့လမ်းသုံးလမ်းလုံး လှူဒါန်းမည့်ပစ္စည်းတွေ ခင်းကျင်းကြည်ညိုပြီးဖြစ်သည်။ သည်နေ့မနက်မှာ ဒိုင်နာကားလေးစီးနှင့် ထွက်သွားကြပြီ။ အဖေရောအမေရော အစ်ကိုတို့လင်မယားရောပါ သွားကြတော့ သူက အိမ်စောင့်ကျန်ခဲ့သည်။ နေ့မြင့်ချိန် ရေမိုးချိုးပြီး စာဖတ်နေခိုက်မှာ သူ့အိမ်သို့ မိုးချိမ့်ရောက်လာသည်။

"ငါက မင်းကို ပဲခူးလိုက်သွားပြီမှတ်နေတာ သေူ၊ မင်းလည်း အိမ်စောင့်ကျန်ခဲ့တာပေါ့ ဟုတ်လား"

"အမေက ငါ့ကို အဲလိုစိတ်ချလက်ချထားရစ်ပါ့မလား ငရဲရာ၊





ငါ မလိုက်ချင်လို့ အစောကြီးထပြီး လျှောက်ဒိုးနေတာကွ၊ အခု ပြန်လာတာပဲ၊ ဒီနေ့ကတော့ ခွေးသံကြီးဖြည်တဲ့နေ့ပဲ ငရဲရေ. . . ဟား. . . ဟား. . . ဟား. . ."

ခါတိုင်းလို ဟက်ဟက်ပက်ပက်မရယ်. . .။ တစ်ခုခုကို ထိန်းချုပ်ရယ်သည်ဟု သူထင်လိုက်သည်။ သေချာကြည့်လိုက်တော့မှ ရှင်းရှင်းကြီးမြင်လိုက်ရသည်။ မိုးချိမ့်နှုတ်ခမ်းမှာ နှုတ်ခမ်းမွှေးငုတ်စိလေးတွေ ထိုးထိုးထောင်ထောင်နှင့်ပါလား။

"ဟေ့ကောင် ပိုင်လှချည်လား၊ မနေ့ညနေက ဒါတွေ မပေါက်သေးပါဘူး"

သူက ကိုင်ကြည့်ရန်လက်လှမ်းလိုက်တော့ မိုးချိမ့်က နောက်သို့ ခေါင်းဆုတ်ရှောင်လိုက်သည်။

"မလုပ်နဲ့ငရဲ၊ အထိမခံရဲဘူး၊ ခုချိန်မှာ ဝတ်မှုံရွှေရည်က နှုတ်ခမ်းချင်းနမ်းမယ်ဆိုရင်တောင် ငါငြင်းရမှာ၊ အပင်နှစ်ရာ့လေးဆယ် ကျော်ကြီး တစ်ညလုံး စိတ်ရှည်လက်ရှည် ဇာဂနာနဲ့ကိုင်ပြီး စူပါဂလူးနဲ့ ကပ်ထားရတာကွ၊ ပြီးမှ ကပ်ကြေးသေးသေးလေးနဲ့ ပြန်ညှိထားတာ၊ ဘယ့်နှယ့်လဲ မိုက်တယ်ဟုတ်လား ငရဲ၊ အခုမှ ငါ့ပုံစံက ပိုပြီး ယောကျ်ားပီသသွားတာကွ"

သူရယ်နေလိုက်သည်။ နည်းနည်းတော့ နှိပ်ကွပ်ရမည်ဟုတွေးမိသည်။

"အဲဒါကျတော့ မိန်းမဆန်သွားပြီ သေူ၊ ငါက မင်းကို သဘာဝအတိုင်းပဲမြင်ချင်တာကွ"

"ဘာရယ် ငရဲ၊ ဒီနှုတ်ခမ်းမွှေးကြီးနဲ့ကို မိန်းမဆန်တယ်ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား၊ မင်းရူးသွားပြီ ဟား ဟား ဟား"

"မိန်းမတွေဟာ ကိုယ်လုဖို့အတွက်ဆို တစ်ညလုံးမအိပ်ဘဲ အလှပြင်ဆိုလည်း ပြင်တတ်ကြတယ်ကွ၊ မင်းလည်း နှုတ်ခမ်းမွှေးအော်ပရေးရှင်းကြီးကို လုချင်လို့ တစ်ညလုံးမအိပ်ဘဲ အပင်ပန်းခံလာတာလေ၊ အဲဒါ မိန်းမဆန်တာပေါ့"

မိုးချိမ့် ငြိမ်သွားသည်။ သူရယ်နေလိုက်၏။

"မင်းကကွာ. . . ငါ့ဆို ဘယ်တော့မှ အကောင်းမပြောဘူး၊ ငါစိတ်ကောင်းဝင်နေလို့ မင်း သက်သာသွားတာ ငရဲ"

မိုးချိမ့်က နံရံမှာချိတ်ထားသော သူတို့အိမ်သော့တွဲကြီးကို ဖြုတ်ယူကာ အိပ်ထောင်ထဲထည့်လိုက်သည်။ ပြီးတော့ ပက်လက်ကုလားထိုင်ပေါ်မှာ လှဲလိုက်သည်။

"ဟေ့ကောင်. . . သော့တွေ ဘာလို့ယူထားတာလဲ"

"ဘာမှမဟုတ်ဘူး၊ ငါ အိပ်ပျော်သွားတုန်း မင်း ထွက်သွားလို့မရအောင်လို့. . . ရှင်းလား ငရဲ"

ခဏနေတော့ မိုးချိမ့် နှစ်နှစ်ပျော်ပျော်အိပ်ပျော်သွားသည်။ သူသည် မိုးချိမ့်ကိုကြည့်ကာပြုံးလိုက်မိ၏။ ဝင့်ရှိသရွေ့တော့ ခံလိုက်ဦးပေါ့ ရဲဝေရေ. . .၊ ခြင်ဆေးခွေကိုယူ၍ မီးရှို့ကာ ကုလားထိုင်ဘေးမှာထားပေးလိုက်သည်။ ဒါမှ ဒီကောင် ခြင်ကိုက်မခံရမှာလေ. . .။

* * *





"အခုသွားမယ့် စိုးဝင်းငြိမ်းရဲ့အိမ်မှာ ညီမချောလေးတွေရှိလား"

"ငါတော့မတွေ့ဘူး၊ ညီတွေပဲတွေ့တယ်၊ အားလုံး ဒီဇိုင်းဆွဲတယ်၊ မပေါ့နဲ့ ငသူ. . .၊ သူတို့ညီအစ်ကိုတွေက ဆရာကြီးတွေချည့်ပဲ"

"ယောကျ်ားချင်းတော့ ငါစိတ်မဝင်စားဘူး ငရဲ"

ဝင့်ကလည်းကြီးပ့ါ၊ သွားလေရာမှာ ရထားတွဲလိုပဲ မိုးချိမ့်က တောက်တဲ့ကပ် ကပ်ပါနေသည်။ ထားခဲ့လို့လည်းမရ၊ သူမှာ အပေါင်းအသင်းတွေဆီသွားချင်ရာမှာ လွတ်လွတ်လပ်လပ်မသွားရတဲ့ဘဝ၊ ဒါပေမယ့် မိုးချိမ့်က သူနှုတ်ခမ်းမွှေးကို လူတွေထဲမှာ တိုးခွေ့လျှင် ကျွတ်တုန်မှာစိုးသည့်အတွက် ကကအငှားကားကိုစီးလာသည်။ သည်တော့



www.burmeseclassic.com

www.burmeseclassic.com



လူလည်း သက်သာ၊ လိုရာလည်းတန်းရောက်သည်။ ဖဆပလတိုက်ခန်းတွေထဲက စိုးဝင်းငြိမ်း၏တိုက်ခန်းရှေ့မှာ သူတို့ကားပေါ်က ဆင်းလိုက်သည်။

စိုးဝင်းငြိမ်းသည် 'ပျင်း-ပျော့-ပျက်-ပြေး မန္တလေး' မှ ရေကြည်ရာမြက်နုရာ မဟာရန်ကုန်သို့ ခြေစုန်ပစ်ကာ ဒိုက်ဗင်ထိုးဝင်လာသူဖြစ်၏။ သူတို့ရောက်သွားသောအချိန်၌ စိုးဝင်းငြိမ်းသည် ကွန်ပျူတာရှေ့မှာ ဒီဇိုင်းဆွဲရင်း အလုပ်ရှုပ်နေချိန်ဖြစ်သည်။

"ခဏထိုင်ဦး ကိုရဲ၊ အော်ပီကျယ်လည်းလာနေပြီလို့ ဖုန်းဆက်ထားတယ်၊ သူလာတော့ လက်ဘက်ရည်ဆိုင်သွားကြတာပေါ့"

မန္တလေးသား စိုးဝင်းငြိမ်းသည် ဖော်ရွေသည့်အတွက် သူ့အခန်းမှာ စာရေးဆရာ၊ စာနယ်ဇင်းဆရာ၊ ကာတွန်းဆရာ၊ မဂ္ဂဇင်းအယ်ဒီတာ အစုံလာရောက်နားခိုတတ်ကြသည်။ သူသည် စိုးဝင်းငြိမ်းဆီသို့လာကာ စာနယ်ဇင်းသမားတွေနှင့် ဟိုအကြောင်းသည်အကြောင်းပြောဆိုရင်းနှီးရသည်ကို နှစ်ခြိုက်သည်။

စိုးဝင်းငြိမ်းသည် ဒီဇိုင်းဆွဲရင်းနှင့်ပင် သူနှင့်စကားပြောနေသည်။ သူတို့ စိတ်ဝင်တစားပြောဆိုနေကြသည်မှာ စာပေအကြောင်းတွေဖြစ်နေတော့ မိုးချိမ့်အဖို့ စကားဝိုင်းမှဘေးထွက်နေသည်။ မိုးချိမ့် ပျင်းလာ၏။

သည်အခိုက်မှာပင် ကွန်ပျူတာအလုပ်ခန်းလေးထဲမှာ လမင်းလေးတစ်စင်း လင်းပသည်။ အသားဖြူဖြူ ရုပ်ချောချောကောင်မလေးတစ်ယောက် ရေနွေးကြမ်းခရားနှင့် လက်ဘက်သုပ်ပွဲလာချပေးသည်။ ပြီးတော့ နောက်ထဲဝင်သွားကာချက်ချင်းပျောက်သွားသည်။ ငိုက်မြည်း





နေသော မိုးချိမ့်၏မျက်လုံးတွေ ပြူးကျယ်သွားမည်ဆိုသည်ကို ပြောစရာမလိုဘဲ သိနေပါလိမ့်မည်။

"မန္တလေးကညီမ အလည်ရောက်နေတာလား"

"ဝမ်းကွဲပါ ကိုရဲရာ၊ အမေနဲ့လိုက်လာတာလေ"

သူ၏အားနာအမေးကို စိုးဝင်းငြိမ်းကလည်း အားနာစွာပဲ ဖြေသည်။ အားမနာသူမှာ မိုးချိမ့်ဖြစ်သည်။ တစ်ချိန်လုံးငြိမ်နေသော မိုးချိမ့် တစ်ယောက် ယခုမှ စကားစပြောသည်။

"မန္တလေးသူတွေ ဒီလောက်လှလိမ့်မယ်မထင်ဘူး၊ တော်တော်လှတယ်ဗျာ၊ ကျွန်တော်တော့ ခင်ဗျားကို ယောက်ဖတော်ရတော့မယ်ထင်တယ် ကိုစိုးဝင်းငြိမ်း"

စိုးဝင်းငြိမ်းမျက်နှာ ကွက်ကနဲပျက်သည်။ သိပ်တော့ ကျေနပ်ပုံမရ။ သူသည် လက်ဘက်သုပ်တစ်ဇွန်းစားကာ ရေနွေးကြမ်းသောက်သည်။ မိုးချိမ့်က လက်ဘက်သုပ်လည်းမစား၊ ရေနွေးကြမ်းလည်း မသောက်ရဲပဲ သူ့နှုတ်ခမ်းမွေးအကြောင်း မတော်၍ ကျွတ်ကျကုန်မှာ စိုးရိမ်နေရှာသည်။ စိုးဝင်းငြိမ်းက ပြောလက်စစကားကို ပြန်ဆက်သည်။

"အဲဒီမှာ ကိုရဲရာ၊ မဂ္ဂဇင်းလေးက ပြန်ပြီးနိုးထလာတယ်၊ ကျွန်တော်တို့ ဂေါ်ကီကိုပြန်ပြီး အသက်သွင်းတယ်၊ ရှိုတ်စပီးယားရဲ့ ပြဇာတ်တွေ ပြန်ပြီးအသက်ဝင်လာတယ်၊ နေဝင်တာ နေထွက်တာတွေတာ ကျွန်တော်တို့နဲ့ကင်းကွာသွားတယ်၊ ဂေါ်ကီတို့ ရှိုတ်စပီးယားတို့နိုးထလာတဲ့အချိန်မှာ ကျွန်တော်တို့. . ."

စိုးဝင်းငြိမ်း ပြောလက်စစကား တန့်သွားသည်။ မိုးချိမ့်က နံဘေးမှ လက်ညှိုးထောင်ပြလိုက်၍ဖြစ်သည်။ ပြီးတော့ မိုးချိမ့်ကပြော



www.burmeseclassic.com

www.burmeseclassic.com



သည်။

“ကျွန်တော်သိတာကတော့ ဂေါ်ကီဟာ မော်ဘီမှာနေတယ်၊ ရှိတ်စပီးယားက ထိပ်ကြီးပြားတယ်၊ ချက်ကော့ဗ်ဟာ ဇက်ပျော့ပြီး တော်စတွိုင်းက အတော်ရိုင်းတာပေါ့၊ please, ကျေးဇူးပြုပြီးဗျာ၊ လက်ထရိန်ရှိရာညွှန်ပေးပါ. . . ကျွန်တော် ဗိုက်နာလာလို့”

သဘောအလွန်ကောင်းသော စိုးဝင်းငြိမ်းပင် အတော်သည်းခံနေရသည်။ ရေအိမ်ရှိရာကို စိုးဝင်းငြိမ်းကညွှန်ပြလိုက်သည်။ ကြားထဲမှ သူက စိုးဝင်းငြိမ်းကို တော်တော်လေးအားနာသွားမိ၏။ သည်တုန်းက သူနှင့်စိုးဝင်းငြိမ်းသည် မင်းနှင့်ငါနှင့်ပြောသောအဆင့်ကို မရောက်သေး၊ ခင်မင်ပေါင်းသင်းကာစအဆင့်မှာပဲ ရှိနေသေးသည်။ မိုးချိမ့်၏စရိုက်နှင့် သူ၏စာပေအသိုင်းအဝိုင်းမှ စည်းနှင့်ကမ်းနှင့်နေသူတို့၏စရိုက်မှာ ထင်းထင်းကြီးကွဲနေတော့ သူ စိုးဝင်းငြိမ်းကို မျက်နှာပူ အားနာနေမိခြင်းပဲဖြစ်သည်။ စကားမဆက်ဘဲ အတန်ကြာမှ . . .

“sorry ဗျာ. . . ကျွန်တော်တို့ရောက်လာတာ ခင်ဗျားအတွက် အနှောင့်အယှက်များဖြစ်နေပြီလား မသိဘူး”

“ဟာ. . . မဖြစ်ပါဘူးဗျာ. . . No problem ပါ ပြဿနာမရှိပါဘူး၊ ကျွန်တော်လည်း ဒီ ဒီဇိုင်းလေးပြီးခါနီးနေပါပြီ၊ ကိုရဲ ထိုင်ဦးနော်၊ ပြီးရင် ရွှေခရားသွားပြီး အာရိုက်ကြတာပေါ့၊ ဟား. . . ခင်ဗျားဘော်ဒါ အိမ်သာသွားတာကြာလှပါလား. . . သူက ဘယ်သူလဲဗျ”

“ငယ်သူငယ်ချင်းပါ၊ မိုးချိမ့်သူတဲ့၊ သဘောကောင်းပါတယ်၊ gen-tleman တွေထဲမှာ မနေဘူးရှာတော့ စရိုက်က နည်းနည်းရိုင်းသလိုဖြစ်နေတယ်၊ နောက်ပြီး ကိုစိုးဝင်းငြိမ်း သတိထားမိတယ်မဟုတ်လား





သူက. . .”

သူ့စကားပင်မဆုံးလိုက်၊ နောက်ဘက်ခန်းဆီမှ စိုးဝင်းငြိမ်းညီမလေး၏ အလန့်တကြားအော်သံကို ကြားလိုက်ရသည်။

“အမလေး. . . ကိုကြီးရေ. . . လာပါဦး. . . ဒီလူကြီး. . . ဒီမှာ. . . ဒီမှာ. . . လာပါဦး”

စိုးဝင်းငြိမ်းမျက်လုံးပြူးသွားကာ နောက်ဘက်ခန်းဆီပြေးသည်။ သူလည်း ဘုရားသိကြားတ,လိုက်ရင်း စိုးဝင်းငြိမ်းနောက်မှ ပြေးလိုက်သွားမိသည်။ ပြေးလှမ်းနေသော စိုးဝင်းငြိမ်းခြေထောက်တွေ မီးဖိုခန်းရှေ့မှာရပ်သွားတော့ သူလည်းရပ်လိုက်မိသည်။ မြင်လိုက်ရသောမြင်ကွင်းက သူထင်သည့်အတိုင်းပင်။ ကြောက်လန့်စိုးထိတ်ကာ ကတုန်ကယင်ဖြစ်နေသော ကောင်မလေး၏လက်နှစ်ဘက်ကို မိုးချိမ့်ကကိုင်ထားသည်။ ကောင်မလေးမှာ ရုန်းကန်ဖို့သတိမရအောင် ကြောက်နေသည်။

“ဖော်လေ. . . ကြိုက်သလောက်အော်၊ နာမည်လေးသိရမှ လွှတ်ပေးမယ်၊ ဘာကြီးပဲဖြစ်သွားသွား မင်းအတွက်ဆို ကိုယ်က. . .”

“ဟော့ကောင်. . . မင်း. . . မင်း. . . ဘာလုပ်တာလဲ. . . လွှတ်စမ်း. . .”

စိုးဝင်းငြိမ်းက ဒေါသနှင့်အော်လိုက်ရင်း မိုးချိမ့်၏အင်္ကျီကော်လံကို နောက်မှ ဆောင့်ဆွဲလိုက်သည်။ မိုးချိမ့်က လက်သီးဆုပ်လိုက်ကာ ကိုယ်ကိုတစ်ပတ်လှည့်လိုက်ကာ ရင်ဆိုင်သည်။ အခြေအနေ ဝရုန်းသုန်းကားဖြစ်သွားချိန်မှာ သူက ခြေဖျားထောက်ကာ စိုးဝင်းငြိမ်းမျက်နှာရှေ့မှာ သူ့မျက်နှာကို ထိုးခံလိုက်သည်။ ခြေဖျားထောက်မှုလည်း သူ့အရပ်က



www.burmeseclassic.com

www.burmeseclassic.com



စိုးဝင်းငြိမ်းကိုမီမည်လေ။

"ဟော့ကောင် ငရဲ ဖယ်လေကွာ. . . ဘာလုပ်တာလဲ"

"ကိုရဲ. . . ခင်ဗျား ဘာလို့ဝင်တာလဲ. . . ဖယ်လေဗျာ"

"မလုပ်နဲ့. . . ရပ်ထား သေျူ၊ ကိုစိုးဝင်းငြိမ်းမလုပ်ပါနဲ့"

စိုးဝင်းငြိမ်းသည် ခေါင်းကိုစောင်းလိုက်ကာ မိုးချိမ့်ကို မီး တောက်မျက်လုံးများနှင့်ကြည့်သည်။

"မင်း. . . တော်တော်မိုက်ရိုင်းပါလား၊ လူကမွေးတာဟုတ်ရဲ့ လား"

"ဖယ်စမ်းပါငရဲရာ၊ ဒါမှ မန္တလေးသား ငါ့သွေး ဘယ်လောက်ရဲ တယ်ဆိုတာ သိသွားအောင်လို့ ဟား ဟား ဟား"

"အံမာ. . . ခွေးမသား. . . ငါ့အိမ်လည်းလာသေးတယ်၊ စော် လည်းစော်ကားသေးတယ် ကိုရဲ. . . ဖယ်ဗျာ. . ."

"မလုပ်နဲ့. . . မလုပ်ပါနဲ့ ကိုစိုးဝင်းငြိမ်း၊ ကျွန်တော် တောင်း ပန်ပါတယ်၊ သူ. . . သူက. . . ခင်ဗျားထင်သလိုမဟုတ်ပါဘူး၊ သူက ယောကျ်ားမဟုတ်ပါဘူး၊ မိန်းမပါ. . . မိန်းမတစ်ယောက်ပါဗျာ"

"ငရဲ"ဟူသော တုန်ယင်အက်ကွဲစွာ မိုးချိမ့်'အော်လိုက်သံကို ကြားလိုက်ရသည်။ စိုးဝင်းငြိမ်းလည်း မျက်လုံးပြူးသွားကာ စုကိုင်ထား သော မိုးချိမ့်၏ကော်လံကို အလန့်တကြားလွှတ်ပေးလိုက်သည်။ ပြီး တော့ နောက်ကို ယောင်မှားစွာဆုတ်လိုက်ကာ မိုးချိမ့်အား အံ့ဩမှင် သက်စွာ ကြည့်နေလေသည်။ မိုးချိမ့်မျက်ဝန်းမှာ အရှက်မျက်ရည်တွေ ဝေ့သီလာသည်။ ဆုပ်ထားသောလက်သီးတွေ အလိုလိုဖြေလျော့သွား သည်။ စိုးဝင်းငြိမ်းကလည်း မိုးချိမ့်ကို တအံ့တဩနှင့် ခြေဆုံးခေါင်းဆုံး





ကြည့်နေသည်။ ကောင်မလေးကလည်း အံ့ဩစွာ မိုးချိမ့်ကို ခြေဆုံး ခေါင်းဆုံးကြည့်နေသည်။ မိုးချိမ့် မခံနိုင်ဆုံးမှာ လူတွေက သူ့ကို သည်လို မျက်လုံးတွေနှင့် ခြေဆုံးခေါင်းဆုံးအကြည့်ခံရခြင်းပင်ဖြစ်သည်။ မိုးချိမ့် မျက်နှာ အောက်စိုက်ချသွားသည်။

"sorry ကိုရဲ၊ ကျွန်တော်က နှုတ်ခမ်းမွေးနဲ့ဆိုတော့ ယောကျ်ား မှတ်သွားလို့ပါဗျာ၊ သူက မိန်းမဖြစ်ပြီး အဲလိုနှုတ်ခမ်းမွေးပေါက်ရ သလား"

'နှုတ်ခမ်းမွေးပဲဗျာ၊ မိန်းမဖြစ်ဖြစ် ယောကျ်ားဖြစ်ဖြစ် သူ့ပေါက် ချင်တဲ့နေရာပေါက်မှာပေါ့' ဟူ၍ ရဲဝေဖြေလိမ့်မည်ဟု မိုးချိမ့် ထင်ထား သည်။

ဒါပေမယ့် ရဲဝေဖြေလိုက်သည်က မိုးချမ့်ထင်ထားသည်နှင့် တခြား. . .။

"အဲဒါ စူပါဂလူးနဲ့ တစ်ညလုံး တစ်ပင်ချင်း ဇာဂနာနဲ့ စိတ် ရှည်လက်ရှည်ကပ်ထားတာဗျ"

'ဗျာ'ဟု စိုးဝင်းငြိမ်းတ,လိုက်ရင်း မိုးချိမ့်၏နှုတ်ခမ်းမွေးကို စေ့စေ့စူးစူးကြည့်နေသည်။ ဂရပ်ဖစ်ဒီဇိုင်းဆရာ လက်ဖျားခါ သြချ လောက်သည့်မိုးချိမ့်၏လက်ရာ. . .။

'တကယ့်ကိုစိတ်ရှည်တာပဲ၊ အမွှေးလေးတွေကိုညီနေတာပဲဗျာ' ဟု စိုးဝင်းငြိမ်း အံ့ဩစွာချီးကျူးသည်။ ပြီးတော့ ခေါင်းငိုက်စိုက်ချထား သော မိုးချိမ့်၏ပခုံးကို ပုတ်လိုက်သည်။

"sorry ပဲညီမရာ၊ အစ်ကိုကအသံကိုတော့ ထင်တော့ထင်မိသား တယ်၊ ညီမရဲ့နှုတ်ခမ်းမွေးက အပီအပြင်ဆိုတော့ မိန်းမလို့မထင်မိလိုက်



www.burmeseclassic.com

www.burmeseclassic.com



လို့ပါ၊ ခွင့်လွှတ်ကွာနော"

ကောင်မလေးကလည်း ရှေ့တိုးလာကာ မိုးချိမ့်ကိုဖက်လိုက်သည်။

"အစ်မရယ် ညီမလေးကိုလည်း စိတ်မဆိုးပါနဲ့နော်၊ ညီမလေးက အစ်မကို မိန်းကလေးမှန်းမသိလို့ အော်လိုက်မိတာပါ၊ ငါ့အစ်မက မိတယ်ကွာ၊ ရုတ်တရက်ဆိုတော့ ညီမလေးတောင် မိန်းမမှန်းမသိဘူးရယ်၊ အစ်မကို ညီမလေးခင်သွားပြီ၊ မငိုပါနဲ့အစ်မရယ်၊ ညီမလေးက မသိလို့ အော်လိုက်မိတာပါ"

မျက်ရည်တွေစီးကျလျက် မိုးချိမ့်အံကြိတ်ထားသည်။ မိုးချိမ့်သည် ဖက်ထားသော ကောင်မလေး၏လက်တွေထဲမှ ရုန်းထွက်လိုက်၏။ ပြီးတော့ ချာကနဲ ပြေးထွက်သွားတော့သည်။ အားလုံး ပါးစပ်အဟောင်းသားနှင့် မှင်သက်ငေးကြောင် ကျန်ရစ်ခဲ့ကြသည်။

ပြေးထွက်သွားသောမိုးချိမ့်ကို သူ ဟစ်အော်မတားမိလိုက်ပါ။ တားချင်စိတ်လည်း သူ့မှာမရှိပါ။ဖားမဟုတ်ငါးမည်သည် အချိန်တန်လျှင် သူ့သဘာဝဖားဘဝသာ ရောက်ရမည်ဆိုသော မိုးချိမ့်အတွက် သူ့မျှော်လင့်ချက်သည် ပြပြရေးရေး မြင်လိုက်မိပြီထင်၏။

"အဲဒါမှ ပြဿနာပဲ ကိုရဲ"

စိုးဝင်းငြိမ်းက တစ်စုံတစ်ခုကိုတွေးမိကာ အထိတ်တလန့်ဆိုသည်။

"ဘာလဲ. . . ဘာဖြစ်လို့လဲဗျ"

"ဟာဗျာ. . . ကိုရဲစဉ်းစားကြည့်လေ၊ အခုဆို ဘေးပတ်ဝန်းကျင်က အားလုံး မြင်လိုက်ကြမှာပဲ၊ နေ့ခင်းကြောင်တောင်မှာ ဒီဝိုင်း





စိုးဝင်းငြိမ်းရဲ့အခန်းထဲက ယောကျ်ားလျာကောင်မလေးတစ်ယောက် ငိုပြီးပြေးထွက်သွားတယ်ဆိုတော့ ကျွန်တော်ကပဲ ယောကျ်ားလျာကို တောင် ချမ်းသာမပေးသလို ထင်ကြတော့မှာပဲဗျ. . . ဒုက္ခပါပဲဗျာ"

ဩော်. . . မန္တလေးသားများ ကြောက်တတ်ရင်လည်း ကြံဖန်စိုးရိမ်ပြီး ကြောက်တတ်ကြပါလား. . .။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

## ယုန်အတိုး မိုက်အတိုး





နေကလည်း မညိုသေး. . . လေကလည်း မပြိုသေးသော်ငြားသည်တစ်ခါ မိုးချိမ့်၏ခြေဦးတည်ရာမှာ အောင်ကြီးဖြစ်သည်။ မလာစဖူး ရောက်လာသော မိုးချိမ့်ကိုမြင်တော့ အောင်ကြီး အံ့သြသွားသည်။

"ဟော့ကောင်. . . အောင်ကြီး၊ ထကွာ. . . တရုတ်ဆိုင်သွားရအောင်"

"မိုးချိမ့်သူငယ်ချင်း ခုမှ သုံးနာရီပဲရှိသေးတယ်၊ မင်း ဘယ်လိုဖြစ်လာတာလဲ"

"ဟော့ကောင်. . . စကားမများနဲ့၊ လိုက်မှာလား မလိုက်ဘူးလားပြော"

"လိုက်ခဲ့ပါ့မယ်ကွာ. . . မင်းကလည်း. . ."



www.burmeseclassic.com

www.burmeseclassic.com



မိုးချိမ့်သည် အောင်ကြီးနှင့်အတူ တရုတ်ဆိုင်မှာထိုင်ဖြစ်သည်။ တရုတ်လာချပေးသော နှစ်ပက်ကို တစ်ခါတည်းမော့ပစ်လိုက်တော့ အောင်ကြီး မျက်လုံးပြူးသွားသည်။

"ဟာ. . . မိုးချိမ့်. . . ကြမ်းလှချည်လား၊ အဲလိုမလုပ်နဲ့လေကွာ၊ သူငယ်ချင်း မင်း တစ်ခုခုဖြစ်လာပြီ၊ မင်း ဘာဖြစ်လာတာလဲ၊ ဟိုကောင် ရဲဝေရောဘယ်မှာလဲ"

မိုးချိမ့် ဘာမှမပြောဘဲ မျက်နှာကြီး သုန်မှုန်နေသည်။ ခန္ဓာကိုယ်ထဲကသွေးကြောတွေ ဆူကြွရှိန်းဖိန်းလာသည့်တိုင် သူ ဘာဖြစ်နေသည်ကို သူကိုယ်တိုင်မသိမြင်မိသေး။ အောင်ကြီးသည် မိုးချိမ့်၏အရိပ်အခြေကို ကြည့်နေ၏။

"မင်း. . . ရဲဝေနဲ့ရန်ဖြစ်လာတာလား မိုးချိမ့်၊ မင်း ဘာဖြစ်လာတာလဲ၊ ပြောလို့ရရင်ပြောပြကွာ၊ ဒါမှ ငါလည်း ကူညီလို့ရမှာပေါ့"

မိုးချိမ့်သည် အဓိပ္ပါယ်မဲ့ အားရပါးရကြီး ရယ်ချပစ်လိုက်၏။

သည်လို စိတ်ရှိလက်ရှိကြီး ရယ်ချပစ်လိုက်သည့်တိုင် မွန်းကျပ်ရင်သည် ပြေမသွား. . .။ တင်းခံဆို့ဆို့နှင့်။ မိုးချိမ့်သည် အောင်ကြီး မျက်နှာကို စူးစူးထွင်းထွင်းကြည့်လိုက်သည်။

"အောင်ကြီး. . . မင်း ငါ့ကို သေသေချာချာကြည့်စမ်း၊ ပြီးတော့ မှန်မှန်ဖြေ၊ မှားရင်မင်းကို ငါ နားရင်းရိုက်မယ်"

"မင်းရဲ့အမြင်မှာ ပြောစမ်း အောင်ကြီး၊ ငါဟာ ယောက်ျားလား၊ မိန်းမလား. . .၊ စဉ်းစားပြီးမှပြော. . . ပြောလေကွာ"

"ဟာကွာ. . . သူငယ်ချင်းကလည်း မင်းဟာ ယောက်ျားပေါ့ကွ၊ ဒါများ ဟား ဟား ဟား"





'ဖျောင်း'ကနဲအသံ။ အောင်ကြီး ခေါင်းထူပူသွားကာ မျက်လုံးထဲမှာ လင်းကနဲလက်ကနဲမြင်လိုက်ရသည်။ မိုးချိမ့်က လက်သံပြင်းသည်။အူကြောင်ကြောင်နှင့်ကြောက်လန့်ဟန်ဖြစ်သွားသော အောင်ကြီးကိုကြည့်လျက် မိုးချိမ့်ရယ်သည်။

"ဟား ဟား ဟား ဟား. . . ယောက်ျားတဲ့လား. . . ယောက်ျားတဲ့လား အောင်ကြီးရာ၊ ငါဟာ ယောက်ျားတဲ့လား. . . ဟား ဟား ဟား"

အာရုံတွင် စိုးဝင်းငြိမ်း၏ "မိန်းမမှန်းမသိလို့ပါ" ဟူ၍ တောင်းပန်နေဟန်၊ "အစ်မကို မိန်းကလေးမှန်းမသိလို့ အော်လိုက်မိတာပါ" ဆိုပြီး ကောင်မလေးက သူ့ကိုဖက်ပြီး ချော့ဟန်၊ "သူက ယောက်ျားမဟုတ်ဘူး မိန်းမဗျ" ဟူသော ရဲဝေ၏ ရှင်းပြဟန်တွေ. . . အားလုံးသည် တစ်စစီ တစ်ကွက်စီမြင်ယောင်ကာ နှလုံးသားကို ဖိနှစ်ကြိတ်ချေနေလေသည်။

"လူတွေက မင်းလိုမမြင်ဘူး၊ ငါဟာ မိန်းမတဲ့၊ မိန်းမတဲ့ကွာ၊ ဟား ဟား ဟား"

ရယ်နေသော မိုးချိမ့်၏မျက်ဝန်းတွေမှ မျက်ရည်တွေစီးကျနေသည်ကို အောင်ကြီး ငေးကြောင်ကြည့်နေမိလေသည်။

'ဖျောင်း'ကနဲ အောင်ကြီး အရိုက်ခံလိုက်ရပြန်သည်။ အောင်ကြီး လက်သီးဆုပ်လိုက်မိ၏။ ဒါပေမယ့် စိတ်ထိန်းကာ လက်ချောင်းတွေကို ပြန်ဖြည်ချလိုက်သည်။ မိုးချိမ့်မမြင်ပါ။

"ရဲဝေဟာ အလကားကောင်. . .။ ဒီကောင့်မျက်နှာကို ငါ မကြည့်ချင်ဘူး၊ မင်းက ငါ့ကို ယောက်ျားလို့ပဲမြင်တယ်၊ မင်းကမှ ငါ့သူငယ်ချင်းအစစ်၊ ငါ ဒီည မှောက်သွားအောင်သောက်ပစ်မယ် အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



မှ အားလုံးကို ငါမေ့သွားမယ်၊ ငါ ဘာမှမဖြစ်အောင် မင်းထိန်းပေတော့ သူငယ်ချင်း၊ ဒါပေမယ့် ဒီမှာ ဆက်မသောက်ချင်ဘူးကွာ၊ ဒီဆိုင်ကို ရဲဝေ လိုက်လာမှာကွ၊ ငါတို့ မထိုင်ဖူးတဲ့ဆိုင်မှာ သွားထိုင်ရအောင်"

အောင်ကြီးသည် တစ်စုံတစ်ခုကို စဉ်းစားနေလေသည်။ အောင်ကြီး၏မျက်လုံးတွေသည် အရောင်လဲ့နေ၏။

"မြင်သာထဲက ငါတို့တိုက်ကိုသွားမလား၊ အိမ်ငှားတွေပြောင်းသွားကြတော့ လောလောဆယ်ဘယ်သူမှမရှိဘူး၊ အစောင့်ဦးချစ်တစ်ယောက်ပဲရှိတာကွ၊ လွတ်လွတ်လပ်လပ်ပဲ၊ မင်းဘာသာ ကျွမ်းစိုက်အောင်သောက်သောက်၊ မှောက်သွားအောင်သောက်သောက်၊ ဘယ့်နှယ့်လဲ"

"ကောင်းသားပဲ၊ မိုက်တာပေါ့ကွာ၊ ငါ ဘယ်သူနဲ့မှမတွေ့ချင်ဘူး၊ ငါ့စိတ်တွေ အရမ်းရှုပ်ထွေးနေတယ်၊ အောင်ကြီး"

အကြီးတစ်လုံး၊ အပြားတစ်ပြား၊ ခေါက်ဆွဲကြော်၊ ဘဲကင်တစ်ခြမ်း၊ အာလူးချောင်းကြော်နှစ်ထုပ်၊ ပါဆယ်ဘဝရောက်သွားသည်။ မြင်သာဘက်မသွားခင်မှာ ခဏဟုပြောကာ အောင်ကြီး ပျောက်သွားသည်။ ပြီးတော့ ပြန်ရောက်လာသည်။ အဲဒီနောက် နှစ်ဦးသား မြင်သာသို့ထွက်သွားတော့သည်။ အောင်ကြီး၏ဇာတ်ကိုသိထားသော ပေါက်ဖော်သည် မိုးချိမ့်အတွက် မပီမသနှင့် ဘုရားစာရွတ်လိုက်မိ၏။

တစ်နေကုန်နေသာနေခဲ့သော ကောင်းကင်မှာ မှိုင်းညို့မိုးသားတွေက အုံ့ကျင်းဖွဲ့ပြည့်သိပ်လာသည်။ တိမ်မှိုင်းလိပ်တွေကြားမှာ မိုးနတ်စစ်သည်တွေက ငွေမြားတံတွေ ကျဲကျဲပေါက်ပေါက်စတင်ပစ်လွှတ်နေသည်။ ရာသီက နှင်းငွေ့သက်စရာသီ၊ မိုးစက်ကျဲပက်ချိန်ခါလည်း မဟုတ်ပါပဲနှင့်. . . မိုးပေါက်တွေက ဖွဲဖွဲပြိုကျလာသည်။ အငြိုးနှင့်ပြိုဆင်းလာသော အခါလွန်မိုးစက်ဖွဲဖွဲအောက်မှာ ကာကွယ်မဲ့စွာ ရွှေ့ရွှေ့ဝေးသွားသော အောင်ကြီးနှင့် မိုးချိမ့်ကိုကြည့်ရင်း ပေါက်ဖော်ကြီး သက်ပြင်းချလိုက်မိလေသည်။





* * *



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာလည်းမတွေ့တော့ မိုးချိမ့်သည် ပေါက်ဖော်၏ဆိုင်မှာပဲ အောင်ကြီးနှင့်အတူရှိလိမ့်မည်ဟု သူတွက်ကြည့်လိုက်သည်။ မိုးစက်များတံတွေက စောစောပိုင်းကထက် ပိုပြီးသိပ်သည်းလာသည်။ မိုးပွင့်တွေ တစက်စက်စီးကျနေသော ဆိုင်တံစက်မြိတ်အောက်မှာ သူဝင်လာသည်ကိုမြင်လိုက်သည်နှင့် ပေါက်ဖော်ကြီး၏မျက်နှာကြီးမှာ ဝင်းပသွားသည်။

"ဟေ့ကောင်လေး. . . စီကိုလာဦး. . . နီ့ကို ဝ ပြောစရာရှိလယ်"

ဆိုင်ထဲ မျက်လုံးဝေ့ကြည့်တော့ မိုးချိမ့်ကိုမတွေ့မိ။ အရေးထဲမှ ပေါက်ဖော်ကြီးက ထူးထူးဆန်းဆန်း သူ့ကိုခေါ်နေသည်။ သူ ကောင်တာ





ရှေ့မှာရပ်လိုက်သည်။

"နီတို့ဗီမာစီကားပုံရှိလယ်၊ အီလာကောင်းပေမယ့် အီခါနောက်ကျလယ်ဆိုလားပဲ၊ ကောင်လေး နီ့တယေ်ချင်း ယောကျ်ားမဟုတ်မီးမမဟုတ်လေးကို အောင်ကြီးကခေါ်တွားတယ်၊ အဲစာ ဝမီကြိုက်ဘူး၊ မီးကလေး စုတ်ခရောက်ပီနဲ့တူလယ်ကွာ. . . စုတ်ခပဲနော်ကောင်လေး"

"ဗျာ. . . ပေါက်ဖော်. . . မိုးချိမ့်. . . မိုးချိမ့်လား. . . သေူလေ. . . သေူ. . . သူ့ကို အောင်ကြီးက ဘယ်ခေါ်သွားတာလဲ"

"မင်းတိလား. . . မြင်တာက အောင်ကြီးရဲ့အိမ်လေ၊ စီမှာအဲစီစားပွဲခုံမှာပြောနေတာ၊ ဝအီကုန်ကြားလယ်၊ ဝစိမကောင်းဘူး၊ အဲစီအိမ်မင်းတိလား. . .။ ဝတီတယ်၊ အိမ်ငှား ဝစပ်ပေးလို့ ပွဲခရဘူးလယ်၊ (. . .)လမ်းထဲမှာ၊ မီးမလေးက တူ့စိတ်တွေ အားကီးရှုပ်နေ့လယ်တဲ့၊ တူမေ့တွားအောင် မှောက်တွားအောင် တောက်ပစ်မယ်လဲ့ကွာ၊ ကောင်လေး မီးအီမြန်လိုက်တွား၊ အုန်းပင်လေးငါးပင်တန်းစိုက်ထားလဲ့အိမ်ပဲ၊ ဝ စိမကောင်းဘူးကွာ"

"ကျေးဇူးပဲ ပေါက်ဖော်၊ အချိန်မီကောင်းပါရဲ့ဗျာ"

"မြန်မြန်တွား၊ တူတို့ထွက်သွားလာ လီးဆယ့်ငါးမိလစ်စီပြီ"

လေးဆယ့်ငါးမိနစ်ဆိုသည့်အချိန်သည် မိုးချိမ့်၏ဘဝကို အများကြီးပြောင်းပြန်မှောက်ခုန်ဖြစ်သွားစေနိုင်သည်။ စိုးထိတ်ရင်နှင့် မိုး ရေစက်တွေအောက်မှာ သူပြေးထွက်ခဲ့လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတစ်ခုလုံး မူးဝေယိမ်းထိုးနေသည်။ မျက်ခွံကန့်လန့်ကာကြီးက လေးလေးအိအိကြီးပြိုကျနေသည်။ ရှေ့မှာရှိနေသော ပုလင်းကြီးသည် နေကြာပွင့်ကြီးဖြစ်သွားလိုက် လေယာဉ်ပျံကြီးဖြစ်သွားလိုက်နှင့်။ အားတင်းကာကြည့်လိုက်သမျှ အရာတိုင်းသည် ဂီတသင်္ကေတမှတ်စုတွေလို စန္ဒယားခလုတ်တွေလိုနှင့် ကွေ့ဝိုက်လှိုင်းတွေ နီးလာလိုက် ဝါးသွားလိုက်နှင့်။ ဘာတွေမြင်လို့မြင်နေမှန်းမသိ။ နှင်းဆီရနံ့တွေရသည်။ နှင်းဆီ ပွင့်တွေပြေးလာနေသည်။ လက်နှင့်ဖယ်သည်။ ဖယ်လို့မရ။ ခန္ဓာကိုယ်သည် ဘယ်လိုမှလှုပ်ရှားလို့မရ။ လက်တွေခြေတွေအားလုံး ဘယ်လိုမှသယ်လို့မရ။ ညက်ညက်ကျေအောင် ထုရိုက်ကြိတ်ချေပစ်လိုက်တဲ့ အဝတ်ဖတ်တစ်စလို နွမ်းဖတ်ပုံကျသွားသည်။ တစ်သက်နှင့်တစ်





ကိုယ် တစ်ခါဖူးမှမကြုံခဲ့လေသော ဝေဒနာ. . .။ မိုးချိမ့် တုန်လှုပ်ခြင်းကြီးစွာဖြစ်မိသည်။ ရင်မှာ တလှပ်လှပ်လှိုက်ခုန်လာကာ အသိစိတ်ကို ကိုယ်မှလွင့်မသွားအောင် အားတင်းနေရသည်။ အောင်ကြီးသည် မိုးချိမ့်၏ပါးကလေးကို လက်နှင့်ကိုင်ကြည့်သည်။

"ပါးကလေးကလည်း နုနုလေး၊ နှုတ်ခမ်းလေးကလည်း ရဲရဲလေး၊ မင်းဟာ သိပ်လှတဲ့မိန်းကလေးပဲ မိုးချိမ့်သူ"

"အောင်ကြီး. . . အောင်ကြီး. . . မင်း. . . ငါ့ကို အိမ်ပြန်ပို့ပေးပါ၊ အိမ်ပြန်. . . မယ်. . . အိမ်. . . အိမ်ကို. . . ပို့ပေးပါ"

အောင်ကြီးသည် မိုးချိမ့်၏နှုတ်ခမ်းလေးအား လက်နှင့် ပွတ်သပ်ကြည့်လိုက်၏။ ပြီးတော့ အောင်ကြီးရယ်သည်။

"အောင်ကြီး. . . အောင်ကြီး. . . ငါ. . . ငါ. . . လှုပ်လို့မရတော့ဘူး၊ မင်း. . . မင်း. . . ငါ့. . . ငါ့ကို. . . တစ်ခုခုလုပ်ထားပြီ. . . ငါ. . . ငါ. . ."

အောင်ကြီး ပြုံးလိုက်ပြီး မိုးချိမ့်၏ပါးပြင်ကို ဖြန်းကနဲရိုက်ချလိုက်သည်။ မိုးချိမ့်မျက်နှာလေး လည်ထွက်သွားသည်။ နာကျင်ဖျဉ်းစပ်သွားမှန်းမသိ။ မျက်နှာတစ်ခုလုံး ထုံနေသည်။ အောင်ကြီးသည် မိုးချိမ့်မျက်နှာကို ဆွဲလှည့်လိုက်ကာ နှုတ်ခမ်းကို လက်နှင့်စုကိုင်လိုက်၏။

"မိုးချိမ့်သူ. . . သတိထားစမ်း၊ အခု မင်းကိုယ်မင်း ဘာဆိုတာသိပြီလား၊ မင်း ယောကျ်ားလား မိန်းမလား ပြောစမ်း မိုးချိမ့်သူ"

"မိန်းမ. . . မိန်းမပါ အောင်ကြီး. . . ငါ့ကို အိမ်ပြန်ပို့ပေးပါ၊ တောင်း. . . တောင်းပန်ပါတယ်၊ အိမ်. . . အိမ်. . . အမေ. . . အမေ . . . ကျွန်. . . ကျွန်တော့်ကို. . . ကယ်ပါ. . . အမေ. . . အမေ. . ."



www.burmeseclassic.com

www.burmeseclassic.com



အောင်ကြီး၏ရယ်သံအက်အက်က နံရံတွေကို ရိုက်ခတ်သွားသည်။ သူပြုသမျှခံရတော့မည်ကို မိုးချိမ့် သိလိုက်ပါပြီ။

"ဟား ဟား ဟား နင့်ကိုယ်နင် မိန်းမဆိုတာသိရဲ့လား မိုးချိမ့်သူ"

"သိ. . . သိပါတယ်. . . အိမ် အိမ်ကိုပြန်ပို့ပေးပါ. . . မင်း ငါ့ကို မရက်စက်ပါနဲ့ အောင်ကြီး. . . အမေ. . . အမေ"

"မိန်းမဆိုရင် မိန်းမလိုပြောစမ်း မိုးချိမ့်သူ၊ အဲလိုပြောရင် နင့်ကို နင့်အိမ်ပြန်ပို့ပေးမယ်၊ ကျွန်မကို အိမ်ပြန်ပို့ပေးပါရှင်၊ ကျွန်မကို သနားပါရှင်လို့. . . ပြော. . . ပြောစမ်း. . . မိုးချိမ့်သူ"

ရင်မှာ ကွဲအက်ပွင့်ထွက်မတတ် နာလုံးအိမ်က ခုန်ကြွနေသည်။ မိုးချိမ့်၏မျက်ဝန်းမှ မျက်ရည်စတွေက ပါးမို့မို့ထက်သို့စီးကျလာသည်။ ခန္ဓာကိုယ်သည် လှုပ်ရှားလို့မရ။ ခြေလက်တွေက ကျောက်မောင်းတန်ကြီးတွေနှင့် ပူးတွဲချည်တုပ်ထားသည့်နှယ်. . .။

"ကျ. . . ကျွန်မကို အိမ် အိမ်ပြန်ပို့ပေးပါ၊ ကျွန်မ. . . ကျွန်မကို သနားပါ၊ ကျွန်မကို အမေ့ဆီ. . . ပြန်. . . ပြန်ပို့ပေးပါ"

ပြောရင်းနှင့် မျက်ရည်တွေစီးကျလာသည်။ မိုးချိမ့်၏ပါးပြင်ထက်မှ မျက်ရည်တွေကို အောင်ကြီးက လက်နှင့်သုတ်ဖယ်ပေးလိုက်ရင်း ကျေနပ်အားရစွာ အော်ရယ်ပစ်လိုက်သည်။ ရယ်ရင်းနှင့် နောက်ကျောမလုံဖြစ်မိသဖြင့် လှည့်ကြည့်လိုက်သည်။ အခန်းဝမှာရပ်လျက် ကြည့်နေသော ဦးချစ်ကိုတွေ့လိုက်ရ၏။ အောင်ကြီး ဒေါသထွက်သွားသည်။

"ဦးချစ် ခင်ဗျားဘာလုပ်တာလဲ၊ သွား အပြင်က စောင့်နေ"





ဦးချစ်က မဝံ့မရဲနှင့်ကြည့်နေလေသည်။

"ငါတောင်းပန်ပါတယ်ကွာ၊ ကလေးမလေးကို သူ့အိမ်ပြန်ပို့ပေးလိုက်ပါ၊ ခမြာလေး သနားပါတယ် အောင်ကြီးရာ"

ဦးချစ်ကိုကြည့်နေသော အောင်ကြီး၏မျက်လုံးတွေထဲမှာ ဒေါသမီးတောက်တွေက အလျှံညီးညီး မာန်စွယ်ဖွင့်လျက်။

"ခင်ဗျား. . . သေသွားချင်လား၊ ပါးစပ်ပိတ်ထား ဦးချစ်၊ သွား အပြင်ကစောင့်၊ ကျုပ် ချက်ချင်းထွက်လိုက်လာခဲ့မယ်"

မလွန်ဆန်ရဲရှာသော ဘဝ၊ အားမတန်မာန်ချလျက် ဦးချစ် ကျောခိုင်းထွက်သွားသည်။ အောင်ကြီး ချက်ချင်းထွက်လိုက်မလာပါက တစ်ခုခုလုပ်ပစ်ရမည်ဟူသောအသိက ဦးချစ်၏ခေါင်းထဲမှာ ရှိနေသည်၊ ဒါပေမယ့် အောင်ကြီးကို ဦးချစ် လွန်ဆန်နိုင်ပါမည်တဲ့လား။

"ကယ်. . . ကယ်ကြပါ. . . တောင်းပန်ပါတယ်. . . ကျွန်မကို. . . အိမ်ပြန်ပို့ပေးပါ. . . ရှိခိုးပါတယ်. . . ရှိခိုးပါတယ်. . . ဘုရား . . . ကယ်မ,ပါ"

ကျားသနားမှ နွားချမ်းသာရှာမည်။ မိုးချိမ့်၏အမြင်မှာ အောင်ကြီး၏မျက်နှာသည် နီးလာလိုက်၊ လှိုင်းပျော့ကွေးကြီးထဲ လှည့်ဝိုက်ရောဝင်သွားလိုက်နှင့်. . .။ အားအင်ချိနဲ့ပုံကျသွားသော မိုးချိမ့်သည် ဘုရားကယ်ပါဟု မပီမသည့်ညည်းဆိုလိုက်ရင်း ကိုးကွယ်ရာ ဗုဒ္ဓမြတ်စွာအား အားတင်းအာရုံပြုလျက် စိတ်တွင်းမှ ရှိခိုးဦးခိုက်မိလိုက်ပါတော့သည်၊ အောင်ကြီးသည် မိုးချိမ့်၏ရှပ်အင်္ကျီအပေါ်ဆုံးကြယ်သီးရှိရာသို့ လက်လှမ်းလိုက်၏။

"လူမဆန်လှချည်လား. . . ယုတ်မာလှချည်လား အောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ရာ"

အသံလာရာသို့ အောင်ကြီးလှည့်ကြည့်လိုက်သည်။ အခန်းထဲသို့ဝင်လာသော ရဲဝေကိုတွေ့လိုက်ရ၏။ ရဲဝေ၏နောက်မှာ ဦးချစ်ကရပ်နေသည်။ စားခါနီးထမင်းလုတ် ပုတ်ချခံလိုက်ရတော့ အောင်ကြီး၏ဒေါသသည် ဝုန်းကနဲဆောင့်တက်လာ၏။

"မင်းထွက်သွား . . . ဒါ ငါ့အိမ်ကွ၊ ဦးချစ် သူ့ကို ဆွဲထုတ်စမ်း"

ဦးချစ် မလှုပ်ပါ။ အောင်ကြီးစကားကို ဦးချစ်မနာခံပါ။ မီးတောက်မျက်လုံးတွေနှင့် အောင်ကြီးသည် သူ့ရှေ့သို့ရောက်လာ၏။

"မင်း . . . ဘာဝင်ရှုပ်တာလဲ၊ ထွက်သွား ဟေ့ကောင်"

ဝမ်းခေါင်းသံကြီးနှင့်အော်လိုက်ရင်း အောင်ကြီးက သူ့ကို လက်သီးနှင့်ထိုးသည်။ အောင်ကြီး၏လက်သည် သူ့ရှေ့သို့ရောက်မလာပါ။ ဦးချစ်သည် အောင်ကြီးကို နောက်မှသိုင်းကာ ချုပ်ပေးထား၏။

"ဦးချစ် . . . ခင်ဗျားသေချင်လို့လား၊ လွှတ် . . . ကျုပ်ကို လွှတ်စမ်းဗျာ"

"မလုပ်ပါနဲ့အောင်ကြီးရာ၊ ငါ့စကားနားထောင်ပါ၊ မင်းမှာ အကုသိုလ်တွေဖုံးနေပြီကွ"

"လွှတ် . . . ကျုပ်ကိုလွှတ် . . . လွှတ်စမ်း၊ ခင်ဗျားကြီး သေသွားချင်လား"

နံရံမှာကျောကပ်လျက် ပျော့ဖတ်တစ်ခုနှယ် ပုံလျက်ကျနေသော မိုးချိမ့်ရှိရာသို့ သူ အလျင်စလိုရောက်သွားသည်။ သူသည် မိုးချိမ့်၏မေးကို ဆွဲကိုင်လှုပ်ခါလျက်မေးသည်။ မိုးချိမ့်အတွက် စိတ်ပူသွား၏။

"ငသူ . . . ငသူ . . . သတိထား . . . သတိထားလေ . . . ငါ





ရောက်လာပြီ၊ အားတင်းထား . . . မင်း ဘာမှမဖြစ်တော့ဘူး ငသူ"

"ရဲ . . . ရဲဝေ . . . ငါကြောက်တယ်၊ ငါ . . . ငါ . . . ကြောက်တယ်"

ဦးချစ်သည် အောင်ကြီးအားချုပ်ထားရင်းနှင့် သူ့ကို သတိပေးလိုက်သည်။

"ကောင်မလေးကို အမြန်ခေါ်ပြီးထွက်သွားတော့ ငါ့တူ၊ ဒီကောင်က ဘာဆေးပြားလည်းမသိဘူး ကောင်မလေးရဲ့ခွက်ထဲကို မသိအောင် ထည့်ပြီးတိုက်ထားတာကွ၊ အမြန်သွားတော့"

"ဦးချစ် . . . ခွေးမသားကြီး ပါးစပ်ပိတ်ထား၊ လျှောက်မပြောနဲ့"

သူသည် ကိုယ်ကိုကိုင်းလိုက်ကာ မိုးချိမ့်အား ပခုံးထက်မှာမှောက်လျက်ရပ်လိုက်သည်။ ဇောကြောင့်လားမသိ။ သူမ,မနိုင်ဟုထင်ထားသော မိုးချိမ့်ကို ပခုံးမှာထမ်းလျက် အိမ်ထဲမှာထွက်လာခဲ့သည်။ ကွန်ကရစ်လမ်းမထက် ခြေချသည်။ မိုးစက်တွေက အဖြိုးဖွဲ့အတိုးချကာ ပိုပြီးသိပ်သည်းလာသည်။

"ငါသတ်မှာ ရဲဝေ၊ မင်းတို့ကို ငါလိုက်သတ်မှာကွ"

အောင်ကြီး၏ကြိမ်းဝါးသံသည် ပျောင်းပျောင်းထရွာချနေသော မိုးသံတွေအောက်မှာ သဲ့သဲ့ကျန်ရစ်ခဲ့သည်။ မြင်သာ၏သည်ဘက်ကတ္တရာလမ်းမကျယ်ကြီးပေါ် သဲသဲစိပ်စိပ် မိုးစက်တွေအောက်မှာ မိုးချိမ့်ကိုထမ်းလျက် သူ ဖြတ်ကူးခဲ့သည်။ အချိန်က နေဝင်ကာစပဲရှိသေးသည်။ နေ့၏နိဂုံးသည် အမှောင်ဝတ်လွှာကိုခြုံလွှမ်းနေပြီ။

ပစ္စက္ခ၌ သူ့ခေါင်းထဲမှာ မိုးချိမ့်အား နီးရာဆေးခန်းတစ်ခုတွင်



www.burmeseclassic.com

www.burmeseclassic.com



ပြုသကုသဖို့ကလွဲ၍ အခြား ဘာမှမရှိချေ။

သူတို့နှစ်ဦးအား ရိုက်ရန် နောက်မှပြေးလိုက်လာသော အောင်ကြီးတစ်ယောက် မည်သို့ဖြစ်ကျန်ရစ်ခဲ့သည်ကိုလည်း သူမသိနိုင်ခဲ့ပါ။

* * *





အကုသိုလ်သည် အမိုက်မှောင်နှင့်တူ၏။ အကုသိုလ်ကြီးမားလျှင် အမှောင်ထုကြီးဖုံးကာ အလင်းသွဲ့သွဲ့မျှ မမြင်နိုင်တော့။ အောင်ကြီး၏ကိုယ်သည် ပျော့ညွတ်သွားတော့ ဦးချစ်က လျော့ပေးလိုက်သည်။ သည်မှာပင် အောင်ကြီးသည် ဦးချစ်၏ပေါင်ရင်းခွဆုံသို့ ခြေထောက်နှင့် အားပြင်းပြင်း နောက်ပြန်ကန်ပစ်လိုက်သည်။ 'အု'ဆိုပြီး တစ်ချက်ပဲ ဦးချစ်အော်လိုက်နိုင်၏။ အသံထွက်နှင့်ထိသည့်နေရာက ထပ်တူဖြစ်သွားသည်။ ဦးချစ် မျက်လုံးကြီးပြူးကာ ဖင်ထိုင်ကျသွားသည်။ လောကကြီးကို တဒင်္ဂမေ့သွား၏။

ဘေးဘီကို မျက်လုံးဝေ့ကြည့်ရင်း စည်းရိုးစပ်မှ မြောင်းထိုးသည့်တူရွင်းပြားကြီးကို အောင်ကြီးဆွဲယူလိုက်သည်။ လက်နှစ်ဖက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အရင်းကို ကျစ်လျစ်ဆုပ်ကိုင်ကာ ရဲဝေတို့နောက်သို့ပြေးလိုက်သည်။ အရက်သွေးကြွနေသည့်အချိန်. . .။ မိုးစိုစို အိမ်ရှေ့မြောင်းကူးတံတားပေါ် အဖြတ် အကုသိုလ်မီးတောက်လောင်နေတော့ သတိကမကပ်. . .။ လျှောကနဲခြေချော်သွားသည်။ ခန္ဓာကိုယ်ကြီး အထိန်းအကွပ်မဲ့လည်ထွက်ပြီး ဖင်ထိုင်အကျ။ လက်နှစ်ဘက်နှင့် မိမိရရဆုပ်ထားမိသော တူရွင်းပြားကြီးကို အောက်ဘက်သို့ အားနှင့်ဆောင့်ချမိလျက်ဖြစ်သွားသည်။ တူရွင်းပြားကြီးသည် ဆီးစပ်ကိုရှပ်ကာ ပုဆိုးကိုဟက်တက်ဖြချလျက် သစ်လုံးမြောင်းခင်းပေါ် ဒုတ်ကနဲစိုက်ဝင်သွားသည်။

ပထမ သူ့ကိုယ်သူ ဘာဖြစ်သွားမှန်းမသိလိုက်။ ဖင်ထိုင်လျက်နှင့် ပုဆိုးအပြဲပေါက်ကြီးအတွင်း တူးရွင်းပြားကြီးစိုက်ဝင်နေသော အရင်းပိုင်းမှ ရဲကနဲစီးကျနေသော သွေးတွေကို ငေးကြောင်ကြည့်နေရာမှ နာကျင်စွာခံစားလာရသည့်နေရာ။ နောက် ကားမိလျက်ပေါင်နှစ်ဘက်ကြားမှ ပြတ်ထွက်သွားသည့်ခန္ဓာကိုယ်၏ အရာရောက်သော အစိတ်အပိုင်းတစ်ခုကို ယခုမှမြင်လိုက်ရသည်။ အောင်ကြီး မျက်လုံးကြီးပြူးထွက်သွားကာ အထိတ်တလန့် ငယ်သံပါအောင်အော်မိလိုက်သည်။

ငယ်ပါပြတ်သွားတော့လည်း ငယ်သံပါအောင်အော်မှာပေါ့ ကိုယ့်ဆရာရေ. . .။

■





## အခန်း (၉)

## မြစ်တစ်မြစ်ရဲ့ သံစဉ်သစ်



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကမှာလိုက်သည်။ နှစ်နာရီသာသာတော့စောင့်ကြည့်ရမည်တဲ့။ သည်ကြားထဲမှာ တစ်စုံတစ်ခုထူးခြားလျှင် သူ့ဆီ ချက်ချင်းလာဖို့လည်းမှာလိုက်သေးသည်။ အမှုတွေဘာတွေဖွင့်ဖို့တော့ သူ့စိတ်ထဲမှာအလျဉ်းမရှိ။ ရပ်ကျော်ရွာကျော်ဖြစ်သွားပါက မိုးချိမ့်၏သိက္ခာအရှက်ကို စဉ်းစားထည့်တွက်ရမည်ဖြစ်သည်။ ကြောက်ရွံ့ထိတ်လန့်ခဲ့ရခြင်းနှင့် မိုးမိခဲ့ခြင်းကြောင့် အဖျားတော့ရှိမည်။ စိုးရိမ်စရာတော့မရှိဟု သိခဲ့ရသည်။

ခေါင်မိုးသွပ်ပြားတွေပေါ်သို့ ဖျောက်ဖျောက်ကျမိုးစက်သံစဉ်တွေသည် ရပ်နားမသွားသေး။ အေးစိမ့်နက်နက်ညလက်တွေသည် ပုစဉ်းရင်ကွဲတွေ၏ပါးစပ်တွေကို ပိတ်နိုင်ဖို့ကြိုးစားနေဆဲ။ သူကတော့





တိတ်ဆိတ်ညဥ့်ထဲမှာ တောင်စဉ်ရေမရ အတွေးစတွေနှင့် ထွေးလုံးရစ်မြှောနေမိလေသည်။

"ကျွန်မကို အိမ်ပြန်ပို့ပေးပါ၊ အိမ်ကိုပြန်ချင်တယ်၊ အမေ. . . အမေ. . . သမီးကို. . . ကယ်ပါဦး အမေ"

မိုးချိမ့်နှုတ်မှ ကယောင်ကတမ်းညည်းတွားနေသည်။ သူ့ရင်သည် ထိတ်ကနဲလိုက်သွား၏။ မိုးချိမ့်သည် မိန်းကလေးတစ်ယောက်လို ယောင်ရမ်းနေခြင်းပါလား။ သူ အဖျားတက်နေပြီလားမသိ။ သူသည် ဒရင်းဘက်မှထကာ မိုးချိမ့်၏နဖူးပြင်အားစမ်းကြည့်သည်။ မိုးချိမ့်တစ်ကိုယ်လုံး ခြစ်ခြစ်တောက်အောင်ပူနေသည်။

"ချမ်းတယ်. . . ချမ်းတယ်. . . အမေ. . . သမီးကိုဖက်ထားပါ အမေ"

မိုးချိမ့် ကယောင်ကတမ်းညည်းပြန်သည်။ သူသည် မိုးချိမ့်၏ပခုံးကို ကိုင်လှုပ်လိုက်၏။

"သူ. . . သူ. . . မကြောက်ပါနဲ့တော့ကွာ၊ ငါ မင်းဘေးမှာရှိတယ် သူ"

"ငရဲလား. . . ငရဲ. . . ငရဲ. . . ငါချမ်းတယ်. . . ချမ်းတယ်၊ ငါ့ကိုဖက်ထားပေး. . . ငါ့ကိုဖက်ထားပေး ငရဲ"

သူ့ကိုယ်ကြီး တောင့်ကနဲဖြစ်သွားသည်။ မိန်းကလေးတစ်ယောက်ကို ဖက်ထားဖို့ဆိုသည်မှာ သူ ဘယ်လိုသတ္တိမျိုးနှင့် မွေးယူရမည်ပင်မသိ။ ဧည့်ခန်းထဲက နှစ်ယောက်ထိုင်ဆက်တီခုံရှည်ပေါ်မှာ မိုးချိမ့်အိပ်ပျော်နေသည်။ မိုးချိမ့်ရှေ့မှာ သူရပ်နေသည်။ သူ ဘာဆက်လုပ်ရမည်မသိ။



www.burmeseclassic.com

www.burmeseclassic.com



"ငရဲ. . . ငရဲ. . . မင်းဘယ်မှာလဲ၊ ငါချမ်းတယ်. . . ချမ်းတယ်၊ ငရဲ၊ ငါ့ကို ဖက်ထားပါ. . . ငရဲ. . . နင်ဘယ်မှာလဲဟင်"

"ရှိတယ်. . . ငါ ဘယ်မှမသွားဘူး သေ့"

သူသည် စိတ်ကို တိကနဲပိုင်းဖြတ်ပစ်လိုက်၏။ မိုးချိမ့်ရှေ့မှာ ထိုင်လိုက်ကာ သူ့ခန္ဓာကိုယ်သည် မိုးချိမ့်၏ကိုယ်ပေါ်သို့ ပြိုဆင်းကျသည်။ သူသည် မိုးချိမ့်ကို တင်းတင်းဖက်ထားလိုက်၏။

"ချမ်းတယ်. . . ချမ်းတယ်. . . ငရဲ မင်း ငါ့နားက ဘယ်မှ ထွက်မသွားပါနဲ့နော်၊ ငါ့ကိုဖက်ထားပါ. . . ချမ်းလိုက်တာငရဲရယ်"

သူ့ရင်သည် တဒုတ်ဒုတ်ခုန်လှုပ်နေ၏။ တိမ်လိုင်းတွေ ပန်းပွင့်မြစ်တွေနှင့် တည်ဖွဲ့ထားသော ချောက်ကြီးတစ်ခု၏နှုတ်ခမ်းမှာ သူရပ်နေမိသည်။ ရှေ့ကချောက်ကြီးထဲသို့ ခုန်မချမိစေဖို့ အင်အားကြီးစွာ ထိမ်းချုပ်နေရသည်။ အာရုံကို မနည်းလွှဲဖယ်နေရသည်။ သူ့မျက်လုံးတွေ လေးလံလာသည်။ မိုးချိမ့်ကိုဖက်ထားရင်း သူ အိပ်ပျော်သွားတော့သည်။

* * *





"ရေသောက်ချင်တယ်. . . ရေ. . . ရေပေးပါ"

မိုးချိမ့်၏ညည်းသံက နားထဲတိုးဝင်လာသည်။ သူ့မျက်လုံးတွေ ပွင့်လာသည်။ မိုးချိမ့်ကိုဖက်ထားပြီး အိပ်ပျော်သွားရာမှ သူ ထလိုက်သည်။

"ရေဆာလိုက်တာ. . . ငရဲ. . . ငါ ရေသောက်ချင်တယ်"

"ရတယ် သေ့၊ ခဏလေး၊ ငါသွားခပ်ပေးမယ်"

သောက်ရေတစ်ခွက် အလျင်အမြန်ခပ်ကာ မိုးချိမ့်ရှိရာ ပြန်ရောက်လာသည်။ မိုးချိမ့် ရီဝေမျက်ဝန်းတွေနှင့် ဝန်းကျင်ကိုငေးကြည့်နေသည်။ရေသောက်ရန်အထလိုက်မှာ ခေါင်းထဲမိုက်ကနဲဖြစ်သွားသည်။

မိုးချိမ့်မျက်လုံးတွေ မှိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အား. . . မူးတယ်ကွာ၊ ခေါင်းကြီးတစ်ခုလုံးကို အုံ့ခဲနေတာပဲ"

"ဖြည်းဖြည်းထမှပေါ့ကွာ၊ ငါထိန်းပေးထားမယ် ငသူ"

ရေသောက်အပြီးမှာ မိုးချိမ့်သည် သူ့ရင်ခွင်ထဲ ပြုဆင်းကျသည်။ သူ အလိုက်သင့်ထွေးပိုက်ထားလိုက်ရ၏။ ရှိုက်သံသဲ့သဲ့ နားထဲ တိုးဝင်လာသည်။ မိုးချိမ့်သည် သူ့ရင်ခွင်ထဲမှာ သိမ့်သိမ့်ငိုနေသည် လေ. . .။

"မငိုပါနဲ့ ငသူရာ၊ မင်း ဘာမှမဖြစ်ခဲ့ပါဘူး၊ ယောကျ်ားဆိုတာ မငိုရဘူး၊ မျက်ရည်မကျရဘူးလေကွာ"

မိုးချိမ့်ကိုယ်လေး ဆတ်ကနဲဖြစ်သွားသည်။ သူ့ကို မိုးချိမ့် အားကိုးဖက်တွယ်ထားသည်။ သူ့နှလုံးခုန်သံကို မိုးချိမ့်ကြားပါလိမ့်မည်။ သူ ရင်မခုန်မိပါ။ နှလုံးခုန်နှုန်းသည် ပုံမှန်အတိုင်းရှိနေလေသည်။

"တော်ပါတော့ငရဲရယ်၊ ငါ အားလုံးကိုသိခဲ့ပါပြီ၊ ဖြစ်ခဲ့တာတွေ အားလုံး မှတ်မိပါတယ်၊ ကံကောင်းလို့ ငါ့ဘဝရေတိမ်မနစ်ခဲ့ရတာပါ၊ ဘုရားသခင်ကယ်မလို့ နင် အချိန်မီရောက်လာခဲ့လို့ပေါ့၊ အဲလိုမှမဟုတ် ရင် ဒီအချိန်မှာ ငါ. . . ငါလေ. . . အင့်. . . အင့်. . ."

မိုးချိမ့် စကားဆုံးအောင်မပြောနိုင်။ ပြန်တွေးရင်းနှင့် မတွေးရဲ စရာအဖြစ်ဆိုးကြီးကို မြင်ယောင်ကာ ဝမ်းနည်းခြင်းက နှလုံးအိမ်ကို ဖိစီးနင့်သက်လာသည်။ သိမ့်သိမ့်ငိုရှိုက်ကာ မျက်ရည်စီးကျလာသည်။ ဘယ်မိန်းကလေးကိုမှမချစ်ဘူးတော့လည်း ငိုနေသောမိန်းမတစ်ယောက် ကို ဘယ်လိုချော့ရမည်ဆိုတာ သူမသိပါ။ အချိန်တွေပဲ့ကြွေသွားသည်။ မိုးချိမ့်လည်း အငိုရပ်သွားသည်။သူ့ရင်ကိုကပ်ကာ မိုးချိမ့် တိုးတိုးလေး ပြောသည်။





"နင့်ကို ငါ ကျေးဇူးတင်ပါတယ်ရဲဝေ၊ အဲဒီကျေးဇူးကို ငါ့ဘဝ တစ်ခုလုံးနဲ့ပုံပြီး ဆပ်ခွင့်ရရင် ငါဆပ်ပါ့မယ်"

စကားအဓိပ္ပါယ်က ရင်ကိုထိချက်ပြင်းသည်။ အကျယ်ပြန့်ဆုံး တိုင် သူ မစဉ်းစားမတွေးရဲပါ။ ပေါ့ပေါ့လေးပဲဖော့ပစ်လိုက်သည်။ သူ့ လက်က မိုးချိမ့်ဆံပင်တွေကို ဖတ်ကနဲ ဖွပစ်လိုက်သည်။ ဟက်ကနဲ ရယ်သည်။

"တော်ပြီ. . . ငသူရာ၊ ရှုးကြောင်မူးကြောင်တွေ လုပ်မနေနဲ့ တော့၊ အားလုံးကို ဘဝရဲ့ဖိုင်ကြီးထဲကဖျောက်ပစ်လိုက်တော့၊ နက်ဖြန်က စပြီး မင်းနဲ့ငါ ခါတိုင်းလိုပဲ ပျော်ပျော်ပဲ Happy ပဲ ငသူ၊ ဟုတ်ပြီလား"

မိုးချိမ့် ခေါင်းကိုရမ်းသည်။ သူပြောသည်ကို မိုးချိမ့် လက်ခံမှု မရှိပါ။

"မဟုတ်ဘူး. . . မဖြစ်ဘူး. . . နင်နဲ့ငါ အရင်လိုတွဲပြီး သောက် စားလို့မဖြစ်တော့ဘူး ရဲဝေ၊ နက်ဖြန်ကစပြီး ငါ့ဘဝရဲ့နောက်ဆုံးအချိန်ထိ ငါဟာ မိန်းကလေးတစ်ယောက်အဖြစ်နဲ့ပဲ မိန်းမပီသအောင် ကြိုးစားနေ သွားတော့မှာပါ၊ အဲဒါဟာ နင့်ကြောင့်ပါ ရဲဝေ"

"ဟင်. . . ငသူ. . . နင်. . . ဘယ်လို. . . ဘယ်လို. . . ငါ နား ကြားလွဲတာတော့မဟုတ်ပါဘူးနော်"

မိုးချိမ့်က ရင်ခွင်မှာ ရှက်ပြုံးတစ်ပွင့်နှင့်ခေါင်းငုံ့ကာ ပို၍ တိုးဝင်လာသည်။

"အဲဒါ. . . နင့်ကြောင့်လေ. . . နင် တော်တော်ဆိုးတာပဲ ရဲဝေ"

သူ အူကြောင်ကြောင်ဖြစ်သွားသည်။ မိန်းကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



၏ ရင်ကို ထွင်းဖောက်မြင်နိုင်စွမ်း သူ့မှာမရှိပါ။ ဟိုဟိုဒီဒီလည်း သူ မတွေးတတ်ပါ။ မိုးချိမ့်ပခုံးကိုဖက်ထားသော သူ့လက်တွေ ရုတ်သိမ်းသွားသည်။

"နင်. . . ဟိုဘက်တိုးလေ သွေး၊ ငါတို့ ဒီလိုနေလို့မရတော့ဘူးလေ"

မိုးချိမ့် ခွာမသွားပါ။ သူ့ရင်ထဲမှာပဲ ခိုနေဆဲပင်။

"နင်မသိဘူးလား ရဲဝေ၊ ငါ နင့်ကို ဘယ်လိုမျက်နှာပြရမလဲဆိုတာ၊ အဲဒါကို နင်မတွေးမိဘူးလားဟင်၊ ငါ့မှာတော့ ရှက်လို့သေတော့မယ်လေ"

နားမလည်ပါ။ မိုးချိမ့် ဘာတွေပြောနေပါလိမ့်။ သူ ဘာလုပ်မိခဲ့သည်ကို သူကိုယ်တိုင်လည်းစဉ်းစားမရခဲ့ပါ။ မိုးချိမ့်က ဟိုဘက်ထိုင်ခုံပေါ်မှာလှမ်းထားသော အဝတ်အစားတွေနှင့် သူမ၏ခန္ဓာကိုယ်ကို အမြဲပတ်ထားသော ရာဘာကြက်ပေါင်ပြားကြီးကို လက်ညှိုးထိုးပြပြီး ခေါင်းငုံ့ပြောသည်။

"အဲဒါတွေလေ. . . အဲဒါတွေပေါ့၊ အဲဒါတွေချွတ်ပြီး ဟို. . . ဟိုဟာလေ နင်. . . နင် ငါ့ကို အကျီနဲ့ဘောင်းဘီ လဲပေးခဲ့တာမဟုတ်လား"

သူ ယခုမှ ရှင်းရှင်းမြင်လိုက်သည်။ သူ့ခေါင်းကြီး ဒိန်းကနဲဖြစ်သွားသည်။ မိုးချိမ့်ကို သူ ရှင်းပြဖို့ တော်တော်ခက်သည့်ကိစ္စ။

"အာ. . . ငါမကြည့်ဘူး၊ လုံးဝမကြည့်ဘူး၊ မြင်တာတော့မြင်တယ်၊ ငါမကြည့်ဘူး၊ ပြဿနာပဲ သွေး၊ မြင်တာတော့မြင်နေရတာပေါ့၊ ငါမကြည့်ရဲဘူး၊ ဟိုလေဟာ ငါ့မျက်လုံးတွေကို ပိတ်လိုက်ဖွင့်လိုက်ပေါ့၊





ဪ. . . ဟုတ်ပြီ နင်ရှက်တယ်ဆိုတာ အခုမှ ငါတွေးမိလိုက်တာ၊ ဆယ်စမိုင်နာ. . . နင့်ကို ငါ ခံဝတ်မပေးလိုက်မိဘူး၊ အဲဒါ. . . အဲဒါ. . . မဟုတ်လား။

"တော်ပါတော့ရဲဝေရယ်၊ ပြောမှ ပိုဆိုးကုန်ပါပြီ၊ နင်ဟာလေ အူကြောင်ကြောင်နဲ့"

ခေါင်းငုံ့ရှက်နေသော မိုးချိမ့်၏ရင်ထဲတွင် တစ်စုံတစ်ရာရှိနေမည်ဆိုတာ သေချာပါသည်။ သူကတော့ မိန်းမနှင့်ပတ်သက်လျှင် အမြဲဒုန်းဝေးနေသူဖြစ်သည်။

"ငါလည်း မျက်နှာပူတာပေါ့ဟာ၊ ဒါပေမယ့် ငါ အဲလိုမှလဲမပေးရင် နင်သေသွားမှာစိုးလို့ပါ၊ မိုးရေတွေက ကြက်ပေါင်ပြားကြီးထဲထိစိမ့်ဝင်နေတာဟ၊ အဝတ်ခြောက်နဲ့ ငါသုတ်ခဲ့ရတာ သွေးရ"

"တော်ပါတော့လို့ ပြောနေမှ ရဲဝေရယ်"

သူသည် ယခုမှ အချိန်ကိုသတိရသွားသည်။ နာရီကိုကြည့်လိုက်၏။

"ဟာ. . . တစ်နာရီဆယ်မိနစ်တောင်ရှိသွားပြီ၊ ငါ ပြန်တော့မယ်၊ နင့်အိမ်က လုံခြုံပါတယ်၊ တစ်ယောက်တည်းအိပ်ရဲတယ်မဟုတ်လား"

မိုးချိမ့် ခေါင်းညိတ်ပြသည်။ သူ ထိုင်ရာမှထလိုက်သည်။ မိုးချိမ့်တို့အိမ်ထဲမှ ထွက်ခဲ့သည်။ တံခါးဝအရောက်မှာ မိုးချိမ့်က ခပ်အုပ်အုပ်ခေါ်သည်။

"ရဲဝေ"

သူ နောက်လှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှာ အစီအစဉ်တစ်ခုရှိတယ် ရဲဝေ၊ နင်မွေးနေ့လက်ဆောင် ပေးထားတဲ့မိန်းမဝတ်စုံလေး ငါဝတ်တာ နင်မြင်ချင်တယ်မဟုတ်လား"

သူ ခေါင်းညိတ်ပြလိုက်သည်။

"မနက်ကျရင် အဲဒီဝတ်စုံလေးငါဝတ်မယ်၊ နင်မြင်ချင်တဲ့ နှင်းဆီပန်းသေးသေးလေးလည်း ငါပန်မယ်၊ ငါတို့ မနက်ကျရင် ဘုရားမှာ အတူရှိခိုးကြရအောင်၊ မနက်ရှစ်နာရီမှာ ငါ ရွှေတိဂုံအရှေ့မုခ် (၃၁) မှတ်တိုင်မှာ ထိုင်စောင့်နေမယ်၊ နင်လာခဲ့မှာလား"

"လာမှာပေါ့ သွေ"

"လာမယ်ဆို ငါ့ဆီတန်းမလာနဲ့ဦးနော်၊ နင် ငါ့ကို အဝေးကပဲ ကြည့်ဦး၊ ငါ စောင်းတန်းကတက်သွားမှ နင် နောက်ကလိုက်ခဲ့၊ ဘုရားပေါ်မှာဆုံမယ်လေ"

"ကားမှတ်တိုင်ကနေ အတူသွားလိုက်ပြီးတဲ့ကိစ္စကို၊ အရစ်ပဲ သွေရာ"

"ဟဲ့. . . ငါရှက်လို့ပေါ့ရဲဝေရဲ့၊ နင်ကလည်း. . ."

ကြည်နူးစွာ သူထွက်လာခဲ့သည်။ သူ့ရင်သည်လန်းနေ၏။ မနက်ဆိုလျှင် သူ၏အိပ်မက်တစ်ခုနှယ်ရှိခဲ့သော မိန်းကလေး အဝတ်အစားလေးဝတ်ထားသည့် မိုးချိမ့်ကို သူ မြင်တွေ့ရတော့မည်။ သည်ကရှေ့ကာလများသို့တိုင် မိုးချိမ့်သည် မိန်းကလေးတစ်ဦးအဖြစ်နှင့်သာ ရှိနေတော့မည်ဖြစ်သည်။ လမ်းလျှောက်နေသော သူ့ခေါင်းထဲသို့ မိထက်၏စကားသံက ပွဲတင်တိုးဝင်လာသည်။

"ရဲဝေရယ်. . . နင်ကလေ. . . ဘယ်သူနဲ့ရမှာတုန်းသိလား၊ နောက်ဆုံးတော့လေ နင်က မိုးချိမ့်သူနဲ့ရမှာ၊ မယုံရင်စောင့်ကြည့် ဟင်း





ဟင်း ဟင်း"

သူ ခေါင်းကိုရမ်းခါမိလိုက်သည်။

သူ့နှုတ်မှ တီးတိုးပြောဆိုမိလိုက်၏။

"နင်ပြောသလိုဖြစ်လာမှာမဟုတ်ပါဘူး မိထက်ရယ်၊ ဘာလို့လဲဆိုတော့ သွေ့ကို ငါကမှမချစ်တာ၊ အချစ်ဆိုတာဘာလဲ၊ ခုချိန်ထိ ငါ မသိသေးပါဘူး၊ မိုးချိမ့်နဲ့ပတ်သက်လို့ကတော့ သူ့ကို မိန်းကလေးပုံစံလေးနဲ့ပဲ ငါက မြင်ချင်တဲ့ဆန္ဒရှိတာပါ၊ ဒီလောက်ပါပဲ"

တကယ်လည်း သူသည် အချစ်ဆိုသည့်အရာကို သူ့ရင်ထဲမှာ မရှိဟု ယုံကြည်ထားပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

## မြားလား...ကြိုးလား...





ယခုအချိန်မှာတော့ သူ့စိတ်သည် နှင်းရည်ဝနေသော နံနက်ပျိုဂန္ဓမာတစ်ပွင့်နှယ် လန်းဆတ်နေသည်။ မိုးချိမ့်အိမ်နှင့်သူ့အိမ်သည် နှစ်လမ်းပဲခြားသည်။ အိမ်ပြန်ခြေလှမ်းတွေမှာ ပျော်စရာသီချင်းတစ်ပုဒ်နှင့် အဖော်ပြုလိုသော်လည်း သူသည် ကမ္ဘာမကြေကလွဲ၍ စ လယ် ဆုံးရသည့်သီချင်းက တစ်ပုဒ်မှမရှိ။

သန်းခေါင်ကိုလွန်၍ မိနစ်လက်တံတစ်ပတ်ပင်ကျော်ခဲ့ပြီဆိုတော့ ရပ်ကွက်တစ်ခုလုံးလည်း အိပ်မောကျနေပြီ။ စာသားမှန်မမှန်တော့သူမသိ။ နားရည်ဝနေသည့်သီချင်းတစ်ပုဒ်ကို ညည်းဆိုလျက်ပြန်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



*"အားလုံးတက်ကြ×××ငါ့ထော်လာဂျီ×××ငါ့ကို မိန်းကလေးများ အော့ကျောလန်သည်×××ရွာမြောက်ဘက်ပိုင်းက ဒေါ်သိန်းကြည်×××ငါ့နာမည်က တောဂေါ်လီ×××*

*"အားလုံးတက်ကြ×××ငါ့ထော်လာဂျီ×××ငါ့ကို မိန်းကလေးများ အော့ကျောလန်သည်×××ရွာမြောက်ဘက်ပိုင်းက ဒေါ်သိန်းကြည်×××ငါ့နာမည်က တောဂေါ်လီ×××*

*အိုးလေးလှုပ်ပါဦး×××ရေအိုးလေးလှုပ်ပါဦး×××အိုးလေးလှုပ်ပါဦး×××ရေအိုးလေးလှုပ်ပါဦး×××ကောင်မလေးတွေ×××ဟေ့ကောင်တွေ×××ဟေ့ကောင်တွေ×××မပြေးနဲ့×××သူကြီးကလိုက်×××ရှူး×××*

*ဟေ့×××အားလုံးတက်ကြ×××ဒေါ်သိန်းကြည်×××ငါ့နာမည်က×××တောဂေါ်လီ×××*

စာသားမှန်မမှန်သူမသိ၊ အချိန်မတော်သည်သီချင်းကိုဆိုကာ ရဲဝေ လမ်းထဲဝင်လာပြီဆိုလျှင် စောင်ကလေးခြုံငိုက်နေသော ကင်းသမားကိုပုတစ်ယောက် မျက်လုံးကိုဇွတ်ဖြဲကာ ဝုန်းကနဲထထိုင်ပြီး 'ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဓမ္မသာရထိ' စသည့်ဖြင့် နှုတ်ဦးတည့်ရာဘုရားစာကိုရွတ်ဖတ်လျက် လမ်းလျှောက်ပြတတ်သည်။ (အဲလိုမလုပ်လို့လည်းမရ၊ တစ်ခါက သူရာရည်အဆွတ်ကောင်းကာ အိပ်မောကျခဲ့မိ၍ ရဲဝေဖြုတ်ယူသွားသော ကင်းတဲသံချောင်းကို တိုးတိုးတိတ်တိတ် လက်ဘက်ရည်ဖိုးနှင့် ရဲဝေထံမှ ရွေးယူခဲ့ရပြီးဖြစ်သည်။)

သည်လိုနှင့်ပင် သူသည် အိမ်သို့ပြန်ရောက်လာခဲ့သည်။ ဝင်း





တံခါးကသော့ ချိတ်ရုံသာချိတ်ခဲ့တော့ ဘာသိဘာသာပဲ သီချင်းလေး ညည်းကာဝင်ခဲ့သည်။ ဝင်းတံခါးသော့ခတ်အပြီး အိမ်သော့ကိုဖွင့်ရန် အိပ်ထောင်ထဲအစမ်းမှာ သူ့နှာခေါင်းထဲ ပေါင်ဒါနံ့သင်းသင်းလေးရလိုက်သည်။ အမှောင်ထဲမှာ သူ့နောက်မှ သွဲ့သွဲ့ဖျတ်ဖျတ်ခြေသံကို ကြားလိုက်မိသလိုပင်။ သူ ကြက်သီးမွေးညင်းထသွားသည်။ နှလုံးခုန်သံသည် တဒုတ်ဒုတ်နှင့်မြန်လာသည်။ ပေါင်ဒါနံ့သင်းသင်းလေးသည် ပိုပြီးသိသာလာ၏။ သူ့တစ်ကိုယ်လုံး ကြက်သီးတွေဖြန်းဖြန်းထသွားပြန်သည်။ သူ့နောက်မှာ တစ်စုံတစ်ယောက် ပါးလျှည်သာစွာရပ်နေသလို ခံစားလိုက်ရသည်။

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ. . . ဓမ္မံ သရဏံ ဂစ္ဆာမိ. . . သံဃံ သရဏံ ဂစ္ဆာမိ"

ကြောက်စိတ်နှင့် ရင်မှာ ဖိုလှိုက်လျက်ရွတ်ဆိုမိသည်။ သူ့အသံတွေတုန်နေသည်။ ရနံ့သင်းသင်းလေးကပျောက်မသွား၊ သူ့နောက်မှာ ငေ့ငေ့အီအီ၊ သူ ကြောက်ကြောက်နှင့် ဖြည်းဖြည်းလေးလှည့်ကြည့်လိုက်သည်။ ဆေးရုံမှ လူနာဝတ်စုံလို အပြာရောင်ဝတ်စုံနှင့်ရပ်နေသော ဖြူဖြူပါးလျား မိန်းမတစ်ယောက်ကို ဘွားကနဲမြင်လိုက်ရသည်။

"အား"

သူ ဆံပင်တွေထောင်သွားကာ အထိတ်တလန့်အော်လိုက်သည်။ ခန္ဓာကိုယ်ကြီးတောင့်သွားကာ မျက်လုံးပြူးကြောင်လျက် တဒင်မှာ လိပ်ပြာလွင့်ထွက်အသွား. . .

"ရဲဝေ. . . ငါလေဟာ. . . မိထက်လေရဲဝေရဲ့. . . သတိထား . . . သတိထားလေ"



www.burmeseclassic.com

www.burmeseclassic.com



မတ်တတ်ရပ်လျက် တောင့်တောင့်ကြီးဖြစ်နေသော သူ့ကို မိထက်က ကိုင်လှုပ်သည်။ သူ့ပါးနှစ်ဘက်ကို အလျင်စလို မိထက် ကိုင်လှုပ်နေလေသည်။

"ရဲဝေ. . . ရဲဝေ. . . ငါပါဟ. . . မိထက်လေ. . . မိထက်ပါ ရဲဝေရဲ့"

"ရဲဝေ. . . ရဲဝေ"

"အင်း. . . အား. . . မိ. . . မိထက်. . . မိထက်"

သတိစိတ်က သူ့ခန္ဓာမှာပြန်ကပ်လာသည်။ နှလုံးခုန်သံကတော့ ပြင်းထန်လှုပ်ကြွနေဆဲ။

"မိထက်. . . မိထက်. . . သေတော့မှာပဲဟာ၊ အသံမပေးဘာမပေးနဲ့၊ နင်ဘာလုပ်တာလဲဟ၊ လန့်ပြီး ငါသေသွားရင် ဘယ့်နှယ့်လုပ်မလဲ၊ လန့်လိုက်တာ မိထက်ရာ"

"အားကိုးရပါပြီ၊ သတ္တိကလည်းကောင်းပါ့၊ ကဲ. . . တံခါး မြန်မြန်ဖွင့်စမ်းပါ၊ တေးအိမ်တွေကြားကုန်လိမ့်မယ်"

တိုးတိုးအုပ်အုပ်မိထက်ပြောသည်။ သူ တံခါးဖွင့်လိုက်၏။ မိထက် အမြန်ဝင်သည်။ ဧည့်ခန်းမီးကိုဖွင့်ဖို့ မီးခလုတ်ကိုအစမ်းမှာ မိထက်က တံခါးကိုပြန်ပိတ်လိုက်သည်။ ဧည့်ခန်းလေးလင်းသွားသည်။ မိထက်က အနွေးထည်အကျီအောက်မှ သူမ၏ပိုက်ဆံအိတ်ကိုထုတ်ကာ လက်ထဲကိုင်ထားရင်း တွေတွေကြီးရပ်နေသည်။

"ဘယ်သူမှမရှိကြဘူးဟ၊ ငါပဲ အိမ်စောင့်ကျန်ခဲ့တာ၊ ဘေးအိမ်တွေကလည်း ငါ့ပဲအပ်သွားတာ၊ ဟင်. . . နေဦး၊ ဒီ ဒီအချိန်ကြီး နင် ငါ့ဆီ တစ်ယောက်တည်းထွက်လာတယ်ဟုတ်လား၊ လမ်းမှာ နင် တစ်ခုခု





ဖြစ်သွားရင် ဘယ့်နှယ့်လုပ်မလဲ၊ နင် မကြောက်ဘူးလား မိထက်ရာ"

မိထက်ဘာမှမပြော။ သူ့ကိုသာ တွေတွေကြီးရပ်ကြည့်နေသည်။ မိထက်မျက်ဝန်းမှာ မျက်ရည်စတွေဝေ့သီလာ၏။ သူ မိထက်အနားရောက်သွားသည်။ မိထက် ခေါင်းငုံ့သွားသည်။

"ငါ. . . ကိုးနာရီကတည်းကရောက်နေတာ၊ ငါ အိမ်ကနေဆင်းလာခဲ့တာရဲဝေ"

သူ ပါးစပ်အဟောင်းသားဖြစ်သွားသည်။ မိထက်၏လက်မောင်းနှစ်ဘက်ကိုကိုင်လှုပ်ကာ သူမေးလိုက်မိသည်။ မိထက်၏ကိုယ်သည် အေးစက်နေ၏။

"နင်. . . အဲလိုမလုပ်ရဘူးလေ မိထက်ရဲ့၊ နင် ဘာဖြစ်လာတာလဲ၊ အမေသက်က နင့်ကိုရိုက်လို့လား၊ ကိုတင်မြင့်ကျော်ကဆူလို့လား ငါ့ကိုပြောလေ"

မိထက် မျက်နှာလေးမော့လာသည်။ သူ့ကိုငေးကြည့်နေသည်။ မိထက်မျက်ဝန်းမှ မျက်ရည်တွေစီးကျလာ၏။ မိထက်ကိုဆုပ်ကိုင်ထားသော သူ့လက်တွေက အလန့်တကြားရုတ်သိမ်းသွားသည်။ ဘာပြောရမည်မသိ၍ သူ သည်အတိုင်းပဲရပ်နေမိ၏။ မိထက် ဘာဖြစ်လာပါလိမ့်။

မိထက် ကိုယ်လေးညွတ်ကျသွားသည်။ ကျုံ့ကျုံ့ထိုင်ချလိုက်သည်ကို သူ ငေးကြောင်ကြည့်နေမိဆဲ။ မိထက်လက်နှစ်ဘက်က သူ့ခြေထောက်တွေကို အားကိုးတကြီးဆုပ်ကိုင်လိုက်သည်။ သူ လန့်သွား၏။

"ငါတောင်းပန်ပါတယ် ရဲဝေရယ်၊ ငါ့ကို အိမ်ပြန်မလွှတ်ပါနဲ့နော်၊ နင်လက်မခံရင်တော့ ငါ့ကိုယ်ငါ သတ်သေပစ်လိုက်မယ်၊ အိမ်ကိုလည်း ငါစာရေးခဲ့တယ်၊ သမီး ရဲဝေနောက်ကို လိုက်သွားပြီဆို့၊ နင်



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုလက်ထပ်ပါ၊ ငါ့ကို ခိုးပြေးပေးပါရဲဝေ၊ ငါလေ. . . ငါ. . . အဟင့် . . . အင့်. . . အင့်. . .”

ငြိမ်ဆိတ်မောလျှ အေးစိမ့်ညယံ၌ အားပြင်းပြင်း မိုးကြိုးတစ်ချက် သူ့ခေါင်းကို ဒိန်းကနဲပစ်ခွင်းကာ ရင်ကို ထွင်းစိုက်သွားလေသည်။

* * *





ဒါသည် အိပ်မက်မဟုတ်မှန်းသိသော်လည်း သူသည် အိပ်မက်ထဲမှာလမ်းလျှောက်နေသလိုကြီး ခံစားနေရသည်။ ဘဝတစ်ခု၏ ပြောင်းလဲမှုတစ်ခုသည် သည်လိုပဲ မထင်မှတ်စွာ ရုတ်ခြည်းပြောင်းလဲသွားတတ်ပါသလား။ ဘဝကို မြားတစ်စင်း၏လားရာလို တွက်ဆမိခဲ့သည့်သူ၏ ပုံသေကားကျအမြင်သည် အထင်သာဖြစ်နေခဲ့ပါလား။ မိထက်သည်အဖြေနှစ်မျိုးထွက်နေသည့်ပုစ္ဆာကို သူ့အားတွက်ချက်ခိုင်းနေသည်။ လူနှစ်ဦးအတွက် အဖြေနှစ်မျိုးထွက်နေသည့်ပုစ္ဆာ။ ဒီလိုဆိုးဖြတ်လိုက်လျှင် မိထက်ဘာဖြစ်သွားမလဲ။ သူ ဘာဖြစ်သွားမလဲဆိုသည့် ညီမျှခြင်းတွေက သူ့ခေါင်းထဲမှာ ပြန်ချည်လုန်ချည်လူးလာယှက်နွယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သဘက်ခါညနေမှာ ကိုတင်မြင့်ကျော်က လူကြီးတွေနဲ့လာပြီး စေ့စပ်ပွဲလုပ်မယ်၊ ဒီကနေ့မှ သူက ငါ့ကိုဖွင့်ပြောတာ၊ သူ့မှာ အရင်အိမ်ထောင်ကွဲခဲ့တုန်းက သမီးလေးတစ်ယောက်ရှိခဲ့တယ်တဲ့၊ စေ့စပ်ပြီးတာနဲ့ အရင်အိမ်ထောင်ကို ကွာရှင်းတဲ့ကိစ္စ အပြတ်လုပ်ပေးမယ်တဲ့၊ ခုချိန်ထိ နောက်ကြောင်းမရှင်းသေးတဲ့ကိစ္စကြီးလေ"

"အဖေကတော့ ငါ့တပည့်ကို ငါတာဝန်ယူတယ်တဲ့၊ အမေကတော့ မျက်စိမှိတ်ပြီးလက်ခံလိုက်တော့သမီးရယ်လို့ နားချတယ်၊ ငွေကြေးဥစ္စာကြွယ်ဝမှုတစ်ခုတည်းကြည့်ပြီး စိတ်ချမ်းသာလုံခြုံမှုမရှိတဲ့ဘဝထဲမှာ ငါရောက်ရတော့မှာလား ရဲဝေ၊ အဆိုးဆုံးကတော့ ငါ့ကို နင်နဲ့ လုံးဝရိုးသားမှုမရှိဘူးလို့ စွပ်စွဲတာပဲ၊ နင့်ဆီကိုလည်း လုံးဝ မသွားရဘူးလို့တားမြစ်ထားတယ်"

"အဲဒါကတော့ ကိုတင်မြင့်ကျော်က နင့်ကိုချစ်လို့ သဝန်တိုတာပါ မိထက်ရာ၊ ဒါကို ဂုဏ်ယူစမ်းပါ၊ ငါတို့ရိုးသားတယ်ဆိုတာ ဒီလူသိပါတယ်"

"မဟုတ်ဘူးရဲဝေ၊ နင် ငါ့ကို စက်ဘီးနဲ့တင်ပြီး ပိုက်ဆံပြန်ပေးတုန်းက သူက နောက်ကနေ အစအဆုံးလိုက်ကြည့်ခဲ့တယ်တဲ့၊ ငါနင့်ဘီးနောက်မှာလိုက်ရင်း ငိုနေတာဟာ သူ့ရဲ့ဂုဏ်သိက္ခာကို ထိခိုက်တယ်တဲ့"

"အဲဒါလည်း သူ့ဘက်ကကြည့်ရင် မှန်နေတာပဲ မိထက်ရယ်"

"နင် ငါ့ကို စိတ်မဆိုးပါနဲ့ရဲဝေ၊ သူဆက်ပြောတဲ့စကားရှိတယ်၊ ထက်နဲ့ကိုယ် လက်ထပ်ပြီးရင်တော့ ဘယ်သူငယ်ချင်းက ပိုက်ဆံလာချေးချေး တစ်ပြားမှမချေးရဘူးတဲ့၊ ကိုယ်နဲ့ထက်တို့ရဲ့စည်းစိမ်ချမ်းသာထဲက တစ်ပြားမှမလျော့အောင်လို့ပါတဲ့"





သည်စကားကြားတော့ သူငြိမ်သွားသည်။ ရင်ထဲက ခေါင်းမော့ထားသော မာနကို ဒီလူမသိပါလား။ ဒါကတော့ သူ့ကို ဒီလူ အထင်သေးခြင်းဖြစ်သည်။ ငယ်သူဆိုတော့လည်း သူ စိတ်မထိန်းနိုင်ပဲ ပြောမိသည်။

"စောင့်ကြည့်နိုင်းလိုက်ပေါ့ဟာ၊ ငွေရေးကြေးရေးပဲဖြစ်ဖြစ် ဘာကိစ္စပဲဖြစ်ဖြစ် နင့်ဆီက ဘာအကူအညီမှမယူဘူးဆိုတာ ဒီလူ တွေ့လာပါလိမ့်မယ်၊ ငါ့ဘက်ကတော့ နင် ဘာကိစ္စပဲအကူအညီတောင်းတောင်း အစွမ်းကုန်ကူညီမယ်လို့ ငါဆုံးဖြတ်ထားပြီးသားပါ၊ သူ နောက်တော့ သိလာမှာပါဟာ"

မိထက်သည် ဘာမှဆက်မပြောနိုင်ဘဲ သူ့ကို တွေတွေစူးစူးကြည့်နေလေသည်။ မိထက်မျက်ဝန်းမှာ မျက်ရည်တွေစို့တက်လာသည်။

"ငါအခံစားရဆုံးဟာ အဲဒါပါပဲရဲဝေ၊ မနေ့တနေ့ကမှတွေ့ရတဲ့ လူတစ်ယောက်ကို သူ့အထင်လွဲမှာစိုးလို့ ငါပြောလိုက်တဲ့စကားတစ်ခွန်းကြောင့် ငယ်ကတည်းက ငါ့အပေါ် အနွံအတာခံလာခဲ့တဲ့သူငယ်ချင်းရဲ့ အဖြူရောင်သန့်သန့်မေတ္တာကို ငါဆုံးရှုံးခဲ့ရတယ်၊ ငါ အခံစားရဆုံးဟာ အဲဒါပါပဲ၊ ငါ့အပေါ်မှာထားတဲ့ နင့်ရဲ့ဖြူစင်တဲ့ ငယ်ပေါင်းကြီးဖော်သူငယ်ချင်းအချစ်ကို နင် ဖွဲ့ထုတ်မပစ်လိုက်ပါနဲ့၊ အဲဒါကို ငါ မစွန့်လွှတ်ပါရစေနဲ့၊ မဆုံးရှုံးပါရစေနဲ့၊ ငါ အပြောမှားခဲ့ပါတယ်၊ စိတ်ထဲမှာ မပါခဲ့ပါဘူး၊ ငါ့ကိုခွင့်လွှတ်ပါ၊ ငါ့ကို ဟိုတုန်းကလိုပဲ ပြန်ပြီး သဘောထားပေးပါ ရဲဝေရယ်"

ပြောအပြီးမှာ မိထက်ကိုယ်လေး သူ့ရင်ခွင်ထဲ ပြိုဆင်းကျလာသည်။ သူ့ကိုဖက်ကာ မိထက်ငိုသည်။ သူ ဘာပြောရမှန်းလည်းမသိ၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုနှစ်သိမ့်ရမည်မှန်းလည်းမသိပါ။ သူ့ခန္ဓာကိုယ်ကြီးသည် ညွတ်ပြောင်းမသွား တောင့်တောင့်ကြီးရှိနေဆဲ. . .။

"ငါ့ကို ရူးတယ်ပဲပြောပြော၊ မိုက်တယ်ပြောပြော ပြောကြပါစေ၊ ငယ်ကတည်းက ခုချိန်ထိ ငါ့မှာ တစ်ခုခုဒုက္ခရောက်တိုင်း အားကိုးစရာ စဉ်းစားလိုက်ရင် နင့်မျက်နှာကိုပဲ အရင်ဆုံးမြင်ခဲ့မိတာချည့်ပဲ ရဲဝေ၊ အဲဒါဟာ တစ်သက်လုံး ငါဆုပ်ကိုင်သွားမယ့်အရာပဲဖြစ်မှာပါ၊ ငါ အိမ်ကို စာရေးထားခဲ့တယ်၊ 'သမီးနဲ့ရဲဝေ ချစ်သူဖြစ်နေတာကြာပြီလို့၊ အခု သမီး ရဲဝေနောက်ကိုလိုက်သွားပြီ၊ ခွင့်လွှတ်ပါ. . . အမေ' လို့ ရေးထားခဲ့ပြီး ငါ အခန်းတံခါးကို အတွင်းကချက်ထိုး၊ ပြတင်းပေါက်ကကျော်ပြီး လစ်ထွက်လာခဲ့တာ၊ ငါ ဘယ်လောက်စွန့်စားခဲ့ရတယ်မှတ်လဲ၊ ငါ့မှာ တစ်လမ်းလုံးကြောက်လိုက်တာ ရဲဝေရယ်"

သူ သက်ပြင်းချသည်။ 'လူတစ်ယောက်၏ အကျင့်စရိုက်သည် သေဆုံးချိန်ထိ သူနှင့် အတူပါသွားတတ်သည်' ဟု သူကြားဖူးခဲ့သည်။ မိထက်ကလည်း သည်အတိုင်းပါပဲ၊ သူမ၏အကျင့်က သူနှင့်ပတ်သက်လျှင် မမေးမစမ်းဘဲ အပိုင်ကြီးလုပ်ကာ သူ့ကို အနိုင်ကျင့်ခဲ့စမြဲမဟုတ်ပါလား။

"ဒီတစ်ခါတော့ ရှိပါစေတော့. . .။ နောက်ဆို နင့်ရဲ့အကျင့်ဆိုးကြီးကိုပြင်တော့ မိထက်၊ နင်က ငါ့ကိုဆိုရင် အပိုင်ကြီးလုပ်ချလာတာချည့်ပဲ၊ လုပ်ချလိုက်ရင်လည်း ငါ့မှာ မျက်ဖြူဆိုက်စရာ-ချည့်ပဲ"

ငြိမ်ဆိတ်ညဥ့်ယံတွင် လမ်းထိပ်ကင်းတဲမှ ကိုပုတစ်ယောက် အိပ်ချင်မူးတူးခေါက်လိုက်သော နာရီသံချောင်းခေါက်သံနှစ်ချက်ကို ကြားလိုက်ရသည်။





"ဟင်. . . နှစ်နာရီတောင်ထိုးပြီ ရဲဝေ"

"နှစ်နာရီခွဲတာ မိထက်၊ အဲဒါ ကိုပု နာရီဝက်လောက်အိပ်ပျော်သွားပြီး မီရာအချိန်နဲ့ ခေါက်တာ၊ မနက်လေးနာရီသာသာမှာ လူတွေ မနိုးခင်လေး ငါတို့ ခိုးပြေးကြရမှာမဟုတ်လား၊ နင် ခဏမှေးလိုက်ပါလား၊ ငါလည်း နင့်လိုပဲ အမေ့အတွက် စာလေးတစ်စောင်ရေးလိုက်ဦးမယ်၊ အမေ့ဘီရိုထဲက ငါ ခုနစ်သောင်းလောက်ဆွဲခဲ့ရမှာမို့လေ"

'ငါ့ဆီမှာ ပိုက်ဆံပါလာတယ်' ဟု မိထက်ပြောဦးမလို့ ဟန်ပြင်ပြီးမှ သတိရလိုက်သည်။ သည်ကောင်သည် သူမထံမှ အကူအညီယူမည် မဟုတ်တော့သည့် ခေါင်းမာသည့်အကျင့်ကို သတိရလိုက်၍ဖြစ်သည်။ သူယူပေးသောခေါင်းအုံးကို ခေါင်းခုကာ မိထက်သည် နှစ်ယောက်ထိုင် ခုံရှည်ပေါ်မှာ အိပ်ပျော်နေသည်။ အိပ်ပျော်နေသော မိထက်ကိုကြည့်ကာ သူ တစ်စုံတစ်ခုကိုသတိရလိုက်သည်။ သေူ. . . သေူလေ. . . သေူ့ကိစ္စကို အခုမှ သတိရလိုက်သည်။ သူ မိထက်ကိုနှိုးလိုက်၏။

"မိထက်. . . မိထက်. . . ခဏလေး. . . ခဏလေးထပါဦး ဟာ၊ ငါ နင့်ကို နောက်ဆုံးအနေနဲ့ ခွင့်တောင်းစရာလေးတစ်ခုရှိလို့ပါ"

မိထက် ကောင်းကောင်းအိပ်မပျော်ပါ၊ လူးလဲထလိုက်သည်။

"ဒီလိုလေ. . . ဒီလိုဟာ. . . လေးနာရီသာသာမှာ ငါတို့ ဒီကတော့ထွက်မယ်၊ ပဲခူးကို ချက်ချင်းမသွားသေးဘဲ မြို့ထဲခဏဝင်မယ်၊ မနက်ရှစ်နာရီမှာ ရွှေတိဂုံအရှေ့မုခ်က (၃၁)မှတ်တိုင်မှာ ငါကြည့်စရာလေးရှိလို့ပါ၊ အဲဒါလေးတော့ နောက်ဆုံးအနေနဲ့ နင် ငါ့ကိုခွင့်ပြုပါ၊ အဲဒါလေး ငါကြည့်ပြီးရင်တော့ နင်ခိုးပြေးတာကို ငါလိုက်ခဲ့ပါ့မယ်"

"ဒါများဟာ. . . ရပါတယ်၊ နင်က အဲဒီမှာ ဘာကိုကြည့်မှာ



www.burmeseclassic.com

www.burmeseclassic.com



မို့လို့လဲ"

"သေ့ူ . . . သေ့ူလေ . . . သေ့ူ . . . ဒီနေ့ညနေမှာပဲ မိန်းမပြန်ဖြစ်သွားပြီဟ"

သူ့စကားကြောင့် မိထက် ပါးစပ်အဟောင်းသားဖြစ်သွားကာ မျက်လုံးနှစ်ဖက်ကို ပွတ်သပ်ကြည့်သည်။ မိုးချိမ့်အကြောင်းပြောမည်ဆိုလျှင် ချက်ချင်း အားတက်သရော တက်ကြွသွားသည့်သူ့ကို မိထက် သတိပြုမိလိုက်သည်။

"သေ့ူ မိန်းမစိတ်ပြောင်းသွားပြီဟ၊ ဒီကနေ့မှာ မိန်းကလေးတစ်ယောက်လိုပဲ တစ်သက်လုံးနေသွားတော့မှာလို့ ငါ့ကို ကတိပေးလိုက်တယ်၊ နက်ဖြန်မနက်ရှစ်နာရီကျရင် ငါ လက်ဆောင်ပေးထားတဲ့ မိန်းမအဝတ်အစားလေးဝတ်ပြီး ရွှေတိဂုံအရှေ့မုခ်က (၃၁)မှတ်တိုင်မှာ ငါ့ကိုထိုင်စောင့်နေမယ်တဲ့၊ အဲဒါလေးတော့ ငါ့ကို နောက်ဆုံးအနေနဲ့ခွင့်ပြုပါ၊ သူ မိန်းကလေးလိုဝတ်ထားတာလေး ငါကြည့်ပါရစေ . . . မိထက်ရာ"

မိထက် မျက်နှာရိပ်လေးညှို့သွားသည်။ ခဏအတွင်းမှာပဲ ချက်ချင်းပြန်ပြင်သည်။ ဒါကို သူမသိလိုက်ပါ။ မိန်းမကဲ သူအားနည်းသည်လေ။

"ချက်ချင်းကြီး မိသူ စိတ်ပြောင်းသွားတာလား၊ ရိုးရဲ့လား ရဲဝေရယ်၊ မိသူကို နင် ဘာလုပ်လိုက်လို့လဲဟင်"

"အာ . . ငါက ဘာလုပ်ရမှာလဲ၊ သူ့ဘာသာအခြေအနေအဆိုးတစ်ခု ကြောက်စရာကြုံလိုက်ရလို့ ပြောင်းလဲသွားတာ၊ ဒီလို မိထက်ရေ နင့်ကို ငါ ရှင်းပြမယ် . . ."





ကြုံခဲ့သမျှ ဖြစ်ပျက်ခဲ့ပုံအလုံးစုံကို သူသည် မိထက်အား ဆင်ဆာမဖြတ်ဘဲ အကုန်အစင်ပြောပြလိုက်လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

## လွှမ်းပြန် ရစ်ချည်





မာလာဆောင်မှတ်တိုင်အနီး အင်းလျားနှင့်မျက်နှာချင်းဆိုင် ပြည်လမ်းမကြီးနံဘေးမှ သူတို့ မကြာခဏထိုင်တတ်သော လက်ဘက်ရည်ဆိုင်လေးရှေ့မှာ ကက အငှားကားလေးရပ်သွားသည်။ နောက်ခန်းတံခါးတစ်ဘက်ပွင့်လာသည်။ ကတ္တရာလမ်းမထက်သို့ မိထက်၏ခြေထောက်လေးတစ်ဘက် ကျလာသည်။ မိထက် မဆင်းသေးပါ။ နောက်ဆံတင်းနေပုံရ၏။ သူ့ဘက်သို့လှည့်ကာ ယဲ့ယဲ့ပြုံးသည်။

"ကိုးနာရီသာသာထိ ငါ ဒီဆိုင်ကပဲစောင့်နေခဲ့မယ် ရဲဝေ၊ ငါ နင့်ကို စောင့်နိုင်တဲ့အတိုင်းအတာတစ်ခုထိ စောင့်နေပါ့မယ်၊ အချိန်လွန်လို့မှ ငါ့ဆီ နင်ပြန်ရောက်မလာခဲ့ရင်လည်း ငါစိတ်မဆိုးပါဘူး၊ ကျေကျေနပ်နပ်နဲ့ပဲ ခြေဦးတည့်ရာ ငါထွက်သွားပါ့မယ်၊ မိုးချိမ့်သူဟာ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



လိုဝတ်ထားရင် သိပ်လှမယ့်ကောင်မလေးပါ၊ ကဲ. . . သွားတော့ ရဲဝေ”

မိထက်၏မျက်နှာထက်မှာ ညှိုးရိပ်သဲ့သဲ့စွက်လျက် မှော်လင့်ရိပ်ခြည်ယှဲ့ယှဲ့ကို တွေ့လိုက်ရသည်။ တကယ်ဆို ‘ငါပြန်လာမှာပါ. . . နင်သေချာစောင့်နေပါ’ ဆိုသည့် အားဖြည့်စကားလောက်တော့ ပြောသင့်ခဲ့ပါသည်။ ဒါပေမယ့် သူ တစ်ခွန်းမှမပြောခဲ့။ သည်လိုပဲ မိထက်ကို အားနာစွာ ထားရစ်ခဲ့လေသည်။

* * *





“အဲ. . . အဲ. . . ရှေ့နားမှာရပ်ပေးပါ. . . ဟိုမှာ. . . ဟိုမှာလေ. . . ဘတ်စ်တင်းက ထိုင်ခုံမှာထိုင်နေတာတွေ့ပြီ. . . ဒီမှာ. . . ဒီမှာရပ်ပေးပါ”

မှတ်တိုင်နှင့်မျက်စောင်းထိုး၊ ကတ္တရာလမ်းမကြီး၏ တစ်ဘက်မှာ ကားလေးရပ်သွားသည်။ ကားပေါ်မှနေ၍ လမ်းတစ်ဘက်ရှိ ကားမှတ်တိုင်ထိုင်ခုံပေါ်မှာ ဣန္ဒြေရရလေးထိုင်နေသော မိုးချိမ့်ကို သူငေးကြည့်နေမိသည်။ အဖြူရောင်ရင်စေ့လက်ရှည်အကျႌ၊ အောက်နားမှာ ချိတ်အဆင်နှင့် ပေဒါရင့်အမရပူရချည်ထည်ထမီ. . .။ ခြေထောက်ဖွေးဖွေးလေးတွေမှာ အနက်ရောင်ခွာမြင့်ဖိနပ်လေး စီးထားသည်။ မိတ်ကပ်ပါးပါးနှင့် ဖွေးနုညက်သည့်မျက်နှာလေးက ရှင်းသန့်ကြည်ကြည်



www.burmeseclassic.com

www.burmeseclassic.com



ပန်းနုရောင်နှုတ်ခမ်းဆိုးဆေးလေး တင်ထားသည်။ ယောက်ျားကော နက်မှောင်ဆံပင်တွေထက်မှာ နှင်းဆီပန်းသေးသေးလေးတစ်ပွင့် ထိုးစိုက်လျက်. . .။ ကြည့်ရင်းနှင့် သူ့ရင်တွေ ဘာ့ကြောင့်များလှိုက်ခုန်လာသည်မသိ. . .။ မိုးချိမ့်ရယ် ငါက နင့်ကို ဒီလိုပုံစံလေးနဲ့ပဲ မြင်ချင်ခဲ့တဲ့ကောင်ပါ. . .။ သူသည် တဒင်္ဂ၌ အရာအားလုံးကို မေ့နေမိလေသည်။

လမ်းမ၏ဟိုဘက်ရပ်ထားသော ကားပေါ်မှ သူကြည့်နေခြင်းကို မိုးချိမ့်သူသိပါသည်။ ရှက်နေသောကောင်မလေးသည် မျက်လွှာချလျက်ထိုင်နေ၏။ မိုးချိမ့်သူရင်တွေ ခုန်လှုပ်နေမည်ကိုလည်း သူသိနေသည်။ မိုးချိမ့်သူ၏မျက်နှာလေး အသာမော့်လာသည်။ သူရှိရာကို လှမ်းကြည့်သည်။ ပြီးတော့ မိုးချိမ့်သူ ထိုင်ရာမှထလိုက်ကာ ဘုရားဘက်သို့ ရွှေ့ရွှေ့လေးလှမ်း၍ထွက်သွားသည်။ ခွာမြင့် ဖိနပ်ကိုစီးထား၍လားမသိ။ ပြည့်ဝန်းသောအလှတရားကိုမြင်တော့ သူ့ကိုယ်သူရှက်မိကာ မျက်နှာလွှဲဖယ်လိုက်မိ၏။

ကားဆရာကို 'ခဏစောင့်ပါ' ဟု လက်ဟန်နှင့်ပြလိုက်ပြီး သူ ကားပေါ်မှဆင်းမိလိုက်သည်။ သူ့ခြေလှမ်းတွေသည် မိုးချိမ့်သူ၏နောက်သို့ မခိုင်းစေဘဲ အလိုလိုလိုက်သွားမိလေသည်။ မိုးချိမ့်သူသည် မိန်းကလေးတစ်ယောက်လှမ်းရွေ့ပုံနှင့်တော့ မတူသေး။ ဘာလိုမှန်းတော့မသိ။ နည်းနည်းတော့ထောင့်ထောင့်ကြီးဖြစ်နေသလိုပင်။ နောက်တော့လည်း မိန်းကလေးတစ်ယောက်ပီသစွာ ဆက်ပြီး လျှောက်လှမ်းနိုင်လိမ့်မည်ဟု သူ ယုံကြည်မိလိုက်သည်။

စောင်းတန်းကိုစတက်မည့် လှေကားထစ်တွေအစမှာ မိုးချိမ့်သူ ရပ်သည်။ ခန္ဓာကိုယ်ကို ယို့ယို့င့်ကိုင်းကာ သူမ၏ခွာမြင့်ဖိနပ်လေးကို ချွတ်သည်။ ဖိနပ်လေးကို လက်မှာဆွဲကိုင်လျက် သူရှိရာလှည့်ကြည့်သည်။ သူနှင့်မိုးချိမ့်သူသည် ခြေလှမ်းတစ်ရာစာလောက်အကွာအဝေးမှာ ရောက်နေသည်။

သူမသည် ဘုရားပေါ်သို့ ယှဉ်တွဲတက်ဖို့ သူ့ကိုစောင့်နေ၏။ သူသည် ရပ်နေရာမှာ သည်အတိုင်းရှိနေဆဲ. . .။ ရပ်မြဲတိုင်းရပ်လျက် သူမကိုပြုံးပြလိုက်သည်။

မိုးချိမ့်သူကို ဆက်တက်သွားဖို့ သူက လက်ဟန်နှင့်ပြလိုက်သည်။ သူမ ခေါင်းညိတ်ပြမပြကို သူမသိပါ။ မိုးချိမ့်သူသည် လှေကားထစ်များပေါ်သို့ ရွှေ့ရွှေ့တက်လှမ်းသွား၏။ တစ်ထစ်ချင်း နင်းရွှေ့တက်လှမ်းသွားသော သူမကို သူသည် ငေးရပ်လျက်ကြည့်နေမိလေသည်။

"မင်းကို ငါ နှုတ်ဆက်လိုက်တယ် သေူ၊ အချိန်ကြာလာတာနဲ့ အမျှ လောကကြီးဟာ မင်းအတွက် နေသားကျသွားမှာပါ"

ရင်ထဲမှာပဲ သည်စကားကို ပြောမိလိုက်သည်။

သူ ချာကနဲလှည့်ထွက်ခဲ့၏။ ကားရှိရာသို့ သူ ပြန်လာခဲ့သည်။ လက်ဘက်ရည်ဆိုင်မှာ မိထက် စောင့်နေရှာရော့မည်။

ရင်ထဲမှာ ခါတိုင်းလိုမဟုတ်သည်ကို သူ သတိထားမိသည်။

တစ်စုံတစ်ရာသည် ရင်ထဲမှ ဆွဲထုတ်ယူသွားသည်လား၊ ရင်ထဲသို့ရောက်ရှိလာခဲ့သည်လား တိတိပပ သူမပြောနိုင်ပါချေ. . .။

■






www.burmeseclassic.com

www.burmeseclassic.com



# နိဂုံး





နာရီစက်မောင်းတံတို့၏ခြေထောက်တွေသည် နှစ်သက္ကရာဇ် လေးခုကို လျှောက်လှမ်းခဲ့ပြီးနောက် . . .



www.burmeseclassic.com

www.burmeseclassic.com



သည်နေ့မှာတော့ နိုးထချိန်ကတည်းက နေခြည်ကိုမမြင်ရသေး။ မှိုင်းညို့ကောင်းကင်ပြင်သည် မီးခိုးနုရောင်လိမ်းခြယ်ထားသည်။ ဟာဒ်ရွက်တွေက ဝါသွေးရည်သန်းကာ ကျိုးကျဲစ. . .။ ဆောင်းနိဒါန်းသစ်လေပြေသွေးသည် ဝတ်စုံသစ်နှင့်ဝါးရွက်တွေကို လက်လွှဲခေါ်လေဟုန်စီးစ. . .။ သူသည် စားပွဲရှေ့ပြတင်းမှနေ၍ ပြန့်ဖိတ်အတွေးစတွေကို ဟာဒ်ရွက်တွေ ဝါးရွက်ချွန်တွေပေါ်သို့ ကူးသွဲ့ယှက်ခုန်နေမိလေသည်။ မျက်နှာသစ်ပြီးစကတည်းက စားပွဲမှာထိုင်နေမိသော်လည်း စာတစ်ကြောင်း မရေးဖွဲ့ဖြစ်သေး။ ဖွာရှိုက်နေသော်လည်း မီးသေဆေးပေါ့လိပ်ကို ဘယ်နှခါ မီးညှိမိမှန်းပင် သူ့ကိုယ်သူမသိ။ နံဘေးမှထိုင်ရင်းမီးပူတိုက်နေသော မိထက်သည် သူ့ကို မကြာခဏ ငေးစိုက်ကြည့်နေမိ





ရာမှ မဝံ့မရဲစကားဆိုသည်။

"စာရေးမလို့ ကီယူနေတာလား ရဲဝေ"

"ဟုတ်တယ်. . . ဈာန်မဝင်ဘူးဖြစ်နေတယ်၊ မရေးလို့လည်း မဖြစ်ဘူး၊ ငါ သားကိုလွမ်းတယ်"

မိထက် သက်ပြင်းချသည်။ အိမ်ထောင်သက်ပင် လေးနှစ်စွန်းခဲ့ပြီ။ သူနှင့်အိမ်ထောင်ကျပြီးချိန်မှစ၍ မိထက်သည် အရာရာမှာ လျှော့ထားပြီးဖြစ်သည်။ ဘယ်ကိစ္စကိုမှ သူ့ကို ရှေ့လမ်းလည်းမကြောင်းရဲ၊ ဖိအားလည်းမပေးရဲ၊ စောဒကလည်းမတက်ရဲခဲ့ပါ။

"ရေးနိုင်ရင်တော့ကောင်းတာပေါ့၊ မိထက်လည်း သားကို လွမ်းလှပြီ"

သူတို့အိမ်ထောင်ကျပြီး တစ်နှစ်နှင့်ခုနစ်လကျော်မှ သားကိုရသည်။ သားပင် နှစ်နှစ်နှင့်ငါးလအရွယ်ရနေပြီ၊ သားက စကားကြွယ်တော့ အဘိုးအဘွားတွေ အသည်းစွဲဖြစ်သည်။ မိထက်အဖေက အသက်ခြောက်ဆယ့်ငါးရှိပြီဖြစ်သော်လည်း ပင်စင်မယူသေးဘဲ ဝန်ထမ်းဘဝကို ဖက်တွယ်ရှင်သန်နေဆဲ။ ရန်ကုန်မှနေ၍ ကျောက်ဆည်သို့ တာဝန်နှင့်ပြောင်းရွှေ့သွားသည်ကပင် သုံးနှစ်ကျော်ခဲ့ပြီ။ ပြီးခဲ့သည့်လက ရန်ကုန်လာရင်း အဘိုးနှင့်အဘွားက သူ့မြေးကို ကျောက်ဆည်ခေါ်သွားသည်။ တစ်လပင်ပြည့်တော့မည်။ သူတို့သွားမခေါ်မချင်း သားကို ပြန်ပို့ပေးဖို့ စဉ်းစားလိမ့်မည်မဟုတ်သေး။

"မနေ့က ငါနဲ့ဖုန်းပြောတော့ သားက တော်တော်လည်နေပြီတဲ့၊ သား ဘိုးဘိုးတို့နဲ့နေရတာ ပျော်တယ်. . . တဲ့၊ ဒါပေမယ့် သားမေမေ့ဖေဖေ အရက်တွေပိုသောက်နေမှာလည်းစိုးတယ်. . . တဲ့၊ ငါတော့ ဘာ

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လို့လဲသားရာလို့ပြောတော့ သားရှိတော့ ဖေဖေက သားကိုချစ်တော့ သားဝမ်းနည်းမှာစိုးလို့ ပိစိညှောင့်တောင့်လေးပဲသောက်တာလေ. . . တဲ့၊ ဒါတောင် ဆေးလိပ်ဝယ်ဆိုပြီး ဖေဖေ အမြန်ခိုးထွက်သောက်တာ . . . တဲ့၊ အဲလိုချစ်တဲ့သူရှိရင် အရက်မသောက်ဘူးတဲ့၊ နင်နဲ့ပြောတော့ရော သားက ဘာပြောလိုက်လို့ နင် မျက်ရည်ကျရတာလဲ မိထက်"

မိထက် သက်ပြင်းချသည်။ သူ့ခမြာ မပြောသာ၍သာ။ ခမြာလည်း သားကိုလွမ်းနေမည်က အသေအချာ။ မိထက် မပြောချင်ပြောချင်နှင့် ဖွင့်ဟသည်။

"သား စဉ်းစားကြည့်နေတာ. . . တဲ့၊ မေမေပြောဖူးတယ်လေ . . . တဲ့၊ နင့်အဖေက ငါ့ကိုမချစ်ဘဲနဲ့ ယူထားတာဆို. . . တဲ့၊ အဲလို မချစ်ဘဲနဲ့ ယူရင်ရော သားလို ကလေးလေးမွေးလို့ရလား မေမေတဲ့၊ အဲဒါပါပဲ. . ရဲဝေ"

သည်တစ်ခါ နှုတ်ဆိတ်ငြိမ်ကျသွားသူမှာ သူဖြစ်သည်။ လိုက်လျောညီထွေဖြစ်စေမည့် တုံ့ပြန်စကားက မရှိလေတော့ ဆေးပေါ့လိပ်ကိုသာ အားရပါးရရှိုက်ဖွာမိလိုက်သည်။ ဘာလိုလိုနှင့် လေးနှစ်ကျော်ဆိုသည့် ကာလတစ်ခုမှာပင် သူသည် စာရေးခြင်းအလုပ်နှင့် အသက်မွေးဝမ်းကျောင်းပြု၍ရနေပြီ။ နာမည်ကြီးစာရေးဆရာမဟုတ်သေးသည့်တိုင် နာမည်ရစာရေးဆရာ ဖြစ်နေပြီ။

"ငါလည်း ဒီကနေ့စာစ,ရေးဖို့ အားယူနေတာပါ။"

"အယ်. . . ဝမ်းသာလိုက်တာ၊ ရဲဝေ. . . နင် တကယ်ပြောတာနော်၊ အယ်. . . ကောင်းတယ် ရဲဝေ၊ တစ်အုပ်ကို နင် တကယ်ရေးရင် ခုနစ်ရက်ရှစ်ရက်ပါပဲဟာ"





ပြတင်းမှ ငေးမျှော်ကြည့်နေသော သူ့မျက်ဝန်းတွေထဲမှာ ထုသိပ်မိုးသားအုံ့အုံ့နှင့် ကောင်းကင်ချပ်ကြီးရှိနေသည်။ ဖွဲ့ဖွဲ့သိပ်သိပ် တိမ်ထုဝေ့ဖွဲ့ပေါ်မှာတော့ ဘတ်စ်တင်းအောက်ခုံတန်းပေါ်မှ အဖြူရောင်လက်ရှည်အင်္ကျီနှင့် နှင်းဆီပန်းသေးသေးလေးပန်ထားသည့် ကြွေအပြည့် ကျက်သရေတင့်တယ်စွာထိုင်နေသည့် ကောင်မလေးတစ်ယောက်ရှိနေသည်။

"ညတစ်ညမှာတော့ အရာအားလုံးကို ရရှိလိုက်ပြီဆိုပြီး ဟောဒီရင်ဘတ်ကြီးထဲမှာ အပြည့်ထည့် ရင်ခုန်ပျော်မွေ့ခဲ့မိတယ်၊ အိပ်မက်တစ်ခုလိုပါပဲ၊ နံနက်ခင်းထိ အဲဒီအိပ်မက်ကြီးထဲမှာပဲ နှစ်မက်ပျော်ရွှင်မျှောပါနေတုန်းပါပဲ၊ အိပ်မက်ကနိုးသွားတဲ့အခါမှာတော့ အရာအားလုံးကို ဆုံးရှုံးလိုက်ရပြီလို့သိခဲ့ရတယ်၊ ဘာပဲဖြစ်ဖြစ် အိပ်မက်ကလေးကို ကျေးဇူးတင်ပါတယ်. . . တဲ့၊ နင်မှတ်မိလား မိထက်၊ ငါတို့ မင်္ဂလာဆွမ်းကပ်တုန်းက အဲဒီစကားကို ဘယ်သူပြောခဲ့တာလဲဆိုတာ"

"ငါဘယ်မေ့ပါ့မလဲ ရဲဝေ၊ အဲဒါဟာ မိုးချိမ့်ပြောခဲ့တဲ့စကားလေ"

"အဲဒီအကြောင်းကို ငါရေးမလို့ပါ၊ ရေးဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့တိုင်း ဘယ်လိုမှရေးလို့မရခဲ့ဘူး၊ အခုတော့ သားကိုသွားခေါ်ဖို့ ငွေကလိုလာပြီ၊ လူကြီးတွေကိုလည်း ကန်တော့ချင်တယ်၊ ဒီအကြောင်းကို ငါ ကြိုးစားပြီး ရအောင်ရေးရတော့မှာပဲ မိထက်ရယ်"

မိထက်မျက်ဝန်းမှာ မျက်ရည်စတွေဝေ့တက်လာသည်ကို တွေ့နေရသည်။ အပြင်မှာလည်း ဟိုးတုန်းကလိုပါပဲ၊ မိုးစက်ပွင့်တွေကို ကောင်းကင်ရင်ဘတ်ကြီးက ခပ်ကျဲကျဲ အန်ထုတ်ချနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောရမယ်ဆိုရင်တော့ ငါ့အတွက် မိန်းမဖြစ်သွားတဲ့ မိန်းမနှစ်ယောက်အကြောင်းပေါ့. . .။ တစ်ယောက်က ယောကျ်ားလျာကနေ မိန်းမဖြစ်သွားတယ်၊ တစ်ယောက်ကတော့ ငါ့ရဲ့မိန်းမဖြစ်သွားတာလေ၊ ခေါင်းစဉ်ကို 'ယောက်-ပျား' လို့ စဉ်းစားထားတယ်"

"ယောက်ပြား. . . အယ်. . . နည်းနည်းများ ညစ်ယုတ်မနေဘူးလား"

"သဝေထိုးယပက်လက်ရေးကသတ်၊ ယောက်. . . ဒက်ချ်-ပစောက်ရပင့်ရေးချ. . . ဝတ်ဆံနှစ်လုံးပေါက်-ပျားလေ. . .၊ ယောက်-ပျားပေါ့၊ ရပင့်နဲ့ပျားတာ၊ ရွှေတိဂုံဘုရားစောင်းတန်းလှေကားထစ်တွေနဲ့ အင်းလျားနဲ့ မျက်နှာချင်းဆိုင် လက်ဘက်ရည်ဆိုင်လေးကြားမှာ ယောက်ယက်ခတ်ခဲ့ရတဲ့ ပျားကလေးတစ်ကောင် ရှိခဲ့ဖူးတယ်လေ. . .။ ဘယ်နေရာက စရေးရင်ကောင်းမလဲ မိထက်"

မိထက် စဉ်းစားနေသည်။ ပြီးတော့ မဝံ့မရဲ အကြံပြုသည်။

"ဟိုလေ. . . နင် ငါ့ကို သေ့အတွက် မိန်းမအဝတ်အစား ဝယ်ခိုင်းတဲ့နေရာက စရေးကြည့်ပါလား"

သူ့မျက်နှာကြည်သွားသည်။ ပြီးတော့ မိထက်ကိုကြည့်သည်။ ဆိုင်နေသောမျက်ဝန်းကြည့်နှစ်ခုကြားမှာ ယောကျ်ားကော၊ တီရှပ်ပွပွ၊ ဘောင်းဘီကွာတနှင့် ယောကျ်ားလျာကောင်မလေးတစ်ယောက် ရောက်လာ၏။

"ငါတို့ အဲဒီတုန်းကစကားတွေ ပြန်ပြောကြည့်ကြရအောင်၊ ငါက ဘရာစီယာတစ်ထည်ဆိုပြီး စပြောလိုက်တော့လေ"

"ဘရာစီယာ တစ်ထည်. . ."





"ဘာရယ်. . . ဘရာစီယာတစ်ထည် ဟုတ်လား"

"လန့်လိုက်တာ မိထက်ရာ၊ ဒါ အော်စရာလားဟ"

"ဩ. . . နင်ပြောတော့ လုံချည်အင်္ကျီတစ်စုံစာ ငါဝယ်ပေးရမှာဆို၊ ဒါဆို ဘရာစီယာရောပါတာပေါ့"

"အကုန်ပါတယ်ဟာ. . . အတွင်းခံစကပ်ရော၊ ဒေါက်ဖိနပ်အထိ အကုန်လုံး ခြေဆုံးခေါင်းဆုံးပဲ"

"အေးလေ. . . ထားပါတော့. . . ဘရာစီယာ ဘာအရောင်လဲ"

"ငြိမ်းချမ်းရေး. . . အပြာရောင်"

"မှတ်ထား. . . ဘရာစီယာဆိုတာ အပြာရောင်မရှိဘူး"

". . . . . . . . ."

"ဆိုဒ် size က. . ."

"နေဦး. . . သာတို့ဖိုး. . . သုံးဆယ့်လေး. . . အဲလောက်ရှိတယ်"

'ဒေါက်' ကနဲအသံ. . .။ မိထက်က ဒေါသနှင့် သူ့ခေါင်းကို ခေါက်ပစ်လိုက်သည်။

"ပြောစမ်း. . . နင် ဘယ်လိုလုပ်သိလဲ ရဲဝေ"

မိထက် စိတ်ဆိုးသွား၏။ ကဲ. . . သူ ဘယ်လိုပြောပြရမှာတဲ့လဲ ကိုယ့်ဆရာရေ. . .။

**နီကိုရဲ**



www.burmeseclassic.com